www.burmeseclassic.com

# သောင်ရဲလင်း

## နဂါးနက်စကား
## မိုးကြိုးသွား

ပ+ဒု
ဇာတ်သိမ်း



BURMESE CLASSIC .com

www.burmeseclassic.com

**စာမူခွင့်ပြုချက်အမှတ်**
၅၀၀၁၅၉၀၆၀၂
**မျက်နှာဖုံးခွင့်ပြုချက်အမှတ်**
၅၀၀၃၆၅၀၆၀၃
**ထုတ်ဝေသည့် ကာလ**
၂၀၀၆ ခုနှစ်၊ စက်တင်ဘာလ
**အကြိမ်**
ပထမအကြိမ်
**အုပ်ရေ**
၅၀၀
**တန်ဖိုး**
၆၀ ကျပ်
**ထုတ်ဝေသူ**
ဦးတင့်လွင် (သော်ကစာပေ)
၆၀၅၊ သုမင်္ဂလာလမ်း၊ မြောက်ဥက္ကလာပ။
**မျက်နှာဖုံးနှင့် အတွင်းပုံနှိပ်**
ဦးခင်မောင်ဝင်း (၀၅၃၉၄)
ပါရမီအော့ဖ်ဆက်
အမှတ်(၅၈၉)၊ ရန်ကြီးအောင်လမ်း၊
ကျောက်ရေတွင်း (၅)ရပ်ကွက်၊
မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။

# အောင်ရဲလင်း

## နဂါးနက်စကား မိုးကြိုးသွား

ပ + ဒု (ဇာတ်သိမ်း)

www.burmeseclassic.com



## အခန်း ( ၁ )

ချမ်းအန်းမြို့ရှိ ဈေးကလေးတစ်ခုမှာ ကျေးငှက်များသာ ရောင်းချသည်။

စားစရာ လှူသုံးကုန်ပစ္စည်းများ လုံးဝ မရောင်းဘဲ ငှက်မျိုးစုံသာ ရောင်းချလေသည်။

ကျဉ်းမြောင်းသော လမ်းဘေး တစ်ဖက်တစ်ချက်တွင် ဆိုင်ခန်းများစွာရှိပြီး ကျေးငှက်ပေါင်းစုံ လှောင်အိမ်ကလေးများဖြင့် ချိတ်ဆွဲထားသည်။

ထိုဆိုင်ခန်းများအနက် ဆိုင်တစ်ဆိုင်မှာ ကျယ်ဝန်းပြီး အခြားဆိုင်များထက် ကျေးငှက် စုံလင်လေသည်။ ဆိုင်မှာ နှစ်ထပ်ဆိုင် ဖြစ်သည်။

ဆိုင်ရှင်မှာ ဆက်ဆံရေး ညံ့သောကြောင့် ဝယ်သူ နည်းပါးသည်။

ဆိုင်ထဲသို့ ဝင်ရောက်သူများ ပြန်ထွက်သောအခါ မည်သည့်ငှက်မျိုးမှ ဝယ်မသွားကြပါ။



www.burmeseclassic.com

www.burmeseclassic.com



ထိုဆိုင်သည် ဟန်ပြသက်သက်သာ ဖွင့်ထားသော လျှို့ဝှက်ထောက်လှမ်းရေးဌာနချုပ်တစ်ခု ဖြစ်သည်။

အရှေး လျှို့ဝှက်သော နေပြည်တော်မှ ထောက်လှမ်းရေးမှူးချုပ်ဆင့်ဆင့်အိဇ်၏ အခြေစိုက်ဌာနတစ်ခု ဖြစ်သည်။

ထိုဆိုင်ထဲသို့ အလွန် လှပချောမောသော အမျိုးသမီး တစ်ယောက် ဝင်လာလေသည်။

သူမသည် ဆိုင်အတွင်း လှည့်ပတ်ကာ ကျေးငှက်မျိုးစုံကို လျှောက်ကြည့်နေလေသည်။

အတန်ကြာသောအခါ ဆိုင်ရှင်လူကြီးအနီး သွားကာ ဆိုင်ရှင်ကို ပြုံးပြပြီး...

'ကျွန်မ ငှက်တစ်ကောင် လိုချင်ပါတယ်ရှင်'

'ဘယ်လိုငှက်လဲ'

'မြေလျှိုးမိုးပျံနိုင်တဲ့ ငှက်'

ဆိုင်ရှင်သည် လေးကန်သော ခြေလှမ်းများဖြင့် ထိုင်ရာမှ ထလျှောက်ပြီး အနောက်ဘက်သို့ လက်ဝှေ့ယမ်းကာ...

'အနောက်ဘက် အခန်းထဲမှာ ရှိတယ်'

ပြောလိုက်ရာ မိန်းကလေး ပြုံးပြီး...

'ကျေးဇူးတင်ပါတယ်ရှင်'

ပြောရင်း လိုက်ကာကို ဖယ်ကာ အနောက်ဘက် အခန်းထဲသို့ ဝင်ရောက်သွားလေသည်။

အနောက်ဘက် အခန်းထဲတွင် မီးရောင်မှိန်မှိန် လင်းနေလေသည်။





ပြတင်းပေါက် လုံးဝ မရှိသော အခန်းကျဉ်းတစ်ခု ဖြစ်သည်။

မိန်းကလေး ပန်းချီကားတစ်ချပ် ရှေ့တွင် ရပ်နေလိုက်သည်။

မိန်းကလေး ပြုံးပြီး ပန်းချီကားပေါင်ကို လက်ဖြင့် စမ်းလိုက်သည်။

'ထပ်'

'ကျွီ ကျွီ'

အသံများ ထွက်လာပြီး ပန်းချီကားကြီးမှာ ရွှေ့လျားသွားလေသည်။ လျှို့ဝှက်တံခါးပေါက်တစ်ခု ထွက်လာလေသည်။

မိန်းကလေး ပြုံးပြီး ထို လျှို့ဝှက်တံခါးပေါက်ထဲ ဝင်သွားလိုက်သည်။

အခန်းငယ်ကလေးတစ်ခုအတွင်း ရောက်သွားလေသည်။

ထိုအခန်းသည် ဝင်ပေါက်တစ်ခုသာ ရှိသည်။

အခန်းထဲ ရောက်သောအခါ အခန်းတံခါး ပိတ်သွားလေသည်။ မိန်းကလေး သက်ပြင်းချလိုက်လေသည်။

ထိုစဉ်...

'ကျွီ'

အသံတစ်ချက် ထွက်ပေါ်လာပြီး မိန်းကလေး ရပ်နေသော အခန်းကြမ်းပြင်အောက်သို့ နိမ့်ဆင်းသွားလေသည်။

တရွေ့ရွေ့ နိမ့်ဆင်းလာရာမှ ရုတ်တရက် ရပ်တန့်သွားလေသည်။

မိန်းကလေးရှေ့မှ တံခါးတစ်ချပ် ပွင့်သွားလေသည်။ ထိုတံခါး ဥမင်လိုဏ်ခေါင်းတစ်ခုကို တွေ့ရလေသည်။



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ထိုဥမင်လိုဏ်ခေါင်း၏ စကြ်ီလမ်းကို ကျောက်ရောင်စုံများ ခင်းထားသည်။

'ဟင်း'

မိန်းကလေး သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ထို့နောက်...

ရောင်စုံကျောက်ပြား ခင်းထားသော လမ်းကလေးအတိုင်း သတိကြီးစွာထားကာ လျှောက်လာလေသည်။

သတိမထား၍ မရပါ။ ထိုလမ်းတွင် ထောင်ချောက်များ ရှိသည်။

ထိုထောင်ချောက်များကို ဖြတ်ကျော်နိုင်ပါမှ သူမ ထွက်ပေါက်ကို တွေ့ရမည် ဖြစ်သည်။

ထိုထွက်ပေါက်ကို ထောက်လှမ်းရေးမှူးချုပ် ဆင့်ဆင့်အီ အသုံးပြုကာ ဝင်ထွက်ခြင်း ဖြစ်သည်။

ထိုအခန်းအား မည်သူမျှ မရောက်မီ ဆင့်ဆင့်အီ အရင် ဝင်ရောက်ကာ မည်သူမျှ မရှိတော့မှ ထွက်သွားတတ်သည်။

ထို့ကြောင့် သူတစ်ယောက်တည်းသာ သိသော လျှို့ဝှက်ထွက်ပေါက် ဖြစ်သည်။

မိန်းကလေး သံမဏိတံခါးကို တွန်းဖွင့်လိုက်ပြီး အပြင်သို့ ထွက်လိုက်လေသည်။

အခန်းတစ်ခုထဲ ရောက်သွားလေသည်။

မိန်းကလေး အခန်းတံခါး ပိတ်လိုက်သည်။

သူမ အခန်းအလယ်ကို လှမ်းကြည့်လိုက်ရာ စူးရှသော အလင်းတန်း သူမမျက်နှာပေါ်သို့ ကျလာသည်။





သူမ မျက်စိကျိန်းသောကြောင့် လက်ဖြင့် ကာထားလိုက်သည်။

'စားပွဲပေါ်မှာ စာရွက်စာတမ်းတွေ ရှိတယ်။ အဲဒါတွေ မင်းဦးနှောက်ထဲ ထည့်လိုက်'

အသံတစ်သံ ထွက်လာသည်။

သူမ စာရွက်စာတမ်းများ ဖတ်ကြည့် လေ့လာလိုက်သည်။ အတန်ကြာသောအခါ ထို စာရွက်စာတမ်းများကို မီးရှို့လိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



စုပန်းမြို့ကလေးသည် မြို့သေးလေးတစ်ခု ဖြစ်သည်။ သို့သော် မြို့ခံလူများ သူတို့မြို့အား နေပြည်တော်တမျှ ပြုပြင်ကာ ဂုဏ်ယူကြသည်။

လမ်းများအား ညီညာဖြောင့်ဖြူးစွာ ဖောက်လုပ်ထားပြီး အိမ်များအား အုတ်ကြွပ်မိုးကာ သပ်ရပ်လှပစွာ ဆောက်ထားသည်။

မင်းလမ်းမကြီးအား ညီညာဖြောင့်ဖြူးစွာ ဖောက်ထားပြီး တစ်ဖက်တစ်ချက်တွင် စားသောက်ဆိုင်၊ အိမ်ဆောက်ပစ္စည်း အရောင်းဆိုင်၊ တည်းခိုခန်း၊ အဝတ်အထည်၊ လယ်ယာသုံးပစ္စည်းများ ရောင်းချသော ဆိုင်ကြီးများ အစီအရီ ရှိသည်။

ထိုအထဲတွင် ရောင်နီဦးစားသောက်ဆိုင်နှင့် တည်းခိုခန်းသည် ဈေးအကြီးဆုံး တည်းခိုခန်း ဖြစ်သည်။ စုပန်းမြို့ကလေးသည် ညနေအချိန်တွင် အစည်ကားဆုံးသောအချိန် ဖြစ်သည်။

သို့သော်...

ယခုညနေ လမ်းပေါ်တွင် လူသူတစ်ဦးတစ်ယောက်မျှ မရှိပါ။ အကြောင်းမှာ ထိုနေရာသို့ လူကိုးယောက် အဝတ်အစား ဆင်တူ၊ ဆံပင်နီနီ၊ အဝါရောင်ဝတ်စုံ၊ နားတွင် ကြီးမားသော နားကွင်းကြီးများ ဆွဲထားကြသည့် လူကိုးဦး ရောက်လာသောကြောင့် ဖြစ်သည်။

နီရဲကာ ရှည်လျားသော ဆံပင်များကို ဖားလျားချထားပြီး မျက်နှာမှာ ဖြူဖွေးနေလေသည်။ သူတို့အား မြင်ရသူမှာ လူသေများ လမ်းလျှောက်နေသလို မြင်ရသည်။

သူတို့၏ မျက်လုံးများ မျက်တောင်မခတ်၊ မည်သည့်အရာမျှ မမြင်သလို လေးကန်သော ခြေလှမ်းများဖြင့် တောင့်တောင့်ကြီး ခရီး





လျှားနေလေသည်။ လမ်းသွားလမ်းလာများ ထိတ်လန့်တကြားဖြစ်ကာ နီးရာဆိုင်အတွင်း ပြေးဝင်ပုန်းကြလေသည်။

ထိုအကြောင်းကြောင့် မင်းလမ်းတွင် လူတစ်ယောက်မျှ မရှိပါ။ ဆူညံနေသော အသံများ တိတ်ဆိတ်သွားလေသည်။ လမ်းပေါ်တွင် လူထူးလူဆန်းကိုးယောက်မှ လွဲကာ မည်သူမျှ မရှိပ်။

ထို လူထူးလူဆန်းကိုးယောက်သည် မင်းလမ်းအဆုံး ရောက်သောအခါ အဆောက်အအုံတစ်ခုရှေ့တွင် ရုတ်တရက် ရပ်လိုက်သည်။

ထိုအဆောက်အအုံရှေ့တွင် အလံတိုင်တစ်ခု ရှိသည်။ ထို အလံတိုင်အောက်တွင် မီးပုံးခြောက်လုံး ရှိသည်။ ထို မီးပုံးများတွင်...

'ရောင်နီဦး'

တည်းခိုခန်းအမည် ရေးထားသည်။ လူထူးလူဆန်းများ ထိုအမည်ကို ကြည့်လိုက်သည်။

ထို့စဉ်...

လေပြင်းတစ်ချက် တိုက်ခတ်သောကြောင့် မီးပုံးများ လှုပ်ယမ်းသွားလေသည်။ ထိုတည်းခိုခန်းရှေ့တွင် ကိုးယောက်စလုံး ရပ်နေကြ၏။

အမူအရာကင်းသော၊ အေးစက်သောအကြည့်များ တည်းခိုခန်းကို စူးရှစွာ ကြည့်နေလေသည်။ အတန်ကြာသောအခါ လူထူးလူဆန်းကိုးယောက်ထဲမှ ခေါင်းဆောင်ဖြစ်ဟန်တူသော လူကြီးက သူ့နားမှ နားကွင်းကို ဖြုတ်ယူလိုက်သည်။

ထို့နောက် လက်တစ်ဖက် ဝှေ့ယမ်းကာ လက်ကောက်အရွယ်ရှိ နားကွင်းမှာ ငွေယုကို ဖြတ်ကာ တည်းခိုခန်းနံရံကို အရှိန်ပြင်းစွာ ဝင်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဗိုး'

'ဒေါက်'

အသံနှင့်အတူ နားကွင်းမှ မီးပွင့်များထွက်ကာ နံရံတွင် စိုက်ဝင်နေလေသည်။ ထိုလူက သူ၏ ညာဘက်ရှိ တစ်ယောက်ကို ကြည့်လိုက်သည်။ ထိုလူက ဦးခေါင်းညိတ်ပြလိုက်သည်။

ခေါင်းညိတ်လိုက်သောလူက သူ့ခေါင်းမှ ရှည်လျားသော ဆံပင်တချို့ကို ဖြတ်ယူကာ နံရံတွင် စိုက်ဝင်နေသော နားကွင်းတွင် ချည်ထားလိုက်သည်။

မင်းလမ်းမှ လူထူးလူဆန်းကိုးယောက် ထွက်ခွာသွားလေသည်။

○ ✦ ○



BURMESE CLASSIC .com

## အခန်း ( ၂ )

စပန်းမြို့ မင်းလမ်းမှ လူထူးလူဆန်းကိုးယောက် ထွက်ခွာသွားပြီ ဖြစ်သော်လည်း မည်သူမျှ လမ်းမပေါ်သို့ မထွက်ဝံ့ကြသေးပါ။ ငြိမ်သက်နေဆဲပင်။

ထိုစဉ်...

မင်းလမ်းတစ်ဖက်မှ ဆူညံသော မြင်းခွာသံများ ထွက်ပေါ်လာလေသည်။

မကြာပါ မြင်းရစ်ကောင် အားလုံး အဖြူရောင် ဖြစ်သည်။ ထိုအဖြူရောင်မြင်းပေါ်မှ လူများအားလုံး အဖြူရောင်ဝတ်စုံ ဝတ်ထားကြသည်။

ထိုလူများအားလုံး သန်မာထွားကျိုင်းကာ မြင်းစီး ကျွမ်းကျင်ကြသည်။ မြင်းများ မင်းလမ်းအတိုင်း ဝင်လာလေသည်။ မြို့ခံလူများ ထိတ်လန့်သွားကြပြန်သည်။

ထိုမြင်းများ ရောင်နီဦးတည်းခိုခန်းကို ဖြတ်ကျော်သွားကြသည်။ ရောင်နီဦးရှိ မီးပုံးများ လှုပ်ယမ်းသွားကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါက် ဒေါက် ဒေါက် ဒေါက်'

'ဒေါက် ဒေါက် ဒေါက် ဒေါက်'

ဓားမြှောင်ရှစ်ချောင်း အလံတိုင်တွင် စိုက်ဝင်သွားလေသည်။ မြင်းဓားရိုးရှိ အနီရောင်ပဝါများ လေထဲတွင် လှုပ်ယမ်းသွားလေသည်။ မြင်းရှစ်ကောင် ရပ်တန့်ခြင်း မရှိဘဲ ဆက်လက် ထွက်သွားလေသည်။

မြင်းခွာသံများ ဆူညံစွာ ထွက်ပေါ်လာပြီး မကြာပါ တိတ်ဆိတ်သွားလေသည်။ လေတစ်ချက် တိုက်ခတ်လိုက်ရာ ရောင်နီဦးနံရံတွင် စိုက်ဝင်နေသော ရွှေရောင်နားကွင်းမှ ချည်ထားသော ဆံပင်များ လွင့်နေလေသည်။

ထို့အတူ အလံတိုင်တွင် စိုက်ဝင်နေသော ဓားမြှောင်ရှစ်လက်မှ ပဝါနီများလည်း လေထဲတွင် လှုပ်ယမ်းနေလေသည်။

အချိန် တဖြည်းဖြည်း ကုန်ဆုံးလာရာ မိုးချုပ်စပြုလာလေသည်။ ပတ်ဝန်းကျင်တွင် မှောင်စပြုလာလေသည်၊ စုပန်းမြို့ကလေး၏ မင်းလမ်း တိတ်ဆိတ်ငြိမ်သက်ကာ လူခြေတိတ်နေလေသည်။

ဘေးတစ်ဖက်တစ်ချက်ရှိ ဆိုင်ခန်းများ ပိတ်နေပြီ ဖြစ်သည်။ ညလုံးပေါက် ဖွင့်ထားသော စားသောက်ဆိုင်များ ဝင်တံခါး ပိတ်ထားလေသည်။

စုပန်းမြို့ တစ်မြို့လုံး အန္တရာယ် အငွေ့အသက်များ ရရှိသလို တုန်လှုပ်ချောက်ချားနေလေသည်။ ရောင်နီဦးတည်းခိုခန်းတွင် တည်းခိုနေကြသော ဧည့်သည်များ အဆောက်အအုံနံရံတွင် ရွှေနားကွင်း စိုက်ဝင်သည်နှင့် တုန်လှုပ်ချောက်ချားနေသည်။ ယခု ဓားမြှောင်ရှစ်လက်ပါ စိုက်ဝင်သည်နှင့် ကြောက်လန့်တကြား မိမိတို့ ပစ္စည်းများ သိမ်းကာ အလျိုလျို ပြန်သွားကြလေသည်။





ထိုစဉ်...

ခြေသံ တရှပ်ရှပ်နှင့်အတူ လူရိပ်တစ်ရိပ် မင်းလမ်းကြီးမှ ထွက်လာလေသည်။ ထိုလူရိပ်သည် အသက်လေးဆယ်ပတ်ဝန်းကျင်ရှိ လူလတ်ပိုင်းတစ်ယောက် ဖြစ်သည်။

ထိုလူ၏ မျက်ခုံးများ မည်းနက်ထူထဲကာ မျက်လုံးများက အရောင်တောက်ပနေသည်။ နှာတံဖြောင့်စင်းကာ မေးရိုးကား၏။ နှုတ်ခမ်းမှာ ပါးလွှာပြီး နီရဲစိုပြည်နေသည်။

ထိုလူရှယ် ရှည်လျားသော အစိမ်းရောင်အင်္ကျီရှည်ကို ဝတ်ဆင်ထားသည်။ ထိုလူ မင်းလမ်းမအတိုင်း ဖြည်းညင်းစွာ လျှောက်လာလေသည်။

ထိုလူ၏ဟန်မှာ ညဘက် အပျင်းပြေ လမ်းလျှောက်သလို အေးဆေးစွာ လျှောက်နေသည်။

သူ တဖြည်းဖြည်းဖြင့် ရောင်နီဦးတည်းခိုခန်းရှေ့သို့ ရောက်လာလေသည်။ သူ တည်းခိုခန်းရှေ့တွင် ခြေစုံရပ်လိုက်သည်။

ထို့နောက်...

တည်းခိုခန်းနံရံတွင် စိုက်ဝင်နေသော ရွှေနားကွင်းနှင့် အလံတိုင်တွင် စိုက်ဝင်နေသော ဓားမြှောင်ရှစ်လက်ကို တစ်လှည့်စီကြည့်ပြီး တစ်ကိုယ်တည်း ကျေနပ်စွာ ပြုံးလိုက်သည်။

သူ အုတ်နံရံတွင် စိုက်ဝင်နေသော ရွှေနားကွင်းကို ဆွဲနုတ်လိုက်သည်၊ တစ်ဖန် အလံတိုင်ကို လက်ဝါးစောင်းဖြင့် ရိုက်လိုက်သည်။

ထိုအခါ...

အလံတိုင်တွင် စိုက်ဝင်နေသော ဓားမြှောင်ရှစ်လက် မြေပေါ်



www.burmeseclassic.com

www.burmeseclassic.com



ကျလာလေသည်။ သူ လက်တစ်ဖက် လှုပ်ရှားလိုက်ရာ ဓားမြှောင် ရှစ်လက် သူ့လက်ထဲ ရောက်လာသည်။

သူ့လက်ထဲ ရောက်လာသော ရွှေနားကွင်းနှင့် ဓားမြှောင်ရှစ် ချောင်းကို ကြည့်ကာ တည်းခိုခန်းအပေါ် မော့ကြည့်ပြီး...

'ဟော့ အလံတင်လိုက်စမ်း'

ကျယ်လောင်သောအသံဖြင့် အမိန့်ပေးလိုက်လေသည်။ သူ့အသံ အဆုံး ရောင်နီဦးတည်းခိုခန်း ပြတင်းပေါက်တစ်ချပ် ပွင့်လာပြီး လူ့ရိပ် တစ်ရိပ် ခုန်ထွက်လာကာ အလံတိုင်ရှိရာ ခုန်ထွက်ပြီး အလံတင်လိုက် လေသည်။

အလံသည် အဖြူရောင်ဖြစ်ပြီး တြိဂံပုံအလံ ဖြစ်သည်။ အလံ အလယ်တွင် မာန်ဖီနေသော နဂါးတစ်ကောင်ပုံ ရေးထိုးထားသည့်အလံ ဖြစ်သည်။

ထိုအလံကို စုပန်းမြို့သူမြို့သားများ သိပါက ပိုမို တုန်လှုပ်သွား မည် ဖြစ်သည်။ အလံသည် သိုင်းလောကတွင် နာမည်ကျော်ကြားသော ရွှေနဂါးဂိုဏ်း၏အလံ ဖြစ်သည်။

✧ ❂ ✧





ပတ်ဝန်းကျင်တစ်ခုလုံး မည်းမှောင်နေလေသည်။

လကွယ်ည ဖြစ်သောကြောင့် ကောင်းကင်တွင် လရောင်မရှိ။ ကြယ်ရောင်ပင် မရှိပါ။ အမှောင်ထုက စုပန်းတစ်မြို့လုံးကို ဝါးမျိုထား သည်။

အေးစိမ့်သောလေက တဟူးဟူး အသံပေးကာ တိုက်ခတ်နေ သည်။ ထိုလေကြောင့် ရွှေနဂါးအလံသည် အလံတိုင်ထိပ်တွင် တလွင့် လွင့် လူးလွန့်နေသည်။

အလံတိုင်အောက်ရှိ မီးပုံးများမှာလည်း လေထဲတွင် ယိမ်းနွဲ့ လှုပ်ရှားနေသည်။

သို့သော်...

ရောင်နီဦး တည်းခိုခန်းသည် တိတ်ဆိတ် ငြိမ်သက်နေသည်။ မီးရောင်များ ထိန်ထိန်လင်းကာ တစ်မြို့လုံးအမှောင်ကို အန်တုဖက်ပြိုင် နေသည်။

မီးရောင်များ ထိန်ထိန်လင်းနေသော ရောင်နီဦးတည်းခိုခန်း စားသောက်ခန်းမထဲတွင် စားပွဲတစ်လုံးသာ ခင်းထားသည်။ ထို စားပွဲသည် ပြတင်းပေါက်နှင့် နီးကပ်သောနေရာတွင် ခင်းထားပြီး စားပွဲပေါ်တွင် လူတစ်ဆယ့်နှစ်ယောက်စာ စားသောက်ဖွယ်ရာများနှင့် အရက်အိုးများ ခင်းကျင်း ပြင်ဆင်ထားသည်။

ထိုစားပွဲတွင် လူတစ်ဆယ့်နှစ်ယောက်စာ ပြင်ထားသော်လည်း လူတစ်ယောက်သာ ထိုင်နေသည်။ ထိုလူသည် အပြာရောင် ပိုးအင်္ကျီကို သပ်ရပ်စွာ ဝတ်ဆင်ထားပြီး ညစာကို အေးဆေးစွာ စားသောက်နေ သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူ၏ အပြာရောင်အင်္ကျီ ရင်ဘတ်နေရာတွင် နဂါးတစ်ကောင် ရုပ်ပုံကို ရွှေချည်ဖြင့် ထိုးထားသည်။

ထိုလူ၏ အမူအရာ အလွန် တည်ငြိမ်အေးဆေးသည်။ တစ်လောကလုံးတွင် သူတစ်ယောက်တည်း ရှိသကဲ့သို့ ညစာကို အေးဆေးစွာ စားသောက်နေသည်။

အတန်ကြာသောအခါ သူတစ်ယောက်တည်း ပြုံးလိုက်ပြီး...

'အပြင်မှာ အေးပါတယ်။ ကျုပ်နဲ့အတူ ညစာ လာစားပါ'

ပြောလိုက်ရာ ထိုလူစကားအဆုံး ပြတင်းပေါက်မှ လူရိပ်တစ်ရိပ် အခန်းထဲသို့ ပေါ့ပါးသွက်လက်စွာ ရောက်လာလေသည်။

ထိုအရိပ် လေထဲတွင် ဝါဂွမ်းလေးတစ်ခု လွင့်လာသလို ရောက်လာသည်။ အပြာရောင်ဝတ်စုံရှင် ပြတင်းပေါက်မှ ဝင်ရောက်လာသူကို လှည့်မကြည့်ပါ။

ပြတင်းပေါက်မှ ဝင်လာသောလူသည် အပြာရောင်ဝတ်စုံရှင် စားသောက်နေသည်ကို တစ်ချက်ကြည့်ပြီး...

'ဟား ဟား ဟား ဟား'

'ဟီး ဟီး ဟီး'

ဆိုးရွားသောအသံဖြင့် ခေါင်းကို နောက်လှန်ကာ ရယ်မောနေလေသည်။ ထိုလူ ရယ်မောနေစဉ် နားတွင် ချိတ်ဆွဲထားသော နားကွင်းများ တစ်ကွင်းနှင့်တစ်ကွင်းထိကာ တချွင်ချွင် အသံမြည်နေသည်။

ထိုလူသည် အနီရောင်ဝတ်စုံ ဝတ်ဆင်ထားသည်။ သူ့မျက်နှာမှာ လူသေကောင်ကဲ့သို့ ဖြူဖွေးနေလေသည်။

ဆံပင်မှာ ရှည်လျားသောကြောင့် ခါးထိ ရှိနေသည်။ အနီရောင်





ဆံပင်များကို ဖားလျားချထားသည်။ မျက်လုံးမှာ နီရဲတောက်ပြောင်နေသည်။

ထိုလူသည် မကောင်းဆိုးဝါးအသံဖြင့် ရယ်မောပြီး စားပွဲတွင် ဝင်ထိုင်ကာ အရက်အိုးကို ယူသောက်လိုက်သည်။

အတန်ကြာမှ အရက်အိုးကို ပြန်ချပြီး နှုတ်ခမ်းကို လက်ဖြင့် သုတ်လိုက်သည်။

အပြာရောင်ဝတ်စုံရှင် ကျေနပ်စွာ ပြုံးလိုက်ပြီး ရွှေနားကွင်း ဝတ်ထားသူကို လှည့်မကြည့်ဘဲ...

'အဲဒီအထဲမှာ အဆိပ်မရှိဘူးလို့ မပြောနိုင်ဘူး'

ပြောလိုက်သည်။

အပြာရောင်ဝတ်စုံရှင် စကားကြောင့် ရွှေနားကွင်းဝတ် ရယ်မောပြီး...

'ကျုပ်တို့ကိစ္စ မပြီးသေးခင် အဆိပ်ခတ်မယ် မထင်ဘူး။ ပြီးရင်တော့ ခင်ဗျားတိုက်တာ ကျုပ် ဘယ်သောက်မလဲ'

အပြာရောင်ဝတ်စုံရှင် စားလက်စ တူနှစ်လက်ကို ပန်းကန်ပေါ်တင်ပြီး ရွှေနားကွင်းဝတ်ကို လှည့်ကြည့်ကာ...

'ကျုပ် လိမ်ညာခေါ်တယ်လို့ မထင်ဘူးလား'

ထိုစကား ကြားသောအခါ ရွှေနားကွင်းဝတ်က ရယ်မောပြီး သူ့ကို လှည့်ကြည့်ကာ...

'ရွှေနဂါးဂိုဏ်းနဲ့ ဆက်ဆံရင် ကိုယ့်ဘက်က အစစအရာရာ ပြင်ဆင်ရမယ်ဆိုတာ သိုင်းလောကသားတိုင်း သိပါတယ်။ အထူးသဖြင့် ဂိုဏ်းခွဲမှူး အားစန်နဲ့ ဆက်ဆံရင် ပိုသတိထားရမယ်လေ'



www.burmeseclassic.com

www.burmeseclassic.com



ရွှေနားကွင်းဝတ် စကားကြောင့် အပြာရောင်ဝတ်စုံရှင် ကျေနပ်စွာ ပြုံးလိုက်ရင်း…

'ကျုပ်နာမည် အားစန်ပါ'

ရွှေနားကွင်းဝတ် ခေါင်းညိတ်ပြီး…

'ကျုပ်နာမည်က…'

ရွှေနားကွင်းဝတ် စကားမဆုံးပါ။ အပြာရောင်ဝတ်စုံရှင်က လက်ကာပြပြီး…

'ခင်ဗျားရဲ့ ဘယ်ဘက်နားမှာ ရွှေနားကွင်းသုံးကွင်းရှိတာ သိရတော့ ခင်ဗျားက ရွှေနားကွင်းဂိုဏ်းချုပ် လုရှောင်ဆိုတာ သိပါတယ်'

အပြာရောင်ဝတ်စုံရှင် အားစန် စကားကြောင့် ရွှေနားကွင်းဂိုဏ်းချုပ် ပြုံးပြီး…

'ကျုပ်နာမည် ဒီလောက် ကြီးသလားဗျာ'

ပြောလိုက်လေသည်။

○ ✦ ○



## အခန်း ( ၃ )

အဝေးမှ မြင်းခွာသံများ ထွက်ပေါ်လာသည်။ အားစန် တစ်ချက် ပြုံးလိုက်ပြီး…

'ဟော မြင်းဖြူရှင် ရောက်လာပြီ ထင်တယ်'

ပြောလိုက်သည်။

သူ့စကားအဆုံး လုရှောင် အလိုမကျဟန်ဖြင့် မျက်မှောင်ကြုတ်လိုက်ပြီး…

'သူက ကန့်လန့်ကန့်လန့် ပါလာပြန်ပြီ'

ပြောရင်း အရက်အိုးကို မ,ကာ မော့သောက်လိုက်သည်။

တိတ်ဆိတ်နေသောကြောင့် မြင်းခွာသံ ပိုကျယ်လောင်လာသည်။ ကျယ်လောင်သော မြင်းခွာသံ ရောင်နီဦးတည်းခိုခန်းရှေ့တွင် ရပ်တန့်သွားလေသည်။

အတန်ကြာသောအခါ ရောင်နီဦး အဝင်ဝတံခါးကြီး ဝုန်းခနဲ အသံနှင့်အတူ ပွင့်သွားကာ လူရိပ်တစ်ရိပ် ထွက်လာသည်။

ထိုလူရိပ်သည် သန်မာထွားကျိုင်းသောလူရိပ် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



လူထွားကြီးသည် အခန်းထဲတွင် ထိုင်နေသော အားစန်နှင့် လုရှောင်တို့ကို တစ်ချက် ဝေ့ကြည့်လိုက်၏။

ထိုလူထွားကြီးသည် လူထွားသော်လည်း ဝတ်စုံမှာ ကျပ်နေသောကြောင့် ရင်ဘတ် ဟ,နေလေသည်။ ဟ,နေသော ရင်ဘတ်နေရာတွင် ရင်ဘတ်မွေးများ ပြည့်နှက်နေလေသည်၊

သူ ရယ်မောရင်း စားပွဲအနီး လျှောက်လာနေသည်။ လုရှောင်သည် လူထွားကြီးကို ကြည့်ကာ...

'မြင်းဖြူရှင်ကတော့ အကွက်ကောင်းတွေ့ရင် အချိန်မှန်နေတာပဲ'

လောင်ပြောင် ပြောလိုက်လေသည်။

မြင်းဖြူရှင် အရေးမလုပ်ပါ။

ခပ်တည်တည်ဖြင့် ဝင်ရောက်ပြီး စားပွဲပေါ်မှ အရက်အိုးကို မ,ယူကာ ခွက်ထဲ ငုံ့ထည့်ပြီး...

'ရွှေနဂါးဂိုဏ်းခွဲမှူး အားစန် ဖိတ်မှတော့ ကျုပ် ဖြစ်တဲ့နည်းနဲ့ လာရတာပေါ့။ ဟား ဟား ဟား၊ ရွှေနဂါးဂိုဏ်းကို သိုင်းလောကက ကြောက်နေရတာကိုးဗျ'

ရိသဲ့သဲ့လေသံဖြင့် ပြန်ပြောလိုက်သည်။

မြင်းဖြူရှင်စကားကို အားစန် မသိဟန်ဆောင်လျက်...

'ကျုပ်နာမည် အားစန်ပါ'

ယဉ်ကျေးသိမ်မွေ့သောအသံဖြင့် ပြောလိုက်သည်။ မြင်းဖြူရှင် မျက်ခုံးပင့်ပြီး...

'ဟုတ်ပြီ။ ကျုပ် မှတ်ထားပါ့မယ် အားစန်'

အားစန် ပြုံးပြီး ခေါင်းညိတ်ကာ...





'ကျုပ်တို့ဟာ သိုင်းလောက ညီအစ်ကိုတွေပါ။ တစ်ယောက်နဲ့တစ်ယောက် ရင်းရင်းနှီးနှီးပေါ့။ ကျုပ်နာမည်ကို ဒါကြောင့် ပြောတာပါ။ အမှန်တော့ နာမည်က အဓိက မဟုတ်ပါဘူး။ အားလုံး မဟာမိတ်ဖြစ်ဖို့က အဓိကပါ'

အားစန် စကားအဆုံး လုရှောင် လက်ခုပ်တီးပြီး ဩဘာပေးလိုက်သည်။

'ခင်ဗျားက စကားပြော အရမ်းကောင်းတယ်ဆိုတာ ယုံပြီဗျာ'

ရိသဲ့သဲ့ ပြောလိုက်သည်။ သို့သော်...

အားစန် မည်သို့မျှ အမူအရာ မပြောင်းဘဲ အရေးမစိုက်ဟန်ဖြင့် စားပွဲကို လက်တစ်ချက် ဝေ့ယမ်းပြပြီး...

'ကဲ ဒါတွေ သုံးဆောင်ကြပါဦး'

မြင်းဖြူရှင် အရက်ခွက်ကို မော့သောက်လိုက်ပြီး အရက် ထပ်ဖြည့်လိုက်သည်။

'ကျုပ်တို့ အချိန်မဖြုန်းသင့်ဘူး ထင်တယ်'

အားစန် လက်ကာပြပြီး...

'ဆံနွှသိပ်မစောပါနဲ့၊ ကျုပ် တစ်ဆယ့်နှစ်ယောက် ဖိတ်ထားတာ။ အခု သုံးယောက်ပဲ ရှိသေးတယ်လေ'

အားစန်စကားကြောင့် မြင်းဖြူရှင်နှင့် ရွှေနားကွင်းတို့ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်လိုက်ကြသည်။

'သုံးယောက် ဟုတ်လား'

အံ့ဩတကြီး မေးလိုက်သည်။

အားစန် ပြုံးပြီး ခေါင်းညိတ်ကာ...



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်ပါတယ်'

အေးအေးဆေးဆေးလေသံဖြင့် ပြောလိုက်သည်။

ရွှေနားကွင်းဂိုဏ်းချုပ် လုရှောင် မျက်မှောင်ကြုတ်ပြီး အားစန်ကို တစ်ချက်ကြည့်ကာ...

'ကျုပ်နဲ့ မြင်းဖြူရှင် နှစ်ယောက်ပဲ ရှိသေးတယ်။ နောက်တစ်ယောက်က ဘယ်မှာလဲ'

မြင်းဖြူရှင်ကလည်း ရယ်မောပြီး...

'နောင်ကြီး အားစန် မူးနေပြီ ထင်တယ်။ ဟား ဟား ဟား'

လှောင်ပြောင် ပြောလိုက်သည်။ ရွှေနဂါးဂိုဏ်းခွဲမှူး အားစန် ပြုံးပြီး...

'ကျုပ် မမူးပါဘူး။ သုံးယောက်ပါ'

'ဟား ဟား ဟား၊ ခင်ဗျား တော်တော် ရယ်စရာ ပြောတယ်။ ကဲ ပြောပါဦး နောက်တစ်ယောက်က ဘယ်မှာလဲ'

အသံဆိုးရွားစွာ ရယ်မောရင်း ပြောလိုက်သည်။

အားစန် အလွန် တည်ငြိမ်အေးဆေးသော လေသံဖြင့်...

'ကျန်းချန်ဖုန်း'

အားစန် စကားအဆုံး သူတို့နှစ်ယောက် အလွန် အံ့သြဟန် ဖြင့်...

'ပထမဓား ကျန်းချန်ဖုန်း ဟုတ်လား'

ပြိုင်တူ မေးလိုက်လေသည်။

✧ ◎ ✧





သိုင်းလောကတွင် ပထမဓားဘွဲ့ရသော သိုင်းသမား များများ မရှိပါ။

ထို ဓားသမားများတွင် ကျန်းချန်ဖုန်းသည် သတ္တမနေရာ ရထားသည်။ ရွှေနဂါးဂိုဏ်းခွဲမှူး အားစန်သည် ရွှေနားကွင်းဂိုဏ်းချုပ်နှင့် မြင်းဖြူရှင်တို့အား ပြုံးပြုံးကြီး ကြည့်လိုက်သည်။

အားစန်အား သူတို့ကလည်း အံ့သြသော အမူအရာဖြင့် ပြန် ကြည့်နေလေသည်။ အားစန် ပြုံးပြီး...

'ဆရာ ကျန်းချန်ဖုန်း၊ အပြင်မှာ အေးပါတယ် အထဲဝင်လာပါ။ ကျုပ်တို့နဲ့ ပျော်ပျော်ပါးပါး စားသောက်ကြရအောင်'

ပြောလိုက်ရာ သူ့စကားအဆုံး ပြတင်းပေါက်မှ ခပ်တိုးတိုးရယ်သံ ထွက်လာပြီး...

'အားစန် ကျုပ် ထင်တာထက်တောင် ပိုပြီး ပါးနပ်တယ်။ ကျုပ် လာမိတာ မှားပြီ ထင်တယ်။ ဟား ဟား ဟား'

အသံ ထွက်လာသည်။

ထို့နောက်...

လူရိပ်တစ်ရိပ် ပြတင်းပေါက်မှ ကျော်ကာ အခန်းထဲ ဝင်လာ လေသည်။ ထိုအဖြစ်ကိုကြည့်ပြီး ရွှေနားကွင်းဂိုဏ်းချုပ်နှင့် မြင်းဖြူရှင်တို့ အမူအရာ ပြောင်းလဲသွားလေသည်။

နောက်ဆုံး...

ထိတ်လန့် အံ့သြ တုန်လှုပ်သွားလေသည်။

သို့သော်...

သူတို့ ချက်ချင်း အမူအရာ ပြောင်းလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



'နောင်ကြီးကျန်းကို ကြိုဆိုပါတယ်'

ရွှေနားကွင်းဂိုဏ်းချုပ် လုရှောင် ထိုင်ရာမှထကာ နှုတ်ဆက်လိုက်သည်။

မြင်းဖြူရှင်ကလည်း အရက်ခွက် မြှောက်ကာ...

'အစ်ကိုကြီးကို ကြိုဆိုပါတယ်'

ပြောလိုက်သည်။ ပြတင်းပေါက်မှ ခုန်ဝင်လာသူသည် သူတို့အားလှည့်မကြည့်ဘဲ နာခေါင်းရှုံ့ကာ...

'မြေခွေးနံ့ ဝံပုလွေအနံ့ ရတယ်ဗျ'

တစ်ယောက်တည်း ပြောလိုက်သည်။ သူ့စကားကြောင့် ရွှေနားကွင်းဂိုဏ်းချုပ် လုရှောင်နှင့် မြင်းဖြူရှင်တို့ မျက်နှာတစ်ချက် ပျက်သွားပြီး ချက်ချင်း ဟန်ဆောင်လိုက်ကြသည်။

အားစန် အရက်ကို မော့သောက်ပြီး ကျန်းချန်ဖုန်းကို လှမ်းကြည့်လိုက်သည်။

ကျန်းချန်ဖုန်းသည် ဖြူဖွေးသော အဝတ်အစားကို ဝတ်ဆင်ထားသည်။

သူ့ ဆံပင်ကို သပ်ရပ်စွာ ဖြီးသင်ပြီး အဖြူရောင်ကြိုးဖြင့် ချည်နှောင်ထားသည်။ ဖြူဖွေးသောဝတ်စုံကို ခါးတွင် နီရဲသော ပိုးပဝါဖြင့် ချည်ထားသည်။

ထို အနီရောင် ခါးစည်းကြိုးတွင် အရောင်တဖိတ်ဖိတ် လက်နေသော ဓားကို ဓားအိမ်မပါဘဲ ထိုးထားသည်။

သူ အလွန် အသန့်ကြိုက်သူ ဖြစ်သည်။ အားစန် တစ်ချက်ပြုံးလိုက်ပြီး လက်တစ်ဖက် ဝှေ့ယမ်းကာ ဖိတ်ခေါ်လိုက်သည်။





'လာပါ ကျုပ်တို့နဲ့အတူ တစ်ခါတည်း ဝင်ပြီး သုံးဆောင်လိုက်ပါဦး'

ကျန်းချန်ဖုန်း စားပွဲတွင် ဝင်ထိုင်လိုက်ပြီး...

'ကျုပ်က အစားထက် အလုပ်ကို စိတ်ဝင်စားတယ်'

ပြောလိုက်ရာ အားစန် ပြုံးပြီး...

'ကျုပ်ကလဲ အလုပ်ကိစ္စ အရင်လုပ်ချင်ပါတယ်'

ကျန်းချန်ဖုန်း နှုတ်ခမ်းတွန့်၍ ခပ်မဲ့မဲ့ ပြုံးလိုက်ပြီး...

'ဒါဆို ဘာကြောင့် မစသေးတာလဲ'

အားစန်သည် ထိုင်နေသော ရွှေနားကွင်းဂိုဏ်းချုပ် လုရှောင်၊ မြင်းဖြူရှင်နှင့် ကျန်းချန်ဖုန်းတို့ကို ငေးကြည့်ပြီး...

'လူမစုံသေးလို့'

ကျန်းချန်ဖုန်း မျက်နှာမဲ့လိုက်ပြီး...

'ကျုပ်က အချိန်မလေးစားရင် မုန်းတယ်'

ကျန်းချန်ဖုန်း စကားအဆုံး ရွှေနားကွင်း လုရှောင်က ပြုံးပြီး...

'ဘယ်သူတွေ လာဖို့ ကျန်သေးလဲ'

အားစန် အရက်ကို အေးဆေးစွာ သောက်ရင်း ပြုံးကာ...

'ကျုပ်တို့ ရွှေနဂါးဂိုဏ်းက ဖိတ်စာ တစ်ဆယ့်နှစ်စောင် ပို့ထားတယ်။ အခု ခင်ဗျားတို့သုံးယောက်ပဲ လာသေးတယ်။ ဒါကြောင့် ကျန်တဲ့ ကိုးယောက်ကို ခဏစောင့်လိုက်ပါ'

'ကျုပ်တို့ ခြောက်ယောက်ပဲ စောင့်ရမယ်'

ရွှေနားကွင်းဂိုဏ်းချုပ် စကားကြောင့် အားစန် မျက်မှောင်ကြုတ်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



'ဘာဖြစ်လို့လဲ'

'ကျုန်တဲ့သုံးယောက်က လာနိုင်မှာ မဟုတ်ဘူး'

'သူတို့ မလာနိုင်ဘူးလို့ ဘာကြောင့် ပြောတာလဲ'

ရွှေနားကွင်းဂိုဏ်းချုပ် အရက်ကို မော့သောက်ပြီး အားစန်ကို တစ်ချက်ကြည့်ကာ...

'သူတို့ သေသွားလို့'

အားစန် သက်ပြင်းတစ်ချက် ချလိုက်ပြီး...

'ခင်ဗျားက အမြော်အမြင် ကြီးတာပဲ'

'သုံးယောက်လျော့ နည်းလား'

ပြောရင်း ရယ်မောလိုက်လေသည်။

○ ✦ ○



## အခန်း (၄)

ရွှေနားကွင်းဂိုဏ်းချုပ် စကားအဆုံး ပထမဓား ကျန်းချန်ဖုန်း ရယ်မောကာ...

'ခင်ဗျားလုပ်တာ ကောင်းတယ်။ လူနည်းလေ ကောင်းလေပဲ။ နောက်ထပ်သုံးယောက်လဲ လာနိုင်မယ် မထင်ဘူးဗျ'

ကျန်းချန်ဖုန်း စကားကြောင့် ရွှေနားကွင်းဂိုဏ်းချုပ် လှရှောင် ရယ်မောပြီး စားပွဲကို လက်ဝါးဖြင့် ပုတ်ကာ...

'ကောင်းတယ်'

အားစန် သက်ပြင်းချပြီး...

'ခင်ဗျား သူတို့နဲ့ တွေ့ခဲ့လား'

ကျန်းချန်ဖုန်း ခေါင်းညိတ်ပြီး...

'တွေ့ခဲ့တယ်'

အားစန် တစ်ချက် ပြုံးလိုက်သည်။

'သူတို့က မလာနိုင်ဘူးလို့ ပြောလိုက်လား'

ကျန်းချန်ဖုန်း ပြုံးပြီး ခေါင်းညိတ်ကာ...



www.burmeseclassic.com

www.burmeseclassic.com



'သူတို့သုံးယောက် နေမကောင်း ဖြစ်နေတယ်'

'ဟုတ်လား'

'ဟုတ်တယ်'

'ဘာရောဂါ ဖြစ်နေလဲ'

ကျန်းချန်ဖုန်း အရေးမကြီးဟန်ဖြင့်...

'ခေါင်းကိုက်နေတာ'

အားစန် ခေါင်းတဆတ်ဆတ် ညိတ်ပြီး...

'ဒါကြောင့် ပြန်သွားတယ်ပေါ့'

'မဟုတ်ဘူး'

'ဘယ်လို'

'ကျုပ်က သူတို့ ခေါင်းမကိုက်အောင် ဆေးကုပေးလိုက်လို့'

'ခေါင်းကိုက်ရောဂါ ခင်ဗျား ကုတတ်တယ် ဟုတ်လား'

'ဟုတ်တယ်'

'ဘယ်လို ကုလဲဗျ'

ကျန်းချန်ဖုန်း ပြုံးကာ ရွှေနားကွင်းဂိုဏ်းချုပ်ကို ပြုံးကြည့်ပြီး...

'သူတို့ ခေါင်းကိုက်တာ ခေါင်းရှိနေလို့ပဲ။ သူတို့ ခေါင်းမရှိရင် ဘယ်ကိုက်မလဲ'

သူ့စကားအဆုံး ရွှေနားကွင်းဂိုဏ်းချုပ် မျက်လုံးပြူးပြီး...

'ဒါဆို သူတို့ခေါင်းကို...'

လုရှောင် စကားမဆုံးပါ။ ကျန်းချန်ဖုန်း ခေါင်းတစ်ချက် ညိတ်ပြီး...

'ကျုပ်ဓားနဲ့ ခေါင်းဖြတ်ပေးလိုက်တယ်'





ကျန်းချန်ဖုန်း စကားအဆုံး မြင်းဖြူရှင် လက်ခုပ်တီးကာ ရယ်မောလိုက်ပြီး...

'ဟား ဟား ဟား၊ ခင်ဗျား ဆေးကုနည်းက ကောင်းလိုက်တာ။ ခေါင်းမရှိတော့ သူတို့ခေါင်း ဘယ်တော့မှ မကိုက်တော့ဘူး'

အားစန် သက်ပြင်းတစ်ချက် ချပြီး...

'ဒါဆို ကျန်သုံးယောက်ကို ဆက်စောင့်ရမှာပေါ့'

အားစန်စကားအဆုံး မြင်းဖြူရှင် လက်နှစ်ချောင်း ထောင်ပြပြီး...

'အဲဒီသုံးယောက်ထဲက နှစ်ယောက်က လာနိုင်မယ် မထင်ဘူး'

မြင်းဖြူရှင် စကားကြောင့် အားစန် အံ့သြသွားပြန်သည်။

'သေချာရဲ့လား'

မြင်းဖြူရှင် လက်မထောင်ပြီး ပြုံးကာ...

'ကျုပ်က သူတို့ မလာနိုင်ဘူးဆိုတာ သေချာသိတယ်'

အားစန် ပခုံးတစ်ချက် ပင့်တင်လိုက်ပြီး...

'သူတို့က ဘာဖြစ်လို့ မလာတာလဲ'

မြင်းဖြူရှင် ကောက်ကျစ်စွာ ပြုံးပြီး...

'သူတို့ လမ်းမှာ အိပ်ပျော်နေတယ်'

ရွှေနားကွင်းဂိုဏ်းချုပ်က မျက်မှောင်ကြုတ်ပြီး...

'အိပ်ပျော်နေတာပဲ နိုးလာမှာပေါ့'

မြင်းဖြူရှင် ပြုံးပြီး...

'သူတို့က ဘယ်တော့မှ နိုးမှာ မဟုတ်ဘူး'

'ဘာကြောင့်လဲ'

မြင်းဖြူရှင် မျက်ခုံးပင့်ရင်း...



www.burmeseclassic.com

www.burmeseclassic.com



'သူတို့ ရေထဲမှာ အိပ်နေတာ'

'ခင်ဗျား အိပ်ဆေးတိုက်ခဲ့လို့လား'

မြင်းဖြူရှင် ရယ်မောပြီး...

'ကျုပ်ကို ဒီလောက် အထင်မကြီးပါနဲ့။ ကျုပ်က သူတို့ အေးဆေး အိပ်ရမယ့်နေရာကို ပို့ခဲ့တာပါ'

ကျန်းချန်ဖုန်း ပြုံးပြီး...

'ဘယ်နေရာများပါလိမ့်'

မြင်းဖြူရှင် ကျန်းချန်ဖုန်းကို ပြုံးကြည့်ပြီး...

'မြစ်တစ်ခုအောက်ကို ပို့ပေးခဲ့တာပါ'

မြင်းဖြူရှင်၏ စကားအဆုံးတွင် ရွှေနားကွင်းဂိုဏ်းချုပ် လုရှောင်က စားပွဲကို လက်ဝါးဖြင့် တစ်ချက်ရိုက်ကာ တဟားဟား ရယ်မောရင်း...

'ကောင်းလိုက်တဲ့အကြံ၊ မြစ်ရေအောက်မှာဆိုတော့ အေးအေး ချမ်းချမ်း အိပ်ရတာပေါ့'

မြင်းဖြူရှင် ပြုံးပြီး ခေါင်းညိတ်လိုက်သည်။ ကျန်းချန်ဖုန်းနှင့် လုရှောင်တို့ကို တစ်ချက်ကြည့်ကာ...

'ခင်ဗျား လိုအပ်ရင် ပြောပါ။ အေးအေးဆေးဆေး အိပ်လို့ရတဲ့ နေရာတွေ အများကြီး ရှိပါတယ်'

မြင်းဖြူရှင် စကားကြောင့် ကျန်းချန်ဖုန်း ရယ်မောရင်း...

'ကျုပ်ကလဲ ခေါင်းကိုက်ပျောက်ဆေးအပြင် တခြားဆေးတွေလဲ ရနိုင်ပါတယ်'

ပြန်ပြောလိုက်လေသည်။

✧ ◎ ✧





ရွှေနားကွင်းဂိုဏ်းချုပ်ကြီး သဘောကျစွာ လက်ခုပ်တီး ရယ်မောပြီး...

'ကျုပ်ကလဲ လမ်းလျှောက်လို့ မရနိုင်တဲ့နည်းတွေ ရှိပါတယ်'

သူတို့ တစ်ယောက်တလဲ ပြောနေသော်လည်း အားစန် မရယ်မောနိုင်ဘဲ ကြည့်နေလေသည်။

'ဒါဆို ရှစ်ယောက် မလာနိုင်တော့ဘူးပေါ့'

'ဟုတ်တယ်'

ကျန်းချန်ဖုန်း ပြုံးပြီး...

'ခင်ဗျား အချိန်ကုန်ခံစရာ မလိုတော့ဘူး'

'ပထမဓားရဲ့စကားက အလုပ်စ,တော့မယ်ပေါ့'

'ဟုတ်တယ်'

အားစန် ခေါင်းခါယမ်းလိုက်ပြီး...

'ဟုတ်ပါတယ် လူစုံနေသလောက် ရှိပါတယ်။ ကျုပ်က ရောင်းသူဆိုတော့ လူစုံအောင် စောင့်ချင်တယ်'

'ခင်ဗျားက အချိန်ဖြုန်းတာပဲ'

'အချိန်ဖြုန်းတာ မဟုတ်ပါဘူး။ တစ်ယောက်ကို စောင့်တာပါ'

'အဲဒီလူက ဘယ်သူလဲ'

'နောက်တော့ သိရမှာပေါ့'

လုရှောင်က အလောတကြီးဖြင့်...

'ဒီမှာ ဂိုဏ်းခွဲမှူး၊ ဒီပစ္စည်းက ကျုပ်အတွက် ဖြစ်ရမယ်'

'ဒီလိုတော့ ဘယ်ရမလဲဗျာ'

'ဟုတ်တယ်။ ခင်ဗျား ရမယ်လို့ အပိုင်မတွက်နဲ့'



www.burmeseclassic.com

www.burmeseclassic.com



မြင်းဖြူရှင်က ဝင်ပြောလိုက်သည်။ ကျန်းချမ်ဖုန်းက...

'ခင်ဗျား ဘယ်သူ့ကို စောင့်နေတာလဲ'

အားစန် ပြုံးပြီး...

'သူ ရောက်လာပါပြီ'

သူ့စကားအဆုံး ရောင်နီဦး တည်းခိုခန်းရှေ့တွင် မြင်းခွာသံများ ဆူညံစွာ ကြားလိုက်ရလေသည်။

○ ✦ ○



## အခန်း ( ၅ )

အလွန် ထွားကျိုင်းသော မွန်ဂိုမြင်းကောင်း ခြောက်ကောင်ဆွဲသော မြင်းလှည်း ရောင်နီဦး တည်းခိုရိပ်သာရှေ့တွင် ရပ်တန့်လာသည်။

မြင်းဖြူရှင်၊ လုရောင်၊ ကျန်းချမ်ဖုန်းတို့၏ မျက်လုံးများ ရောင်နီဦး တည်းခိုခန်းရှေ့တွင် ရပ်နေသော မြင်းလှည်းရှိရာ ရောက်သွားသည်။

အလွန် သန်မာထွားကျိုင်းသော မြင်းများ ဆွဲထားသော မြင်းလှည်းပေါ်တွင် လူထွားကြီးလေးယောက် ကိုယ်ခန္ဓာနှင့် မလိုက်အောင် ပေါ့ပါးစွာ ခုန်ဆင်းလာကြသည်။

ထို့နောက်...

လူထွားကြီးလေးယောက် မြင်းလှည်းတံခါး ဆွဲဖွင့်ကာ ဦးခေါင်းညွှတ် အရိုအသေပေးလိုက်သည်။

ထိုမြင်ကွင်းကြောင့် ရွှေနားကွင်းဂိုဏ်းချုပ် လုရောင်၊ မြင်းဖြူရှင် ကျန်းချမ်ဖုန်းတို့ အလွန် စိတ်ဝင်စားဟန်ဖြင့် မြင်းလှည်းတံခါး ဘက်သို့ ကြည့်နေကြ၏။



www.burmeseclassic.com

www.burmeseclassic.com



မြင်းလှည်းတံခါး ပွင့်သော်လည်း လူ ထွက်မလာသေးပါ။ အားစန် အေးဆေးသော အမူအရာဖြင့် အရက်သောက်နေလေသည်။ လှည့်မကြည့်ပါ။

လူထွားကြီးလေးယောက် ဦးညွှတ်နေလေသည်။ အတန်ကြာသောအခါမှ ချောင်းတစ်ချက်ဟန့်သံ ထွက်ပြီး မြင်းလှည်း ငြိမ့်ခနဲ လှုပ်ရှားသွားသည်။

ထို့နောက်...

မြင်းလှည်းအတွင်းမှ အလွန်ဝသော လူတစ်ယောက် ထွက်လာလေသည်။ ထိုလူ အလွန်ဝသည်၊ အရပ်ပုသည်။ အသားအရေမှာ ဖြူဖွေးပြီး ပါးလွှာသော နှုတ်ခမ်းမှာ နီရဲနေလေသည်။

မျက်ပေါက်ကျဉ်းကျဉ်းထဲမှ မျက်လုံး တောက်ပနေလေသည်၊ အသက်မှာ လေးဆယ်ကျော် လူလတ်ပိုင်းအရွယ် ဖြစ်သည်။ လှုပ်ရှားမှု သွက်လက်မှု မရှိ။ ခြေလှမ်းကို အလွန်ပင် ကြိုးစား လှမ်းနေရသည်။

သူ မြင်းလှည်းပေါ်မှ ဆင်းပြီး ရောင်နီဦး တည်းခိုခန်းသို့ လှမ်းဝင်လာသည်။

သူ ခြေလှမ်း အနည်းငယ် လှမ်းပြီးနောက် မောပန်းဟန်ဖြင့် ခေတ္တ နားလိုက်သည်။ သူ၏နောက်မှ အရိပ်တစ်ရိပ် ပါလာသည်။

ထိုအရိပ်သည် သူနှင့် ဆန့်ကျင်ဘက် ဖြစ်သည်။ အနက်ရောင် ဝတ်စုံ ဝတ်ထားသည့် ပိန်ပါးပါးနှင့် အရပ်ရှည်သူ ဖြစ်သည်။ အသား မဖြူပါ။ မျက်နှာချိုင့်ဝင်ကာ မျက်တွင်းဟောက်ပက် ဖြစ်နေသည်။

သူ၏ခါးတွင် ဓားတစ်လက် ချိတ်ဆွဲထားသည်။ သူ၏ဓားမှာ ဓားကောက်ကြီးဖြစ်ပြီး သိုင်းလောကတွင် သုံးစွဲသူ နည်းပါးသည်။





ထိုဓားကောက် အသုံးပြုရာတွင် ခက်ခဲသည်။ ထိုလူကို မြင်းဖြူရှင် မမြင်ဖူးပါ။ သူတို့အားလုံး ထို ဓားကောက်ကိုင်လူကြီးကို ကြည့်နေလေသည်။

အတန်ကြာသောအခါ...

သူတို့သုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး မြင်းဖြူရှင်က လေသံဖြင့်...

'သူ ဘယ်သူလဲ'

ရွှေနဂါးဂိုဏ်းခွဲမှူး အားစန်က အဖြေပေးလိုက်သည်။

'အဲဒါ စိန်ဂိုဏ်းချုပ် ချူးသခင်လေး ဆိုတာလေ'

သူ့စကားကြောင့် မြင်းဖြူရှင် နှာခေါင်းရှုံ့ပြီး...

'ကျုပ်က သူ့ကို ပြောတာ မဟုတ်ဘူး။ သူ့ကို လူတိုင်း သိတယ်'

'ဒါဆို ဘယ်သူ့ကို ပြောတာလဲ'

'သူ့နောက်က ပါလာတဲ့လူကို ပြောတာ'

စိတ်မရှည်သော လေသံဖြင့် ပြောလိုက်သည်။

ထိုအခါမှ...

ရွှေနဂါးဂိုဏ်းခွဲမှူး အားစန် ချူးသခင်လေးတို့လူစုကို စောင်းကြည့်ပြီး မျက်မှောင်ကြုတ်ကာ ခေါင်းယမ်းလိုက်လေသည်။

'ခါးမှာ ဓားကောက်ချိတ်ထားတဲ့လူကို ပြောတာလား'

မြင်းဖြူရှင် ခေါင်းညိတ်ပြီး...

'ဟုတ်တယ်၊ ခင်ဗျား သိလား'

အားစန် ခေါင်းယမ်းပြီး...



www.burmeseclassic.com

www.burmeseclassic.com



'သိုင်းလောကမှာ ဓားကောက်ကိုင်သူတိုင်းကို ကျုပ် သိတယ်။ ဒါပေမယ့် သူ့ကို မသိဘူး'

ပုထမဓား ကျန်းချန်ဖုန်း သက်ပြင်းတစ်ချက်ချပြီး...

'ဒါဆို ခင်ဗျားတို့ဂိုဏ်း ဖိတ်စာပို့တာ သူ မပါဘူးပေါ့'

အားစန် ခေါင်းယမ်းပြီး...

'မပါဘူး။ ကျုပ်အထင် ပြောရရင် သူက ချူးသခင်လေးရဲ့ သက်တော်စောင့်လို့ ထင်တယ်'

မြင်းဖြူရှင် မျက်မှောင်ကြုတ်ပြီး...

'ချူးသခင်လေးက စုကြူးနယ်ကလား'

'ဟုတ်တယ်။ ဘာဖြစ်လို့လဲ'

ကျန်းချန်ဖုန်း မေးလိုက်လေသည်။





မြင်းဖြူရှင် မချိပြုံး ပြုံးပြီး...

'ဒါဆို ခင်ဗျားလာတဲ့ဘက်မှာ စုကြူးနယ် ရှိတယ် မဟုတ်လား'

ကျန်းချန်ဖုန်း ခေါင်းညိတ်ပြီး...

'ဟုတ်တယ်၊ ကျုပ် အဲဒီက ဖြတ်လာတာ။ ခင်ဗျား ဘာကြောင့် မေးတာလဲ'

'ဘာမှမဖြစ်ပါဘူး။ သူ ခေါင်းမကိုက်ဘူး ထင်တယ်'

'သူ ခေါင်းကိုက်လဲ ကျုပ်က သူ့ကို မကုပေးနိုင်ဘူး'

မြင်းဖြူရှင် မျက်မှောင်ကြုတ်ပြီး...

'ဘာဖြစ်လို့လဲ'

'သူ့ခေါင်းက မာတယ်'

ချူးသခင်လေးသည် ခြေလှမ်းလှမ်းလိုက် မောပန်း၍ နားလိုက်ဖြင့် အားစန်တို့စားပွဲနား ရောက်လာလေသည်။

သူ မောပန်းဟန်ဖြင့် ခုံတွင် ဝင်ထိုင်လိုက်လေသည်။ သူ့ရင်မှာ နိမ့်ချည်မြင့်ချည် ဖြစ်နေလေသည်။ သူ အသက်ကို ပြင်းစွာ ရှူရှိုက်ရင်း စားပွဲတွင် ထိုင်နေသူများအား ပြုံးပြလိုက်လေသည်။

ခါးတွင် ဓားကောက်ချိတ်ထားသော ပိန်ပိန်လူက ချူးသခင်လေးဘေးတွင် လက်ပိုက်ရပ်နေလေသည်။ သူ အေးစက်သောအကြည့်ဖြင့် စားပွဲတွင် ထိုင်နေသူများကို ကြည့်နေလေသည်။

ချူးသခင်လေးသည် ကုလားထိုင်ပေါ်တွင် ထိုင် အမောဖြေနေသော်လည်း အတန်ကြာသည်အထိ အမောမပြေပါ။

ထိုစဉ် လေပြင်းတစ်ချက် တိုက်ခတ်လိုက်လေသည်။ အားစန် သက်ပြင်းချပြီး...



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်တို့ဂိုဏ်းက ဖိတ်စာ တစ်ဆယ့်နှစ်စောင်ပို့တယ်၊ ဒါပေမယ့် အကြောင်းအမျိုးမျိုးကြောင့် ကျန်တဲ့လူတွေ မရောက်လာနိုင်တော့ဘူး။ ကျုပ်တို့ လုပ်ငန်း စ,လိုက်ရအောင်'

'အခု ရောက်လာတဲ့ ပုဂ္ဂိုလ်တွေဟာ သိုင်းလောကက ကျော်ကြားတဲ့ လူတွေပါ။ တစ်ယောက်နဲ့တစ်ယောက် မိတ်ဆက်စရာ မလိုဘူး ထင်တယ်'

မြင်းဖြူရှင်က နှာခေါင်းရှုံ့ပြီး...

'မလိုပါဘူး'

ရွှေနားကွင်း ဂိုဏ်းချုပ်ကလဲ...

'ကျုပ်တို့ အရောင်းအဝယ်ကိစ္စနဲ့ လာတာ။ မိတ်ဆက်ဖို့လာတာမဟုတ်ဘူး'

ပြတ်သားစွာ ပြောလိုက်လေသည်။

'ဟုတ်တယ်၊ ကျုပ်တို့ရဲ့ အချိန်တွေကို မဖြုန်းပါနဲ့'

ကျန်းချန်ဖုန်းကပါ ဝင်ပြောလိုက်ပြန်သည်။

အားစန် ပြုံးပြီး...

'ကောင်းပြီ။ လိုရင်းပဲ ပြောကြတာပေါ့'

'အကောင်းဆုံးပဲ။ ခင်ဗျားပစ္စည်း ကြည့်ချင်ပြီ'

'ကြည့်ရမှာပါ ကျုပ်ကလဲ ပြမှာပါ။ ဒါပေမယ့်...'

သူ စကားမဆက်ဘဲ ရပ်လိုက်ပြီး အားလုံးကို တစ်ချက် စိုက်ကြည့်လိုက်သည်။

ရွှေနားကွင်း လုရောင်က မျက်မှောင်ကြုတ်ပြီး...

'ခင်ဗျားကလဲ ရှင်းရှင်း ပြောပါဗျာ'





'ကျုပ်တို့က အလုပ်ကို ပြတ်သားတယ်လေ'

'ရှော့နဂါး ရှော့ပတ္တမြားလား'

'ဟုတ်တယ်'

လုရှောင် သက်ပြင်းတစ်ချက် ချလိုက်ပြီး...

'ကောင်းပါတယ်။ ကျုပ်တို့ကလဲ အကြွေးမထားတတ်ဘူး။ အကြွေးထားမယ့်လူဆိုရင်တော့ အစောကြီးကတည်းက နောက်ဆုတ်တာ အကောင်းဆုံးပဲ'

ပြောလိုက်သည်။

ထို့နောက်...

ရွှေနားကွင်းဂိုဏ်းချုပ် လုရောင် လက်ခုပ်သုံးချက် တီးလိုက်လေသည်။

'ဖြောင်း'

'ဖြောင်း'

'ဖြောင်း'

ရွှေနားကွင်းဂိုဏ်းချုပ် လက်ခုပ်သံအဆုံး လူထူးလူဆန်း ကိုးယောက် ရုတ်တရက် ထွက်ပေါ်လာလေသည်။

ထို လူထူးလူဆန်း ကိုးယောက် အမှောင်ထဲမှ ရောင်နီဦးတည်းခန်းသို့ ရောက်လာကြလေသည်။

○ ✦ ○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၆ )

လူထူးလူဆန်းကိုးယောက် ပခုံးပေါ်တွင် အထုပ်များ ထမ်းထားကြသည်။ရောင်နီဦး တည်းခိုခန်း စားပွဲတွင် ထိုင်နေသော ဂိုဏ်းချုပ် လုရှောင်နောက်တွင် ရပ်ပြီး အိတ်များကို ကြမ်းပေါ် ချလိုက်သည်။

'ကျုပ်ကတော့ အဆင်သင့်ပဲ'

ဝင့်ကြွားစွာ ပြောလိုက်သည်။

လုရှောင် စကားအဆုံး ကျန်းချန်ဖုန်း ရယ်မောလိုက်လေသည်။

'ခင်ဗျား တစ်ယောက်တည်း မဟုတ်ပါဘူးဗျာ'

ပြောရင်း လက်ခေါက်တစ်ချက် မှုတ်လိုက်သည်။

'ရှီး'

စူးရှသောအသံ ထွက်ပေါ်လာပြီး မကြာပါ မြင်းခွာသံများ ကြားရလေသည်။

မြင်းခွာသံများ ဝေးရာမှ နီးလာလေသည်။ ရောင်နီဦး တည်းခိုခန်းရှေ့တွင် လူရှစ်ယောက် အလွန်လေးလံသော သေတ္တာတစ်လုံးကို ထမ်းဝင်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက်...

ပထမဆား ကျန်းချန်ဖုန်းနောက်တွင် ရပ်တန့်ပြီး သေတ္တာကို ကြမ်းပေါ် ချလိုက်လေသည်။

ပထမဆား သဘောကျစွာ တဟားဟား ရယ်မောလိုက်လေသည်။

'ဒီလောက်ဆို ဘယ်သူ ရသင့်တယ်ဆိုတာ သိလောက်ပြီ'

ပြောရင်း မြင်းဖြူရှင်ဘက် လှည့်ကာ...

'ခင်ဗျားရော ဘာမှ မပါဘူးလား'

'ကျုပ်က သူဌေးတွေကို မယှဉ်ဝံ့ပါဘူး'

ရွှေနားကွင်းဂိုဏ်းချုပ် လှရောင် ရယ်မောပြီး...

'ဟား ဟား ဟား၊ တစ်ယောက်ကတော့ သဘောပေါက်သွားပြီ'

ပြောရင်း လက်ကမ်းပေးလိုက်သည်။

'ခင်ဗျားကို ကျုပ် လေးစားသွားပြီ။ ခင်ဗျားက အမှန် ပြောတတ်တာပဲ။ ကျုပ်တို့ကို မိတ်ဆွေလို သဘောထားပါ'

မြင်းဖြူရှင် ထိုင်ရာမှထပြီး ရွှေနားကွင်း လှရောင် လက်ကို ဆုပ်ကိုင်ကာ...

'ခင်ဗျားနဲ့ကျုပ် မိတ်ဆွေဖြစ်သွားပြီ။ ကျန်တဲ့လူတွေကို ဘယ်လို သဘောထားမလဲ'

လှရောင် နှုတ်ခမ်းမဲ့ပြီး...

'ခင်ဗျားလို သဘောထား သူတို့မှာရှိရင် မိတ်ဆွေဖြစ်တာပေါ့'

မြင်းဖြူရှင် ချူးသခင်လေးဘက် လှည့်ပြီး...

'သူကတော့ ကျုပ်လို သဘောထားမယ် ထင်တယ်'





'ဟုတ်လား'

ရွှေနားကွင်း လှည့်ကြည့်ကာ မေးလိုက်သည်။

ချူးသခင်လေး သူ့လက်ကို ကြည့်နေရာမှ သက်ပြင်းတစ်ချက် ချပြီး...

'ဒီကို အလည်လာတာ မဟုတ်ဘူးဆိုတာ မိတ်ဆွေတို့ သဘောပေါက်ပါ'

ချူးသခင်လေး စကားကြောင့် ရွှေနားကွင်းကြီး မျက်နှာပျက်သွားလေသည်။

'မိတ်ဆွေက ကျုပ်နဲ့ ယှဉ်ပြိုင်မယ့်သဘောပေါ့'

'ဟုတ်တယ်'

'ကျုပ်က ဒီပစ္စည်းကို ရအောင် ယူမှာနော်'

'ကျုပ် သဘောပေါက်ပါတယ်။ ကန့်ကွက်စရာ မရှိပါဘူး'

ချူးသခင်လေး စကားကြောင့် လှရောင် ကျေနပ်စွာ တစ်ချက် ပြုံးပြီး...

'ဒါဆို ခင်ဗျားနဲ့ မိတ်ဆွေဖွဲ့လို့ ရပြီ'

ပြောရင်း လက်ကမ်းပေးလိုက်သည်။ ချူးသခင်လေး လက်ကို လှမ်းမကိုင်ပါ။ ထိုအဖြစ်ကြောင့် ရွှေနားကွင်းဂိုဏ်းချုပ် မျက်နှာ ပျက်သွားလေသည်။

သူ့လက်ကို ပြန်ရုပ်လိုက်လေသည်။

'ဘာလဲ ခင်ဗျားက ကျုပ်နဲ့ မိတ်ဆွေ မဖြစ်ချင်ဘူးလား'

အေးစက်သော လေသံဖြင့် မေးလိုက်ရာ ချူးသခင်လေး ပြုံးပြီး...



www.burmeseclassic.com

www.burmeseclassic.com



'ခင်ဗျားက အလျှော့ပေးမလို့လား'

'ဘာကြောင့် လျှော့ရမှာလဲ။ ဒီပစ္စည်းကို ကျုပ် ရအောင် ယူမှာ'

'ဒါဆို မိတ်ဆွေဖြစ်မယ် မထင်ဘူး'

ချူးသခင်လေး စကားကြောင့် လုရှောင် ဒေါသဖြစ်သွားလေသည်။

'ဒါဆို ခင်ဗျားက ကျုပ်တို့နဲ့ အပြိုင်ဝယ်မယ်ပေါ့ ဟုတ်လား'

'မရရအောင် ဝယ်မှာပါ'

သူ့စကားကြောင့် ရွှေနားကွင်းဂိုဏ်းချုပ် ဒေါသထွက်သွားလေသည်။

'ခင်ဗျား လက်လျှော့ပါ။ ဒါမှ ခင်ဗျား ကျန်းမာရေး ကောင်းမှာ' ဒေါသတကြီး ပြောလိုက်လေသည်။

✧ ❂ ✧





ရွှေနားကွင်း စကားကို ချူးသခင်လေး အရေးမလုပ်ပါ။ ရွှေနားကွင်းဂိုဏ်းချုပ် လူထူးလူဆန်း ကိုးယောက်ကို မျက်ရိပ်ပြလိုက်လေသည်။

လူထူးလူဆန်းကိုးယောက် ချူးသခင်လေးကို ဝိုင်းလိုက်လေသည်။ အားစန်သည် သူနှင့် မသက်ဆိုင်သလို အရက်ကို အေးဆေးစွာ သောက်နေလေသည်။

လူထူးလူဆန်းကိုးယောက် ချူးသခင်လေးကို ဝိုင်းထားလေသည်။ ချူးသခင်လေး သူ့လက်ချောင်းများကိုသာ ကြည့်နေလေသည်။ သူ့နောက်က ပိန်ရှည်ကြီးကလည်း အေးဆေးစွာ ရပ်နေလေသည်။

တဖြည်းဖြည်း ညဥ့်နက်လာလေသည်။ ပက်ဝန်းကျင်လည်း အားစိမ့်လာသည်။ လေကလည်း တဟူးဟူး တိုက်ခတ်လာလေသည်။

အားစန် အရက်ကို စိမ်ပြေနပြေ သောက်နေလေသည်။ မြင်းမြှူရှင်နှင့် ကျန်းချန်ဖုန်းတို့ ငြိမ်သက်စွာ ကြည့်နေလေသည်။

ရွှေနားကွင်းဂိုဏ်းချုပ် ရုတ်တရက် လှုပ်ရှားလိုက်သည်။ သူ့လက်ဝါးစောင်း ချူးသခင်လေး၏ မေးကိုင်လက်ပေါ် ရောက်သွားလေသည်။

သူ၏လှုပ်ရှားမှု အလွန် လျင်မြန်လေသည်။

သို့သော်...

သူ့ထက် ပိုလျင်သော လက်တစ်ဖက် အရင် ရောက်လာသောကြောင့် သူ လျင်မြန်စွာ နောက်ဆုတ်လိုက်ရသည်။ ရွှေနားကွင်းဂိုဏ်းချုပ် ထိတ်လန့်တကြားဖြင့် သူ့နားကို လှမ်းကိုင်လိုက်သည်။

သူ့နားမှ နားကွင်းများ မရှိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ် သဘောပေါက်သွားပြီ'

မြင်းဖြူရှင်က ကျန်းချန်ဖုန်းကို လှမ်းပြောလိုက်သည်။ ကျန်းချန်ဖုန်း မျက်မှောင်ကြုတ်ပြီး...

'ဘာကိုလဲ'

မြင်းဖြူရှင် ပြုံးပြီး...

'ဒီလူ ခေါင်းမကိုက်တတ်ဘူး ဆိုတာပေါ့'

'ဟုတ်တယ်၊ သူ ခေါင်းကိုက်တတ်လဲ ကျုပ် မကုပေးနိုင်ဘူး'

မြင်းဖြူရှင် ပြုံးပြီး...

'ဟုတ်မယ်၊ သူ့ခေါင်းက ပိုကြီးသလိုပဲ'

ထိုစဉ်...

ချူးသခင်လေး သူ့လက်ထဲမှ ရွှေနားကွင်းကို စားပွဲပေါ် တင်လိုက်လေသည်။ သူ အတွင်းအားသုံးပြီး တင်လိုက်သောကြောင့် ရွှေကွင်းသုံးကွင်း စားပွဲမျက်နှာပြင်တွင် တစ်ဝက်ခန့် နစ်ဝင်သွားလေသည်။

○ ✦ ○



## အခန်း ( ၇ )

ချူးသခင်လေး မောပန်းသော လေသံဖြင့်...

'ကျုပ်တို့ အရောင်းအဝယ် စလို့ရပြီလား'

ရွှေနဂါးဂိုဏ်းခွဲမှူး အားစန်ကို လှမ်းမေးလိုက်လေသည်။ အားစန် ချောင်းတစ်ချက် ဟန့်ပြီး...

'မိတ်ဆွေတို့ ဒီပစ္စည်းကို လက်ငင်း ဝယ်ယူမယ်လို့ ကျုပ် ယုံကြည်တယ်။ ကျုပ်ပစ္စည်းကို အရင်ကြည့်ပြီးမှ ဈေးဆုံးဖြတ်ကြတာပေါ့'

မြင်းဖြူရှင် ဦးခေါင်းညိတ်ပြီး...

'ဒါဆို ပစ္စည်း အရင်ကြည့်ရအောင်'

ပြောရင်း အားစန် ထိုင်ရာမှ ထလိုက်သည်။

ထို့နောက်...

'ကျုပ်တို့ ပစ္စည်း သွားကြည့်ရအောင်'

ပြောရင်း ရှေ့မှ ထွက်သွားလေသည်။

သူ့နောက်မှ ချူးသခင်လေး ထလိုက်သွားသည်။ သူ့နောက်မှ သက်တော်စောင့် လိုက်ပါသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် ချူးသခင်လေးအတွက် သက်တော်စောင့် မလိုအပ်ကြောင်း အခန်းထဲရှိလူများ သဘောပေါက်ကြသည်။

သူတို့နောက်မှ မြင်းဖြူရှင်တို့လူစု လိုက်သွားလေသည်။ ရွှေနားကွင်း လုရှောင် နောက်ဆုံးမှ လိုက်ပါလာလေသည်။

သူ၏ ဝဲဘက်နားရွက်မှ သွေးများ ကျလာလေသည်။

လျှို့ဝှက်တံခါး ပွင့်သွားပြီး လှေကားအတိုင်း ဆင်းလာကြလေသည်။ လှေကားအဆုံး အဖြူရောင်ကျောက်ပြားခင်းထားသော လမ်းတစ်ခု တွေ့ရသည်။

လမ်းတစ်ဖက်တစ်ချက်တွင် မီးအိမ်များ ချိတ်ဆွဲထားသည်။

'ခင်ဗျားတို့ အစောင့်အကြပ် မထားဘူးလား'

'မထားဘူး။ ဒါပေမယ့် အလွယ်တကူ ဝင်လို့ရမယ် မထင်နဲ့'

'ဘာကြောင့်လဲ'

'နေရာအနှံ့မှာ ထောင်ချောက်တွေ ရှိတယ်'

'ဘယ်နှစ်ခုလဲ'

'တစ်ဆယ့်သုံးခု'

'ကျော်နိုင်တဲ့လူ ရှိလား'

'ရှိတယ်'

'ဘယ်နှစ်ယောက်လဲ'

'ခုနစ်ယောက်'

ပြောရင်း အားစန် သော့ဖြင့် အခန်းတစ်ခုကို ဖွင့်လိုက်သည်။

'ကျုပ် ဘယ်လောက် လုံခြုံအောင် ထိန်းသိမ်းထားတယ်ဆိုတာ သိတယ် မဟုတ်လား'





ပြောရင်း ချူးသခင်လေးတို့လူစုကို ပြုံးကာ မေးလိုက်သည်။ သူတို့အားလုံး ရွှေသေတ္တာပေါ်သို့ အကြည့်ပို့ထားကြသည်။

အားစန် ကြီးမားသော ကျွန်းသေတ္တာကြီးအဖုံးကို ဆွဲဖွင့်လိုက်သည်။

'ကဲ ကျုပ်တို့ ပစ္စည်း ကြည့်ရအောင်'

သံသေတ္တာ ပွင့်သွားသည်နှင့် တစ်ပြိုင်နက် အားစန် မျက်နှာ ဖြူဖွေးသွားလေသည်။ လှုပ်ရှားမှု ကင်းမဲ့သွားလေသည်။

သူ့မျက်လုံးများက ထိတ်လန့်တကြားဖြင့် သေတ္တာကို ငေးကြည့်နေလေသည်။

ကျွန်းသေတ္တာထဲတွင် ဘာမျှ မရှိပါ။ စာရွက်ပိုင်းကလေးတစ်ခုသာ ရှိသည်။

'ကျုပ်တို့ ဝယ်ရမယ့်ပစ္စည်းက ဒါ မဟုတ်ပါဘူးနော်'

ချူးသခင်လေးက မေးလိုက်သည်။ အားစန် တုန်ယင်သောလက်ဖြင့် စာရွက်ကို ယူကာ ဖတ်ကြည့်လိုက်သည်။

'ပစ္စည်းကို ကျုပ် ယူသွားတယ်။ ခင်ဗျားက ချစ်စရာ အကောင်းဆုံးလူပဲ'

စာမှာ ထိုမျှသာ ဖြစ်သည်။

အခန်းမှာ မြေအောက်အခန်း ဖြစ်သည်။ ကျောက်တုံးကျောက်ခဲများဖြင့် ပြုလုပ်ထားသောကြောင့် အေးစိမ့်နေလေသည်။

သို့သော် ရွှေနဂါးဂိုဏ်းခွဲမှူး အားစန်မှာ ချွေးများ ပြန်နေလေသည်။ မြင်းဖြူရှင်၊ ကျွန်းချန်ဖုန်း၊ ရွှေနားကွင်းကြီးတို့ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကာ ရပ်နေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



အခန်းတစ်ခုလုံး တိတ်ဆိတ် ငြိမ်သက်နေလေသည်။

အတန်ကြာသောအခါ တိတ်ဆိတ်မှုကို ချူးသခင်လေးက ဖြိုခွင်းလိုက်လေသည်။

'ခင်ဗျား သိတယ် မဟုတ်လား'

'ဘာကိုလဲ'

'ခင်ဗျား သိတယ် မဟုတ်လားလို့ မေးတာပါ'

'ဘာကို သိရမှာလဲ'

'ခင်ဗျားကို ချစ်စရာကောင်းတယ်လို့ ရေးသွားတဲ့လူကို'

ထိုစကားကြောင့် အားစန် ချူးသခင်လေးအား လှမ်းကြည့်လိုက်လေသည်။

ဖြူရော်နေသော သူ့မျက်နှာ မည်းမှောင်သွားလေသည်။

ထို့နောက်...

အခန်းထဲမှ ချာခနဲလှည့်ကာ နောက်ဆုတ်သွားလေသည်။ သူ့နောက်ကျောကို ကြည့်ပြီး...

'ချစ်စရာကောင်းတဲ့လူက စောစော သေတတ်တယ်'

ချူးသခင်လေး ပြောလိုက်လေသည်။

✧ ❂ ✧





ချူးသခင်လေး သက်ပြင်းတစ်ချက်ချကာ အားစန်နောက်မှ လိုက်သွားလေသည်။ ကျန်လူစုများ သူ့နောက်မှ လိုက်လာကြလေသည်။

ကောင်းလျှံသည် မြင်းကျောပေါ်တွင် ရှိနေသည်။ သူ့ရှေ့တွင် မြင်းလှည်းတစ်စီး သွားနေသည်။

မြင်းလှည်းသည် နေရောင်ဒဏ် ကာကွယ်ရန် အနီရောင်ကတ္တီပါဖြင့် လိုက်ကာ ပြုလုပ်ထားသည်။

ကောင်းလျှံသည် တစ်ကိုယ်ရေတစ်ကာယသမား ဖြစ်သည်။ သိုင်းသမားတစ်ဦး ဖြစ်သည်နှင့်အညီ ခြေဦးတည့်ရာ သွားလာသူ ဖြစ်သည်။

သူ့ခါးတွင် ချိတ်ဆွဲထားသော ဓားမှအပ ဘာမျှ သယ်ယောင်စရာ မရှိပါ။

မကြာပါ။

ကောင်းကင်မှ မိုးဖွဲကလေးများ ကျလာလေသည်။ တဖြည်းဖြည်း မိုးသည်းလာလေသည်။

ထို့ကြောင့်...

ကောင်းလျှံ တစ်ကိုယ်လုံး မိုးရေများ စိုရွှဲသွားလေသည်။

သို့သော်...

သူ မိုးခိုရန် စိတ်မကူးပါ။ ရှေ့မှသွားနေသော မြင်းလှည်းနောက် လိုက်သွားလိုသည်။

ထိုစဉ်...

ရှေ့မှ မြင်းလှည်း ရပ်တန့်သွားလေသည်။ မြင်းလှည်းရပ်သော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် သူ့မြင်းကိုလည်း ရပ်လိုက်လေသည်။ သူ ဆက်ပြီး မြင်းကို နင်လာခဲ့သည်။

သူ့မြင်း မြင်းလှည်းကို ဖြတ်ကျော်ချိန်တွင် မြင်းလှည်းထဲမှ မျက်ဝန်းတစ်စုံ သူ့အား ကြည့်နေသည်ကို တွေ့ရသည်။

ထိုအခါ သူ မြင်းကို ရပ်တန့်လိုက်သည်။ မြင်းလှည်းပြတင်းပေါက်မှ မျက်နှာလေးတစ်ခု ထွက်လာကာ သူ့အား လှည်းပေါ်တက်ရန် လက်ဟန်ပြလိုက်သည်။

ကောင်းလျှံ အံ့ဩသွားပြီး သူ့ကိုယ်အား လက်ညှိုးထိုးပြလိုက်သည်။ မြင်းလှည်းထဲမှ မိန်းကလေး သဘောကျစွာ ပြုံးပြီး ခေါင်းညိတ်လိုက်လေသည်။

မကြာပါ။

မြင်းလှည်းတံခါး ပွင့်လာသည်။ ကောင်းလျှံ စဉ်းစားမနေတော့ဘဲ မြင်းပေါ်မှ ဆင်းလိုက်ပြီး မြင်းကို မြင်းလှည်းနောက်တွင် ချည်လိုက်သည်။

ထို့နောက်...

သူ မြင်းလှည်းထဲ ဝင်လိုက်လေသည်။ မြင်းလှည်းအတွင်း အလွန် သန့်ရှင်းနေလေသည်။ အပြင်တွင် အေးစိမ့်နေသော်လည်း အထဲတွင် နွေးထွေးနေလေသည်။

မိန်းမချောကလေးတစ်ယောက်နှင့် မျက်နှာချင်းဆိုင် ထိုင်လိုက်ရသောအခါ ပို၍ နွေးထွေးလာသည်။

ကောင်းလျှံ ထိုမိန်းကလေးနှင့် တွေ့ရသည့်အတွက် အလွန် ဝမ်းသာနေလေသည်။





မြင်းလှည်းမှာ ဖြည်းဖြည်းမှန်မှန် သွားနေလေသည်။ သူတို့ မျက်နှာချင်းဆိုင် ထိုင်နေသော်လည်း တစ်ယောက်နှင့်တစ်ယောက် စကားမပြောကြသေးပါ။

ထို့ကြောင့်...

မြင်းလှည်းမှာ တိတ်ဆိတ်နေလေသည်။

သို့သော်...

ကောင်းလျှံရင်ထဲ တဒိန်းဒိန်း ခုန်နေလေသည်။

ထိုစဉ်...

မိန်းကလေး သူ့အား ပဝါတစ်ထည် လှမ်းပေးလိုက်သည်။ သူ မျက်ခုံးပင့် ကြည့်လိုက်သည်။ မိန်းကလေးက ပဝါလှမ်းပေးပြီး ခေါင်းမှ ရေများ သုတ်ရန် ပြလိုက်သည်။

ကောင်းလျှံ ပဝါလှမ်းယူရင်း မိန်းကလေးကို စူးရှစွာ ကြည့်လိုက်သည်။ မိန်းကလေး ရှက်သွားပြီး ခေါင်းငုံ့လိုက်လေသည်။

'ကျေးဇူးတင်ပါတယ်'

'မလိုပါဘူးရှင်'

မိန်းကလေး ပြန်ပြောလိုက်သည်။

○ ✦ ○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၈ )

မိန်းကလေးအသံ တိုးသော်လည်း သာယာသည်ဟု ကောင်းလှုံ ထင်သည်။ ကောင်းလှုံ ပြုံးလိုက်ပြီး...

'ကျွန်တော့်နာမည် ကောင်းလှုံပါ'

မိန်းကလေး ကောင်းလှုံအား တစ်ချက်ကြည့်ပြီး...

'ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်။ ကျွန်မ မေဟွား'

ပြန်လည် မိတ်ဆက်ပေးလေသည်။ ကောင်းလှုံ မျက်ခုံးပင့်ကာ...

'သိပ်လှတာပဲ'

လွှတ်ခနဲ ပြောလိုက်လေသည်။

သူ့စကားကြောင့် မေဟွား မျက်လုံးပြူးကာ ကြည့်လိုက်သည်။

ကောင်းလှုံ တစ်ချက်ပြုံးပြီး...

'နာမည်လှတယ်လို့ ပြောတာပါ'

မေဟွား ရယ်မောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



'နာမည်က လုတယ်ဆိုတော့...'

သူမ စကားမဆက်ဘဲ ကောင်းလျှံကို ကြည့်လိုက်သည်။ ကောင်းလျှံ ရယ်မောပြီး...

'နာမည်လုသလို လူကလဲ လုပါတယ်'

ကောင်းလျှံ စကားကြောင့် မေဟွား ရက်ပြုံးပြုံးကာ ခေါင်းငုံ့ထားလေသည်။ မိုးတိတ်သွားပြီ ဖြစ်သည်။ ကောင်းလျှံ မြင်းလှည်းထဲမှ ထွက်သင့်,မသင့် စဉ်းစားနေလေသည်။

ထိုစဉ်...

အဝေးမှ မြင်းခွာသံများကို ကြားလိုက်ရလေသည်။

'ခွပ် ခွပ် ခွပ်'

'ခွပ် ခွပ်'

'ခွပ် ခွပ်'

မြင်းခွာသံများ တဖြည်းဖြည်း နီးကပ်လာလေသည်။ ဆူညံသော မြင်းခွာသံများကြောင့် မေဟွားနှင့် သူ မြင်းလှည်း ကန့်လန့်ကာကို ဖွင့်ကာ အပြင်သို့ ကြည့်လိုက်သည်။

မြင်းသုံးစီး အရှိန်ပြင်းစွာဖြင့် မြင်းလှည်းကို ဖြတ်ကျော်သွားသည်။ မြင်းပေါ်မှ မြင်းစီးသမားများ မြင်းလှည်းကို ကြည့်လိုက်သည်။

နောက်ဆုံး မြင်းပေါ်တွင် ပါလာသောလူက သူ့မြင်းပေါ်မှ လွှားခနဲ ခုန်ကာ ကောင်းလျှံမြင်းပေါ် ရောက်သွားလေသည်။

ထို့နောက်...

ကောင်းလျှံ မြင်းချည်ထားသောကြိုးကို ဖြတ်ကာ မောင်းယူသွားလေသည်။ မေဟွား ကောင်းလျှံကို တစ်ချက်ကြည့်လိုက်သည်။





မေဟွား သက်ပြင်းတစ်ချက်ချပြီး...

'ကျွန်မ ကြားဖူးတာက သိုင်းလောကသမားတွေက သူတို့မြင်းနဲ့ ဓားကို တန်ဖိုးထားကြတယ်လို့'

ကောင်းလျှံ အံ့သြသော အမူအရာဖြင့်...

'ဟုတ်လား'

'ရှင် ဘယ်လိုလူစားလဲ'

ကောင်းလျှံ ပြုံးပြီး...

'မသိဘူး'

'ရှင် သိုင်းလောကသား မဟုတ်ဘူးလား'

'သိုင်းလောကဆိုတာ ဘာလဲ'

မေဟွား ကောင်းလျှံအား ကြည့်ကာ...

'သိုင်းလောကဆိုတာ ရှိတယ်၊ ကျွန်မလဲ သွားမလို့။ ရှင် ဘယ်လိုလူလဲ'

'ကျွန်တော်က လူပျိုပါ'

'ဩော် ရှင်က လူထူးလူဆန်းတစ်ယောက်ပါလား'

'ဟုတ်လား'

ထိုစဉ်...

မြင်းခွာသံများ ထွက်ပေါ်လာပြန်သည်။ ကောင်းလျှံ မျက်ခုံးပင့်ပြီး အပြင်သို့ ကြည့်လိုက်သည်။

စောစောက ဖြတ်ကျော်သွားသော မြင်းသမားများ ဖြစ်သည်။ နောက်ဆုံးလူက ကောင်းလျှံမြင်းကို မြင်းလှည်းတွင် ပြန်ချည်ပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မေဟွား ထိုအဖြစ်အပျက်ကို ငေးကြည့်နေလေသည်။

'ရှင် ပြန်ပို့မယ်ဆိုတာ သိလို့ အေးအေးဆေးဆေး နေတာလား'

'ကျုပ်မြင်းက သူတို့အတွက် အသုံးမဝင်လို့ နေမှာပေါ့'

'ရှင်က ရယ်စရာ ပြောတတ်သားပဲ'

ကောင်းလျှံ ဘာမျှမပြောဘဲ နှုတ်ခမ်းမဲ့ပြလိုက်သည်။

'သူတို့က ဘယ်သူတွေလဲ'

ကောင်းလျှံ ပခုံးတွန့်ပြလိုက်သည်။

'ဘာလာလုပ်တာလဲ'

'မြင်း ပြန်လာပို့တာလေ'

'ရှင် ဘာကြောင့် စကားကို ကောင်းကောင်း မပြောတာလဲ'

'ကျုပ်လဲ မသိလို့ပါ'

မေဟွား တစ်ချက်ပြုံးပြီး...

'သူတို့ ရှင့်ကို ကြောက်တယ် ထင်တယ်'

'ကျုပ်ကိုကြောက်တယ် ဟုတ်လားဗျ'

ပြန်မေးလိုက်လေသည်။ မေဟွား နှုတ်ခမ်းတစ်ချက် ကိုက်ပြီး...

'ရှင့်ခါးက လူဘယ်နှစ်ယောက် သတ်ပြီးပြီလဲ'

'ဟာဗျာ ကျုပ်က လူသတ်သမားပုံ ပေါက်နေလို့လား'

လျင်မြန်စွာ မေးလိုက်လေသည်။

✧ ❂ ✧





မေဟွား ကောင်းလျှံကို ခြေဆုံးခေါင်းဆုံးကြည့်ပြီး ခေါင်းယမ်းကာ...

'လူသတ်သမားနဲ့ မတူဘူး'

မေဟွား ကောင်းလျှံကို တစ်ချက်ကြည့်ပြီး ပြောရာ ကောင်းလျှံ မျက်မှောင်ကြုတ်ပြီး...

'ဒါဆို ဘာနဲ့တူလဲ'

မေဟွား တစ်ချက် ရယ်မောပြီး...

'သူခိုးနဲ့ တူတယ်'

ကောင်းလျှံ ပြုံးပြီး...

'ဟုတ်လား'

'ဟုတ်တယ်။ မိုးပျံသူခိုးနဲ့ တူတယ်'

'ခင်ဗျား ရယ်စရာ ပြောတတ်သားပဲ'

'ရှင်လို သူခိုးတစ်ယောက် ရှိသေးတယ်'

'ဟုတ်လား'

'ဟုတ်တယ်။ ရှင် မကြားဖူးဘူးလား'

ကောင်းလျှံ ခေါင်းခါပြီး...

'မကြားဖူးဘူး။ ဒါနဲ့ စောစောကလူတွေက ကျုပ်ကို ကြောက်တာ မဟုတ်ဘဲ ခင်ဗျားကို ကြောက်တာ ဖြစ်မယ်'

'ကျွန်မက လူသတ်သမားပုံလား'

ကောင်းလျှံ သူမအား ခြေဆုံးခေါင်းဆုံး ကြည့်ပြီး...

'ခင်ဗျားက ချစ်စရာကောင်းတယ်'

'ဘာပြောတယ်'



www.burmeseclassic.com

www.burmeseclassic.com



'လူသတ်သမားနဲ့ မတူဘူးလို့ ပြောတာပါ'

မေဟွား မျက်စောင်းတစ်ချက် ထိုးပြီး...

'ဒါဆို သူတို့က ဘာကြောင့် ကျွန်မကို ကြောက်ရမှာလဲ'

ကောင်းလျှံ သူမအား ပြုံးကြည့်ကာ...

'ရှေးလူကြီးတွေ ပြောကြတယ်'

'ဘာလဲ'

'ဓားဘယ်လောက်ထက်ထက် မိန်းကလေးအလှကို မမီဘူးတဲ့'

'ဒါဆို ရှင်ရော ကျွန်မကို ကြောက်နေလား'

'မကြောက်လို့ မရဘူး ထင်တာပဲ'

မေဟွား ပြုံးပြီး...

'ဘာကြောင့်လဲ'

'မပြောရဲဘူး'

'ဘာကြောင့်လဲ'

'ကြောက်လို့'

'ဒါဆို ကျွန်မစကား နားထောင်ရမယ်'

'နားထောင်ရတော့မှာပေါ့'

'ကျွန်မ ဗိုက်ဆာတယ်။ ထမင်းဆိုင်တစ်ဆိုင်မှာ ခဏရပ်မယ်'

ကောင်းလျှံ ခေါင်းညိတ်ပြီး...

'ဟုတ်ကဲ့'

ကောင်းလျှံ ပြုံးပြီး ပြောလိုက်လေသည်။

○ ✦ ○



## အခန်း (၉)

ကောင်းလျှံ မူးနေလေသည်။ ခေါင်းပင် မထူနိုင်ပါ။ သူ အရက်မျိုးစုံ သောက်ဖူးသည်။

သို့သော်...

တစ်ခါမျှ ယခုလို မမူးပါ။ ရှောင်ဖုန်း၏ လက်တစ်ဖက်သာ သူ့လည်ပင်းကို လာမထိပါက သူ သတိရမည် မဟုတ်သေးပါ။ ရှောင်ဖုန်း လက်တစ်ဖက်သည် သံမဏိချိပ်ကောက်တစ်ခု တပ်ထားသည်။

ထို ရှောင်ဖုန်း၏ အထိအတွေ့ကြောင့် ကောင်းလျှံကိုယ် လူးလွန့်လာလေသည်။ သူ မျက်လုံးဖွင့်လိုက်သည်။

သူ့ခေါင်းတစ်ခုလုံး ကိုက်ခဲနေလေသည်။

'ရှောင်ဖုန်း'

သူ မျက်လုံးဖွင့်သည်နှင့် ရှောင်ဖုန်းကို တွေ့ရသည်။

ရှောင်ဖုန်း ခေါင်းညိတ်ပြီး...

'ဟုတ်တယ်၊ ကျုပ် ရှောင်ဖုန်းပဲ။ ဘာလဲ မင်း အံ့သြနေလား'

ပြန်မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလျှံ ကိုက်ခဲနေသော သူ့ခေါင်းကို လက်နှစ်ဖက်ဖြင့် အုပ်ကိုင်ပြီး...

'မင်း ဘယ်လိုလုပ် ရောက်လာတာလဲ'

ပြန်မေးလိုက်ရာ ရှောင်ဖုန်း ပြုံးပြီး...

'မင်းမိဘတွေ ကောင်းမှုကြောင့်ပေါ့'

'ထားပါတော့။ ကျုပ် တစ်ခု မေးပါရစေ'

'မေးပါ'

ကောင်းလျှံ ခြောက်သွေ့နေသော နှုတ်ခမ်းကို လျှာဖြင့် တစ်ချက်သိမ်းပြီး...

'ကျုပ် ဒီမှာရှိတယ်ဆိုတာ ဘယ်လိုသိလဲ'

ရှောင်ဖုန်း ကောင်းလျှံကို မျက်မှောင်ကြုတ်ကြည့်ပြီး...

'မင်း ဘယ်မှာရှိတယ် ထင်လို့လဲ'

ရှောင်ဖုန်းစကားကြောင့် ကောင်းလျှံ လဲနေရာမှထပြီး ပတ်ဝန်းကျင်ကို လှည့်ကြည့်လိုက်သည်။

အခန်းကျယ်ဝန်းပြီး သန့်ရှင်းနေလေသည်။ သူကိုယ်တိုင် သန့်ရှင်းသပ်ရပ်သော ခုတင်တစ်လုံးပေါ် ရောက်နေသည်။

ပြတင်းပေါက်မှ ကြီးမားသော ညောင်ပင်ကြီးကို လှမ်းတွေ့နေရလေသည်။

'မင်း ကျုပ်ကို ဒီနေရာ ခေါ်လာတာလား'

ရှောင်ဖုန်းကို နားမလည်သလို မေးလိုက်သည်။ ရှောင်ဖုန်း ပြုံးပြီး ခေါင်းညိတ်ကာ...

'ကျုပ် မခေါ်ရင် သူတို့က မင်းကို လမ်းဘေး ပစ်ထားမှာပေါ့'





ကောင်းလျှံ တစ်စုံတစ်ရာ သတိရဟန်ဖြင့်...

'ကျုပ်နဲ့အတူ မိန်းကလေးတစ်ယောက်ကိုရော မတွေ့ဘူးလား'

ရှောင်ဖုန်း ခေါင်းညိတ်ပြီး...

'တွေ့ပါတယ်'

'ဘယ်မှာလဲ'

ရှောင်ဖုန်း ပြုံးပြီး...

'သူလဲ မင်းလိုပဲ အရက်မူးနေလို့ ကျုပ် ခေါ်ခဲ့ရတယ်'

ကောင်းလျှံ ရှောင်ဖုန်းကို တစ်ချက်ကြည့်ပြီး...

'ကျုပ် မတွေ့ပါလား'

'မင်းမျက်လုံးက ဟိုဘက်အခန်းကို ဖောက်ပြီး မြင်နိုင်လို့လား'

'ဟိုဘက်အခန်းမှာလား'

ရှောင်ဖုန်း ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်။ သူလဲ မူးနေလို့ ကျုပ် သိပ်ထားတယ်။ ဘာလဲ မင်း ငါပြောတာ မယုံလို့လား'

'မဟုတ်ပါဘူး'

'မင်းတို့နှစ်ယောက်စလုံး ထမင်းဆိုင်မှာ အရက်သောက်၊ ထမင်းစားရင်း အရက်အရမ်းမူးနေတာ ဆိုင်အလုပ်သမားတွေက ဆိုင်ပြင်ထုတ်မယ်လုပ်တုန်း ကျုပ် ရောက်ပြီး ခေါ်လာခဲ့တာ သိလား'

'အဲဒီဆိုင်က အရက်က ဘာအရက်လဲ'

ရှောင်ဖုန်း အံ့သြဟန်ဖြင့် ကြည့်ကာ...

'ငါ ဘယ်သိမလဲ။ မင်းသောက်တာ မင်းသိရမှာပေါ့။ ဘာဖြစ်လို့လဲ'



www.burmeseclassic.com

www.burmeseclassic.com



'သုံးခွက်လောက် သောက်တာနဲ့ မူးတဲ့အရက်နာမည် သိချင်လို့ပါ'

ရှောင်ဖုန်း အံ့ဩဟန်ဖြင့်...

'ဘာလဲ မင်း အရက်သုံးခွက်ပဲ သောက်တာ ဟုတ်လား'

'ဟုတ်တယ်'

ရှောင်ဖုန်း သဘောကျစွာ ရယ်မောလိုက်လေသည်။

'မင်းလား သုံးခွက်နဲ့ မူးမှာ'

'ဘာပဲဖြစ်ဖြစ် မင်းကို ကျေးဇူးတင်ပါတယ်'

'မလိုပါဘူးကွာ။ ဒါနဲ့ မင်းကို တစ်ခု မေးရမယ်'

'ဘာများလဲ'

'မင်း ဘာရောထူးလဲ ငါ့ကို ပြောပါဦး'

ရှောင်ဖုန်းစကားကြောင့် ကောင်းလျှံ နားမလည်သလို ဖြစ်သွားကာ မျက်မှောင်ကြုတ်ပြီး...

'ဘာပြောတာလဲ'

'မင်း မသိဘူးလား'

'မသိဘူး'

'ဒါဆို မင်း သက်တော်စောင့်တွေက ဘာကြောင့် လာစောင့်နေတာလဲ'

'ဘာပြောတယ်၊ သက်တော်စောင့် ဟုတ်လား'

'ဟုတ်တယ်၊ ဆယ်ယောက်လောက် ရှိတယ်'

ပြောရင်း ပြတင်းပေါက်ကို မေးငေါ့ပြလိုက်သည်။

✧ ⚙ ✧





ရှောင်ဖုန်းစကားကြောင့် ကောင်းလျှံ မျက်လုံးပြူးကျယ်သွားလေသည်။

'ဆယ်ယောက် ဟုတ်လား'

ရှောင်ဖုန်း ပြုံးပြီး ခေါင်းညိတ်ပြလိုက်သည်။

'ဟုတ်တယ်။ အားလုံး နာမည်ကြီးတဲ့လူတွေပဲ'

'မင်း ကျုပ်ကို ရှင်းရှင်းပြောပါ။ မင်း ပြောတဲ့လူတွေ ဘယ်သူတွေလဲ ပြောပါ'

'မင်း မတ်တတ်ရပ်နိုင်လား'

'ဘာဖြစ်လို့လဲ'

'မင်း ရပ်နိုင်ရင် ပြတင်းပေါက်က ထကြည့်လိုက်လေ'

ကောင်းလျှံ ရှောင်ဖုန်းစကားကြောင့် အတန်ကြာအောင် နေပြီးမှ သက်ပြင်းချကာ...

'ကျုပ်ဘာသာ ကြည့်တာပဲ ကောင်းပါတယ်'

ပြောရင်း ခုတင်မှ ဆင်းကာ ပြတင်းပေါက်သို့ လျှောက်သွားလေသည်။ ရှောင်ဖုန်း နောက်မှ လိုက်လာသည်။

ကောင်းလျှံ ပြတင်းပေါက်မှ ကြည့်ရာ ကျဉ်းမြောင်းသော လူသွားလမ်းကလေးကို တွေ့ရသည်။ ထိုလမ်းဘေးတွင် လူတစ်ယောက် ထိုင်နေသည်။

'သူ ဘယ်သူလဲ သိလား'

ကောင်းလျှံ အတန်ကြာအောင် စဉ်းစားနေပြီးမှ ခေါင်းယမ်းကာ...

'မသိဘူး'



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုန်း မဲ့ပြုံးပြုံးပြီး...

'သူဆောင်းထားတဲ့ ဦးထုပ်ကို ချွတ်လိုက်ရင် မင်း သိမှာပါ'

'ဘာကြောင့်လဲ'

'သူ့ဆံပင် နီနေလို့'

'ဘာလဲ ရွှေနားကွင်းဂိုဏ်းချုပ်လို့ ပြောတာလား'

'မင်းကြည့်ဦး ညောင်ပင်အောက်မှာ ရှိသေးတယ်။ သူ့ကိုရော သိလား'

ကောင်းလျှံ ရှောင်ဖုန်း ညွှန်ပြရာ ကြည့်လိုက်သည်။

ညောင်ပင်အောက်တွင် လက်တွန်းလှည်းတစ်စီး ရှိသည်။ စားစရာရောင်းသော တွန်းလှည်းနှင့်လူကို တွေ့ရသည်။

ရှောင်ဖုန်း မဲ့ပြုံးပြုံးပြီး...

'မင်း အဲဒီဈေးသည်ကို ဒေါ်လား'

မေးလိုက်ရာ ကောင်းလျှံ ခေါင်းခါပြပြီး...

'မသိဘူး'

ရှောင်ဖုန်း ပြုံးလျက်...

'မင်း သေသေချာချာ မကြည့်ဘူးလားကွ'

ကောင်းလျှံ မျက်မှောင်ကြုတ်ပြီး...

'ဘာလဲ သူက တခြားဈေးသည်တွေထက် ထူးခြားနေလို့လား'

'သူ့ရေနွေးအိုးကို မင်း မတွေ့ဘူးလား'

'တွေ့တယ်'

ရှောင်ဖုန်း ပြုံးပြီး...

'ဒီလောက်ကြီးတဲ့ ရေနွေးအိုးကို လက်တစ်ဖက်တည်းနဲ့ ဘယ်သူက ရေနွေး ထည့်ပေးနိုင်မလဲ'





ကောင်းလျှံ ရှောင်ဖုန်းစကားကြားမှ ရေနွေးအိုးကြီးအား ရေနွေးအိုးငယ်ထဲ မ,ကာ လောင်းထည့်နေသော ဈေးသည်ကို အတန်ကြာအောင် ကြည့်ပြီး...

'ဒီလောက်ကြီးတဲ့ ရေနွေးအိုးကိုင်ပြီး လောင်းထည့်နိုင်တဲ့လူ မဆိုးဘူး'

ရှောင်ဖုန်း ပြုံးပြီး...

'သူက ဒီလောက် ရေနွေးအိုး မပြောနဲ့ ဒီထက်လေးတဲ့ ဓားကို ကိုင်တာ မင်း ယုံလား'

ရှောင်ဖုန်းစကားကြောင့် ကောင်းလျှံ အံ့ဩဟန်ဖြင့် ပခုံးတစ်ဖက် ပင့်လိုက်ပြီး...

'ဘာလဲ သူက ပထမဓား ကျန်းချန်ဖုန်းရဲ့ တပည့်လို့ ပြောတာလား'

ရှောင်ဖုန်း နှာခေါင်းရှုံ့ပြီး ခေါင်းယမ်းကာ...

'မပြောပါဘူး'

'ဒါဖြင့် သူက...'

သူ စကားဆက်မပြောဘဲ သစ်ပင်အောက်မှ ဈေးသည်ကို တစ်ချက် လှမ်းကြည့်လိုက်သည်။

ရှောင်ဖုန်း ပြုံးပြီး...

'ဟုတ်တယ်၊ သူက သူ့တပည့်မဟုတ်ဘူး။ ပထမဓား ကျန်းချန်ဖုန်း ကိုယ်တိုင်ပဲ'

တစ်လုံးစီ ပြောလိုက်လေသည်။

○ ✦ ○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၀ )

ကောင်းလျှံ မိမိမျက်လုံးများ၊ နားများကို မယုံချင်ပါ။ သို့သော် မယုံ၍ မရပါ။ ရောင်ဖုန်း အံ့ဩနေသော ကောင်းလျှံပခုံးကို ပုတ်ကာ...

'ပထမဆား ကျန်းချန်ဖုန်းကိုတော့ မင်းရဲ့ သက်တော်စောင့်အဖြစ် ထားမယ် မထင်ဘူး၊ ထားရင်လဲ ကျုပ် ဂုဏ်ယူရမှာပဲ'

ကောင်းလျှံ ပြုံးလိုက်ပြီး...

'အေးဗျာ ကျုပ် ဘယ်တုန်းက ရာထူးတက်သွားလဲ မသိတော့ဘူး'

ညည်းညူလိုက်လေသည်။

ထိုစဉ်...

ရုတ်တရက် လမ်းထိပ်သို့ လူတစ်ယောက် ရောက်လာသည်ကို ကောင်းလျှံနှင့် ရောင်ဖုန်းတို့ တွေ့လိုက်ရလေသည်။

ထိုလူသည် သက္ကလတ်ဦးထုပ် ဆောင်းထားသည်။ ဦးထုပ်တွင် အနီရောင်ဖဲပြား ပတ်ထားသည်။ အစိမ်းရောင်ဝတ်စုံ ဝတ်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုလူမှာ ရဲမက်တစ်ဦးဖြစ်မည် ထင်သည်။ ထို အစိမ်းရောင် ဝတ်စုံရှင်သည် လက်တွန်းလှည်းဖြင့် ရောင်းချသောဆိုင်ဘေးတွင် ထိုင်ကာ အစားအသောက် မှာစားသည်။

ကောင်းလျှံ ပြုံးပြီး...

'ကျွန်းချန်ဖုန်း ဈေးရောင်းတာ ဓားကိုင်တာထက် အဆင်ပြေတယ်'

ရှောင်ဖုန်း ရယ်မောပြီး...

'အခု မုန့်ဝယ်စားတဲ့လူကိုရော သိလား'

'ရဲမက်တစ်ဦး ထင်တယ်'

'သူက ပထမဓားသမားကို အချိန်မရွေး သတ်နိုင်တယ်ဆိုရင် မင်း ယုံမလား'

'သူက ဘယ်သူလဲ'

ရှောင်ဖုန်း မချိုပြုံး ပြုံးပြီး...

'သူက မြင်းဖြူ အမြီးစီးတယ်'

ကောင်းလျှံ ရှောင်ဖုန်းစကားကြောင့် မျက်မှောင်ကြုတ်ပြီး...

'ဘာလဲ သူက မြင်းဖြူရှင်လား'

'မင်း မယုံဘူးလား'

'မြင်းဖြူရှင်က တစ်ကိုယ်တော် ဓားပြပဲ။ ဘာကြောင့် ရဲမက်ဖြစ်သွားတာလဲကွ'

'မသိဘူး။ မင်းကြောင့် ဒီရာထူး ရသွားတာ ထင်တယ်'

ကောင်းလျှံ သက်ပြင်းချလိုက်သည်။

'ရှောင်ဖုန်း ဒီမှာ ဘာတွေဖြစ်နေတာလဲ။ သူတို့အပြင် ဘယ်သူရှိသေးလဲ'





ရှောင်ဖုန်း ပခုံးတွန့်ပြပြီး...

'ဒီမှာ ဘာတွေဖြစ်နေတယ်ဆိုတာက မင်းပြောမှ သိရမှာ။ ဒီလူတွေအပြင် ဘယ်သူတွေရှိလဲ ဆိုတာတော့ မင်း ဟိုဘက်ပြတင်းပေါက်က ကြည့်ကွာ'

ကောင်းလျှံ နှုတ်ခမ်းတစ်ချက်ကိုက်ပြီး...

'ဟိုဘက်ကလူတွေက ဒီဘက်ထက်သာမယ် ထင်တယ်'

ရှောင်ဖုန်း နှုတ်ခမ်းတွန့် ပြုံးပြီး...

'ဒါပေါ့၊ အားလုံး လူစွမ်းကောင်းတွေချည်းပဲ'

ကောင်းလျှံ ရှောင်ဖုန်းကို အတန်ကြာအောင် ကြည့်ပြီး...

'နေပါဦး'

'ပြောပါ'

'ဒီလူတွေ ရောက်နေတာ မင်း ဘယ်လိုလုပ် သိလဲ'

'ဒီနေရာက ကျုပ်ပိုင်နက်လေ'

'ဒီနေရာက မင်းပိုင်နက်မှန်း မသိဘဲ ကျုပ်က လူမှန်းမသိအောင် မှူးပါ့မလား'

'ဘာလဲ မင်းက မင်းနောက်ကို လိုက်နေမှန်းသိလို့ ငါပါ ဒုက္ခရောက်အောင် လုပ်တာလား'

ကောင်းလျှံ ပြုံးပြီး လက်ကာပြကာ...

'သူငယ်ချင်းကောင်းဆိုတာ တစ်ယောက်နဲ့တစ်ယောက် ကူညီရမယ်လေ'

'မင်း ဘာတွေ ဖြစ်လာတာလဲ'

'ကျုပ်လဲ မသိဘူး။ သူတို့က ဘာကြောင့် လိုက်လာတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ မင်း ဘာဖြစ်လာတယ်ဆိုတာ မင်း မသိရင် ငါက ဘယ်လိုလုပ် သိမှာလဲ'

ကောင်းလျှံ ပြုံးလိုက်သည်။

'ဘာပဲဖြစ်ဖြစ် မင်းပိုင်နက်ထဲ ရောက်နေပြီ။ ကျုပ်ကို မှဲ့တစ်ပေါက်မစွန်းအောင် တာဝန်ယူရမယ်နော် ဟုတ်လား'

'တော်တော့ ဟေ့ကောင်၊ မင်းက မင်းဖြစ်ချင်တာပဲ ပြောမှာမဟုတ်လား'

ကောင်းလျှံ ပြုံးပြီး...

'မင်းကိုပဲ အားလုံး တာဝန်မပေးပါဘူးကွာ။ ကျုပ်လဲ ဝင်ကူမှာပေါ့'

ကောင်းလျှံစကားကြောင့် ရောင်ဖုန်း မျက်မှောင်ကြုတ်ပြီး...

'နေပါဦး မင်းက ဘာတာဝန် ခွဲဝေယူမှာလဲ'

ကောင်းလျှံ ပြောင်ချော်ချော် မျက်နှာဖြင့်...

'မင်းက ကျုပ်အတွက် စားဝတ်နေရေးနဲ့ လုံခြုံရေး တာဝန်ယူ'

'မင်းကရော...'

'ကျုပ်က စားတာ၊ သောက်တာ၊ အိပ်တာ တာဝန်ယူမယ်'

'မင်း ပင်ပန်းနေပါမယ် သူငယ်ချင်းရာ'

'ရပါတယ်ကွာ ပင်ပန်းပါစေ၊ ဒီတာဝန်တွေကို ကျုပ် လိုချင်တာပါ'

ပြောပြီး နှစ်ယောက်သား ရယ်မောကြလေသည်။ ရောင်ဖုန်းလည်း အားရပါးရ ရယ်မောလိုက်လေသည်။

✧ ◎ ✧





ရွှေဥဒေါင်း တည်းခိုခန်းတွင် ကောင်းလျှံ တည်းခိုနေလေသည်။ ထိုတည်းခိုခန်းပိုင်ရှင်မှာ ရောင်ဖုန်း ဖြစ်သည်။

ယခု ရောင်ဖုန်းနှင့် ကောင်းလျှံတို့ ရွှေဥဒေါင်း တည်းခိုခန်းအပေါ်ထပ် ယာဘက်အစွန်ဆုံးအခန်းတွင် ရှိနေကြသည်။ အခန်းရှေ့ပြတင်းပေါက်မှကြည့်လျှင် အရှေ့ပိုင်း ခြံဝင်းတစ်ခုလုံးကို မြင်ရသည်။

ခြံဝင်းထောင့် တစ်နေရာတွင် သစ်သားစင်တစ်ခု ရှိသည်။ ထိုသစ်သားစင်တွင် သဇင်ပန်းများ စိုက်ပျိုးထားသည်။

ထို ပန်းစင်အောက်တွင် ငါးအလှမွေးထားသော ဖန်ချိုင့်တစ်လုံးရှိသည်။ ထိုနေရာတွင် လူဝကြီးတစ်ယောက် ထိုင်နေသည်။

ထိုလူဝကြီးသည် လက်နှစ်ဖက် နောက်ပစ်ကာ အလှမွေးထားသော ငါးကလေးများကို ကြည့်နေသည်။

လူဝကြီးနောက်တွင် ပိန်ပိန်နှင့် လူတစ်ယောက် ရှိနေသည်။

ထိုစဉ်...

တစ်ခေါင်းလုံး ဖြူဖွေးနေသော ဆံဖြူအဘွားအိုတစ်ဦးနှင့် တစ်ဆယ့်နှစ်နှစ်အရွယ် ကလေးတစ်ယောက်တို့ ခြံဝင်းအတွင်း ဝင်လာလေသည်။

ထိုအချိန်တွင် သန်မာထွားကျိုင်းသော လူသုံးယောက် ခြံဝင်းအုတ်တံတိုင်းကို မှီကာ ရွှေဥဒေါင်းတည်းခိုခန်းကို ကြည့်နေလေသည်။

ကောင်းလျှံ လူထွားကြီးများကို အတန်ကြာအောင် ကြည့်ပြီး ရောင်ဖုန်းဘက် လှည့်ကာ...

'ကျုပ် သူတို့ကို တွေ့ခဲ့တယ်'

'ဘယ်သူတွေလဲ'



www.burmeseclassic.com

www.burmeseclassic.com



'လူထွားကြီး သုံးယောက်'

'အဲဒီ သုံးယောက်လား'

'ဟုတ်တယ်'

'ဘယ်မှာ တွေ့တာလဲ'

'လမ်းမှာ'

ရှောင်ဖုန်း ကောင်းလျှံကို အတန်ကြာအောင် ကြည့်ပြီးမှ...

'သူတို့နဲ့ မင်း ဘာဖြစ်ခဲ့လဲ'

ကောင်းလျှံ ပြုံးပြီး...

'ဘာလဲ မင်းက ထမင်းလက်စုံ စားခဲ့တယ် ထင်လို့လား'

'မင်း သူတို့နဲ့ ထမင်းလက်ဆုံစားရင် မင်းခေါင်း စွပ်ပြုတ် ဖြစ်သွားမှာပေါ့'

'အခု မဖြစ်ဘူး'

'ဒါကြောင့် မင်း ဘာဖြစ်ခဲ့တာလဲ မေးတာပေါ့'

'ကျုပ်မြင်းကို ယူသွားတယ်။ ပြန်လာပို့တယ်'

'ဟုတ်လား'

'ဟုတ်တယ်'

'မယုံဘူး'

ကောင်းလျှံ ပခုံးတွန့်လိုက်လေသည်။

○ ✧ ○



## အခန်း ( ၁၁ )

ရှောင်ဖုန်းသည် ကောင်းလျှံစကား ကြားသောအခါ မျက်မှောင် ကြုတ်ပြီး...

'မင်း တော်တော် ကြီးကျယ်ပါလားကွ'

ကောင်းလျှံ မျက်ခုံးပင့်ပြီး...

'ဘာဖြစ်လို့လဲ'

'ရွှေနဂါးဂိုဏ်းချုပ်က မင်းရဲ့မြင်းကို ယူသွားပြီး ပြန်လာပို့မှာ'

ကောင်းလျှံ ပြုံးပြီး...

'ကျုပ်မြင်းက သူ့အတွက် အသုံးမဝင်လို့ ဖြစ်မှာပေါ့'

ရှောင်ဖုန်း သက်ပြင်းတစ်ချက်ချပြီး...

'သူတို့က ရွှေနဂါးဂိုဏ်းကဆိုတာ သေချာပါတယ်နော်'

'ဒီလောက် အတင့်ရဲတာ သူတို့ပဲ ဖြစ်မှာပေါ့'

'သူတို့က မင်းမြင်းကို ဘာကြောင့် ယူသွားတာလဲ'

'မင်း သိချင်ရင် ပြောပြနိုင်တဲ့လူ ရှိတယ်'

'ဘယ်သူလဲ'



www.burmeseclassic.com

www.burmeseclassic.com



'သူတို့ပေါ့'

'မင်း ဘာကြောင့် သူတို့နဲ့ သွားပတ်သက်ရတာလဲ'

'ကျုပ်က သွားပတ်သက်တာ မဟုတ်ဘူး။ သူတို့က လာပတ်သက်တာ'

ရောင်ဖုန်း သက်ပြင်းချပြီး...

'အခု မင်းကို သူတို့ စောင့်ကြည့်နေပြီ'

ကောင်းလျှံ ဘဝင်မြင့်သော လေသံဖြင့်...

'ကျုပ် ဒီလောက် အရေးပါတဲ့လူမှန်း မသိခဲ့ဘူး'

ရောင်ဖုန်း ကောင်းလျှံ အမူအရာကို အမြင်ကတ်ဟန်ဖြင့် မျက်နှာတစ်ချက် ရှုံ့မဲ့ပြီး...

'မင်းကိုယ်မင်း ဘာကောင်ထင်နေလဲ'

'ကျုပ်က ကောင်းလျှံလေ'

'ကောင်းလျှံက ဘာကောင်လဲ'

ကောင်းလျှံ ပြုံးပြီး...

'ကောင်းလျှံဆိုတာ မိုးပျံသူခိုးလေ'

'မိုးပျံသူခိုးကရော ဘာကောင်လဲ'

'သူလား'

'ဟုတ်တယ်'

'သူက အသက်ရှင်နေသေးတဲ့ လူတစ်ယောက်လေ'

ပြောပြီး သဘောကျသလို ရယ်မောလိုက်သည်။

ထိုစဉ်...

'ရှူး'

အရာဝတ္ထုတစ်ခုခု ကွဲသံ ကြားလိုက်ရသည်။





ထို့ကြောင့်...

ကောင်းလျှံနှင့် ရောင်ဖုန်းတို့ ပြတင်းပေါက်မှတစ်ဆင့် သဇင်ပန်းခင်းကို ကြည့်လိုက်သည်။

သဇင်ပန်းခင်းအောက် အလှမွေးထားသော ငါးကန် အစိတ်စိတ် အမြွှာမြွှာ ကွဲနေသည်ကို တွေ့ရသည်။

ငါးများ ပြန့်ကျဲကာ ကျသွားလေသည်။

လူဝကြီး ငါးကန်မှ ရေများ သူ့အား စဉ်မည်စိုးသောကြောင့် ခုန်ရှောင်လိုက်လေသည်။

'ရောင်ဖုန်း'

'ဘာလဲကွ'

'လူဝကြီးကို ကြည့်စမ်း၊ သူ့ကိုယ်ဖော့ပညာ ဘယ်လောက် ကောင်းလဲ'

ရောင်ဖုန်း မျက်နှာမဲ့ပြီး...

'မင်း သူ့ကို သိလား'

ကောင်းလျှံ ခေါင်းခါယမ်းလိုက်ပြီး...

'မသိဘူး'

ရောင်ဖုန်း ကောင်းလျှံကို မယုံကြည်သောအကြည့်ဖြင့် ကြည့်ကာ...

'မင်း သိုင်းလောကမှာ စိန်ဂိုဏ်းဆိုတာ ကြားဖူးလား'

ကောင်းလျှံ ရယ်မောပြီး...

'ကျုပ် ဒီလောက် မအသေးပါဘူး။ ကြားဖူးပါတယ်'

ရောင်ဖုန်း ပြုံးပြီး...

'ဒါဆို သူ့ကို ဘာကြောင့် မသိတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'သူက စိန်ဂိုဏ်းကလား'

ရှောင်ဖုန်း ခေါင်းယမ်းပြီး...

'ဂိုဏ်းက မပဟုတ်ဘူး။ ဂိုဏ်းချုပ်ပဲ'

ရှောင်ဖုန်းစကားကြောင့် ကောင်းလျှံ မျက်လုံးပြူးသွားပြီး...

'ဘာပြောတယ်၊ သူက စိန်ဂိုဏ်းချုပ် ဟုတ်လား'

ရှောင်ဖုန်း ခေါင်းညိတ်ပြီး...

'ဟုတ်တယ်။ သူက စိန်ဂိုဏ်းချုပ် ချူးသခင်လေးပဲ'

ကောင်းလျှံသည် ရှောင်ဖုန်းစကားကို အလွန် အံ့သြသော အကြည့်ဖြင့် ကြည့်ကာ ခေါင်းခါယမ်းပြီး သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'မင်း သူ့နောက်က သက်တော်စောင့်ကိုရော သိလား'

ရှောင်ဖုန်း ခေါင်းယမ်းလိုက်လေသည်။

'မသိဘူး'

ကောင်းလျှံ လူဝကြီးနောက်မှ အရိပ်ပမာ လိုက်နေသော ပိန်ရှည်ရှည်လူကြီးကို တစ်ချက်ကြည့်ကာ...

'ရှောင်ဖုန်း'

'ဘာလဲကွ'

'မင်း သူ့ကို ဘယ်လိုမြင်လဲ'

'သူ့လှုပ်ရှားမှုက တတိယ သိုင်းသမားပဲ'

'ချူးသခင်လေး ဘာကြောင့် ဒီလိုလူကို သက်တော်စောင့် ငှားထားတာလဲ'

မေးလိုက်သည်။

✧ ❂ ✧





ရှောင်ဖုန်း ပြုံးပြီး...

'မင်း သိချင်လား'

ကောင်းလျှံ ခေါင်းညိတ်ပြီး...

'သိချင်တယ်'

'ငါ မသိဘူး။ သိတဲ့လူတော့ ရှိတယ်'

ကောင်းလျှံ ရှောင်ဖုန်းကို မယုံကြည်ဟန်ဖြင့် ကြည့်ကာ...

'ဘယ်သူလဲ'

ရှောင်ဖုန်း ချူးသခင်လေးကို လက်ညှိုးညွှန်ပြပြီး...

'ချူးသခင်လေး'

'ဟာ'

အနက်ရောင် ကိုယ်ကျပ်အင်္ကျီ ဝတ်ဆင်ထားသော ပိန်ရှည်ရှည် လူတစ်ယောက် ထိုနေရာတွင် မလှုပ်မယှက် ရှိနေသည်။

သူ၏ ချိုင့်ဝင်နေသော မျက်လုံးများထဲတွင် စိတ်ရှုပ်ခြင်း၊ နာကြည်းခြင်းများ ပေါ်ထွက်နေသည်။

ကောင်းလျှံ အတန်ကြာအောင် ကြည့်ပြီးမှ သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဒီလူ့ကြည့်ရတာ သနားစရာ ကောင်းတယ်'

တစ်ယောက်တည်း ညည်းညူကာ ပြောလိုက်သည်။

ရှောင်ဖုန်း ကောင်းလျှံကို ကြည့်ပြီး...

'မင်းက သူ့ကို သနားတယ် ဟုတ်လား'

ကောင်းလျှံ ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဘာကြောင့်လဲ'

ကောင်းလျှံ့ သက်ပြင်းတစ်ချက်ချပြီး ခေါင်းယမ်းကာ...

'သူငယ်ချင်း ရှောင်ဖုန်း'

'ဘာလဲကွာ'

'လောကမှာ ကိုယ်မလုပ်ချင်တဲ့အလုပ်ကို အကြောင်းအမျိုးမျိုးကြောင့် လုပ်နေရတာ ဘယ်လောက် သနားစရာကောင်းလဲ'

ရှောင်ဖုန်း မျက်ခုံးပင့်ရင်း...

'သူက မလုပ်ချင်တဲ့အလုပ် လုပ်နေရတယ်လို့ မင်းကို ပြောလား'

'မင်း ကြည့်ပါလား'

'ဘာကြည့်ရမှာလဲ'

'သူ့ခါးမှာ ချိတ်ထားတဲ့ဓားကို ပြောတာ'

'တွေ့တယ်။ ဘာဖြစ်လဲ'

'သူ့ဓားက သာမန်ဓား မဟုတ်ဘူး'

'မင်း ပြောမှလားကွ'

ရှောင်ဖုန်း မကျေမနပ် ပြောလိုက်လေသည်။

○ ✦ ○



## အခန်း ( ၁၂ )

'သူ့ဓားက ဓားကောက်ပဲကွ'

ကောင်းလျှံ့ ပြုံးပြီး...

'သိုင်းလောကမှာ ဒီလိုဓားမျိုး ကိုင်နိုင်တဲ့လူရဲ့ သိုင်းပညာကို မင်း သိတယ် မဟုတ်လား'

ရှောင်ဖုန်း အံ့သြဟန်ဖြင့်...

'မင်း ပြောတာ မှန်တယ်'

'ဒါဆို ကျုပ် ဘာကြောင့် သူ့ကို သနားတယ်ဆိုတာ သိလား'

ရှောင်ဖုန်း ခေါင်းညိတ်လိုက်သည်။

'နေပါဦး ရွှေငါးထည့်ထားတဲ့ ဖန်ချိုင့်ကို ဘယ်သူ ခွဲပစ်တာလဲ'

ကောင်းလျှံ့ ချူးသခင်လေးကို မေးငေါ့ပြရင်း...

'ဖန်ချိုင့်ကို ခွဲတာ သူ မဖြစ်နိုင်ဘူး'

'မင်း ဘယ်သူခွဲတယ် ထင်လဲ'

'အရှေ့ဘက် တတိယအခန်းထဲမှာ ပုန်းနေတဲ့လူရဲ့ လက်ချက်ဖြစ်မယ်'



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်...

ချူးသခင်လေးသည် ထိုအခန်းဘက်သို့ တစ်ချက် လှမ်းကြည့်ကာ နှုတ်ခမ်းတစ်ချက် မဲ့ပြီး ပြုံးလိုက်သည်။ ရှောင်ဖုန်း တစ်ချက်ပြုံးပြီး...

'ချူးသခင်လေးနဲ့ မင်း အမြင်ချင်း တူနေတယ်။ သူလဲ အဲဒီအခန်းကို ကြည့်ပြီး ပြုံးနေတယ်'

ထို့နောက်...

ရှောင်ဖုန်း မျက်မှောင်ကြုတ်ပြီး...

'ကောင်းလျှံ'

'ပြော'

'မင်း ဟိုအဘွားကြီးရော သိကား'

ရှောင်ဖုန်း ပြရာသို့ ကောင်းလျှံ ကြည့်လိုက်သည်။ ခေါင်းတစ်ခုလုံး ဖြူဖွေးနေသော အဘွားအိုတစ်ယောက် ဇလုံ တစ်ခုကိုင်ကာ လျှောက်လာနေသည်။

အဘွားအိုသည် ကွဲသွားသော ဖန်ကန်ထဲမှ လွင့်စဉ်သွားသော ငါးကလေးများကို ဇလုံထဲ ကောက်ထည့်နေသည်။

ကောင်းလျှံက အဘွားအို လုပ်ကိုင်နေသည်ကို အတန်ကြာအောင် ကြည့်ပြီးမှ...

'မင်းရော သိလား'

ရှောင်ဖုန်းကို ပြန်မေးလိုက်သည်။ ရှောင်ဖုန်း ပြုံးပြီး...

'သိတယ်'

ကောင်းလျှံ ရှောင်ဖုန်းကို ကြည့်ပြီး...

'ဘယ်သူလဲ'





ရှောင်ဖုန်း စပ်ဖြဲဖြဲ ပြုံးကာ...

'အဘွားကြီး'

ကောင်းလျှံ မျက်မှောင်ကြုတ်ပြီး...

'ဒီအဘွားကြီးက ဘာလာလုပ်တာလဲ'

ရှောင်ဖုန်း ကောင်းလျှံကို အံ့သြဟန်ဖြင့် ကြည့်လိုက်သည်။

'သူငယ်ချင်း'

'ဘာလဲကွ'

'ဒီနေရာ ဘာနေရာလဲဆိုတာ မသိဘူးလားကွ'

'ပြောပါဦး ဘာနေရာလဲ ဆိုတာကို'

'ဒီနေရာက တည်းခိုခန်းလေကွာ'

'ဒါတော့ ကျုပ် သိတာပေါ့'

'ဒါဆို မင်း ဘာကြောင့် မေးတာလဲ'

ကောင်းလျှံ မျက်မှောင်ကြုတ်ပြီး...

'ကျုပ် မေးတာနဲ့ မင်း ဖြေတာ ဘာဆိုင်လဲ'

'ဆိုင်တယ်။ တည်းခိုခန်းဆိုတော့ ဘယ်သူဖြစ်ဖြစ် တည်းခိုဖို့ လာတာပေါ့'

ရှောင်ဖုန်း စကားကြောင့် ကောင်းလျှံ စိတ်ပျက်စွာ သက်ပြင်းတစ်ချက် ချလိုက်သည်။

'ထားပါတော့။ အခု ရောက်နေတဲ့လူတွေ အားလုံး ကျုပ်ဆီ လာတာလို့ မင်း ထင်နေလား'

'မဟုတ်ဘူးလား။ တည်းခိုခန်းမို့ လာတည်းတယ် ထင်လား'

ကောင်းလျှံ ပခုံးတစ်ချက် တွန့်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



'ဒါတော့ မပြောတတ်ဘူး'

'သူငယ်ချင်းဆိုတာ တစ်ယောက်ဒုက္ခရောက်ရင် တစ်ယောက် ကူညီရမယ်လေ'

'အေးလေ'

ရှောင်ဖုန်း ပြုံးပြီး...

'ဒါကြောင့် မင်း ကျုပ်ကို ပြောပြသင့်တယ်လေ'

ကောင်းလျှံ ပြုံးပြီး...

'ကျုပ်က ဘာကို ပြောပြရမှာလဲ'

'သူတို့ ဒီကို ဘာလာလုပ်တာလဲ'

ကောင်းလျှံ မျက်လုံးပင့်ပြီး...

'မင်း သိချင်ရင် သူတို့ကို သွားမေးပါလား'

'မင်းနဲ့သူတို့ ရန်ငြိုးရှိလား'

ကောင်းလျှံ ခေါင်းခါယမ်းပြရင်း...

'မရှိဘူး'

ရှောင်ဖုန်း နှုတ်ခမ်းတစ်ချက် ကိုက်ပြီး...

'သူတို့ပစ္စည်းတစ်ခုခု ဖြတ်လုလာလား'

ကောင်းလျှံ မျက်နှာမဲ့ပြီး...

'ကျုပ်ရုပ်က ဓားပြရုပ် ပေါက်နေလား။ မဟုတ်တာဗျာ'

✧ ◎ ✧





ရှောင်ဖုန်း ပြုံးပြီး...

'မင်းရုပ်က ဓားပြရုပ် မပေါက်ဘူး'

'ဘာပုံပေါက်လဲ'

'မင်းရုပ်က ခေါင်းတုံးပေါ် ထိပ်ကွက်မယ့်ပုံ ပေါ်နေတယ်'

ရှောင်ဖုန်းစကားကြောင့် ကောင်းလျှံ သဘောကျစွာ ရယ်မောလိုက်လေသည်။

အတန်ကြာမှ...

'ဒါဆို သူတို့ ကျုပ်ကို ဘာကြောင့် လာမဖမ်းသေးတာလဲ'

ရှောင်ဖုန်း မျက်နှာထားတည်တည်ဖြင့်...

'မင်းကို ကြောက်လို့ နေမှာပေါ့'

ကောင်းလျှံ ရယ်မောပြီး...

'ကျုပ်ကိုယ်ကျုပ် တော်တယ်ဆိုတာ အခုမှ သိတယ်'

'မင်းကို နိုင်မယ့်လူ လာအောင် စောင့်နေတာလား မသိဘူး'

'ဘယ်သူ့ကို စောင့်နေတယ်လို့ မင်းထင်လဲ'

'ရွှေနဂါးဂိုဏ်းခွဲမှူးတွေထဲက တစ်ယောက်ကို စောင့်နေတာ ဖြစ်မယ်။ မင်းတော့ မလွယ်ဘူး'

ကောင်းလျှံ ပြုံးပြီး...

'ကျုပ်အတွက် မလွယ်သလို သူတို့လဲ မလွယ်ဘူး'

'မင်းကိုယ်မင်း သိပ်အထင်ကြီးနေလား'

'သူငယ်ချင်း လောကမှာ သေရမှာမကြောက်တဲ့လူကို သတ်ရတာ အခက်ဆုံးပဲ'

ရှောင်ဖုန်း ဘာမျှမပြောတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလျှံကို အတန်ကြာအောင် ကြည့်နေပြီးမှ သက်ပြင်း တစ်ချက် ချကာ...

'သူတို့ မလွယ်တာထား၊ မင်းအနေနဲ့ ငဲ့ညှာစရာ အကြောင်း ရှိတယ်'

ရှောင်ဖုန်းစကားကြောင့် ကောင်းလျှံ မျက်လုံးပြူးပြီး...

'ကျုပ်က ဘယ်သူ့ကို ညှာရမှာလဲ ပြောပါဦး'

ရှောင်ဖုန်း တစ်ဖက်ခန်းကို မေးငေါ့ပြပြီး...

'မင်း သူ့ကို ထည့်မတွက်ဘူးလား'

'ဘယ်သူ့ကိုလဲ'

'မင်းနဲ့ အတူပါလာတဲ့ မိန်းကလေး'

ကောင်းလျှံ တစ်ချက်ပြုံးပြီး...

'သူနဲ့ ဘာဆိုင်လဲ'

'ကြွက်မနိုင် ကျီမီးရှို့ ဆိုတာ မင်း ကြားဖူးလား'

'သူ့ကို ဒုက္ခပေးမယ်လို့ မင်း ပြောတာလား'

'ဟုတ်တယ်'

ကောင်းလျှံ ဘာမှ မပြောတော့ပါ။

○ ✦ ○



## အခန်း ( ၁၃ )

ကောင်းလျှံ တစ်စုံတစ်ခုကို လေးနက်စွာ စဉ်းစားနေလေသည်။ ရှောင်ဖုန်း သက်ပြင်းတစ်ချက်ချပြီး...

'သူငယ်ချင်း'

'ဘာလဲ ရှောင်ဖုန်း'

'မင်း မိုးပေါ်မှာနေတာ ကောင်းရဲ့နဲ့ ဘာကြောင့် ဒီမှာလာပြီး ဒုက္ခခံနေရတာလဲ'

ရုတ်တရက် ပြောလိုက်ရာ ကောင်းလျှံ ရှောင်ဖုန်းကို ဖျတ်ခနဲ ကြည့်ပြီး...

'ကျုပ်က အခု ဒုက္ခဖြစ်နေလား'

ရှောင်ဖုန်း ခေါင်းယမ်းပြီး...

'အခုတော့ မဖြစ်သေးဘူး။ ဒါပေမယ့်...'

ရှောင်ဖုန်း စကားမဆက်ဘဲ ရပ်ထားလိုက်သည်။ ကောင်းလျှံ ရှောင်ဖုန်း မျက်နှာကို စေ့စေ့ကြည့်ကာ...

'ဘာလဲ မင်းက ကျုပ်ဒုက္ခဖြစ်တော့မယ်ဆိုတာ ကြိုသိနေလား'



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုန်း ပြုံးပြီး...

'သူငယ်ချင်း ဒုက္ခဆိုတာ အပေါင်းအဖော်ကို သိပ်မင်တာ။ သူလာရင် တစ်ယောက်တည်း မဟုတ်ဘူး၊ အပေါင်းအသင်းနဲ့ လာတာ'

ကောင်းလျှံ ပြုံးပြီး...

'အခု မလာသေးဘူး မဟုတ်လား'

'ကျုပ်အထင် ပြောရရင် လမ်းတစ်ဝက် ရောက်နေပြီ'

ကောင်းလျှံ ရှောင်ဖုန်းစကားကြောင့် သဘောကျစွာ တစ်ချက်ရယ်မောလိုက်သည်။ ရှောင်ဖုန်း မရယ်ပါ။

ကောင်းလျှံ ရယ်မောခြင်းကို ချက်ချင်း ရပ်လိုက်သည်။

တစ်ဖက်ခန်းမှ တဒုန်းဒုန်း ထုရိုက်သောအသံများ ဆူညံစွာ ထွက်ပေါ်လာသည်။ ကောင်းလျှံ ရှောင်ဖုန်းကို လှမ်းကြည့်လိုက်သည်။

ရှောင်ဖုန်း ပခုံးတွန့်ပြလိုက်သည်။ ကောင်းလျှံ တစ်ဖက်ခန်းကို မေးငေါ့ပြပြီး...

'ဟိုဘက်ခန်းက မဟုတ်လား'

'ဟုတ်တယ်'

ကောင်းလျှံ ဘာမျှမပြောဘဲ ထွက်ရန်ပြင်လိုက်သည်။ ရှောင်ဖုန်း ပြုံးပြီး...

'ဘယ်လိုလဲ သူငယ်ချင်း ဒုက္ခခံဖို့ သွားမှာလား'

ခနဲ့တဲ့တဲ့ မေးလိုက်သည်။ ရှောင်ဖုန်း စကားကြောင့် ကောင်းလျှံ ခြေလှမ်းများ တုံ့ခနဲ ရပ်သွားပြီး ရှောင်ဖုန်းကို ကြည့်ကာ...

'ဘယ်လို ဒုက္ခမျိုးလဲ'

ရှောင်ဖုန်းပြုံးပြီး ခေါင်းညိတ်ကာ...





'လူတွေက ခက်ပါတယ်။ ဒုက္ခကို ဒုက္ခလို့ မမြင်ဘူး။ ဒါကြောင့် ဒုက္ခလား၊ သုခလား ဆိုတာ မင်းကိုယ်တိုင်ပဲ သွားကြည့်တော့'

ကောင်းလျှံ ဘာမျှမပြော။ ခြေလှမ်းကျဲကျဲဖြင့် ထွက်သွားလေသည်။ ရှောင်ဖုန်း ကောင်းလျှံကျောပြင်ကို ကြည့်ကာ ကျန်ရစ်ခဲ့သည်။

တံခါးကို တဝုန်းဝုန်း ထုနေသည်။ ကောင်းလျှံ အပြင်မှ မင်းတုပ် ဖွင့်လိုက်သောအခါ တံခါးပွင့်သွားပြီး အထဲတွင် မေပွားကို တွေ့လိုက်ရသည်။

မေပွား ဆံပင်များ ပွနေသည်။ မျက်နှာတစ်ခုလုံး ဖြူရော်ကာ နေမကောင်းသူပုံ ပေါက်နေသည်။ သူမလက်ထဲတွင် ဖိနပ်ကို ကိုင်ထားသည်။

ကောင်းလျှံ တံခါးဝတွင်ရပ်နေသော သူမကို ခြေဆုံးခေါင်းဆုံး တစ်ချက်ကြည့်လိုက်သည်။ အိပ်ရာမှ နိုးစ မေပွားအလှကြောင့် သူ့အသက်ရှူရပ်သွားသည်။

မေပွား သူ့မကို စူးရှစွာ ကြည့်နေသောကြောင့် ရှက်သွားလေသည်။ သူမ ကောင်းလျှံကို မျက်စောင်းထိုးကာ...

'ဘာကြည့်တာလဲ'

မကျေမနပ် မေးလိုက်သည်။

ကောင်းလျှံ ခေါင်းယမ်းကာ...

'ဘာမှ မဟုတ်ပါဘူး'

'ရှင် ဘာကြည့်တာလဲ။ မလိမ်နဲ့'

'မဟုတ်ပါဘူး'

'ရှင် ကျွန်မကိုကြည့်ပြီး စိတ်ထဲက ရယ်နေတယ် မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'မဟုတ်ပါဘူး'

'မလိမ်နဲ့။ ရှင့်မျက်လုံးထဲမှာ ပေါ်နေတယ်'

'ဟုတ်လား။ ဒါဆို ကျုပ် အသည်းထဲမှာ ဘာဖြစ်နေတယ် ဆိုတာရော မပေါ်ဘူးလားဗျ'

မေဟွား ခေါင်းငုံ့ပြီး...

'အင်း'

'ဒါဆို မင်း သိတယ်ပေါ့'

မေဟွား ကောင်းလျှံကို မော့ကြည့်ပြီး...

'သိတယ်'

ကောင်းလျှံ သဘောကျစွာ ပြုံးလိုက်ပြီး...

'ကျုပ်ရင်ထဲ ဘာတွေဖြစ်နေတယ်ဆိုတာ ပြောပြပါလား'

မေဟွား မျက်စောင်းတစ်ချက်ကို ထိုးလိုက်ပြီး...

'မပြောချင်ပါဘူး'

ကောင်းလျှံ မျက်ခုံးပင့်ပြီး...

'ဘာဖြစ်လို့လဲ'

မေဟွားမျက်နှာ ပန်းရောင် ပြေးသွားလေသည်။

'မပြောချင်လို့'

'ပြောပါ'

'ရှင့်စိတ်ထဲက အကောင်းတွေးနေတာမှ မဟုတ်တာ'

'ဟောဗျာ'

ရေရွတ်လိုက်လေသည်။





မေဟွားသည် ကောင်းလျှံကို မျက်စောင်းထိုးပြီး...

'ဟောဗျာ မနေနဲ့။ ရှင့်ကသာ စိတ်ကောင်းရှိရင် ကျွန်မကို မှုးအောင်တိုက်မှာ မဟုတ်ဘူး'

ကောင်းလျှံ မျက်လုံးပြူးပြီး...

'ကျုပ်က အရက်တိုက်တယ် ဟုတ်လား'

မေဟွား ခေါင်းညိတ်လိုက်ပြီး...

'ဟုတ်တယ်လေ၊ ရှင်က အချမ်းပြေ အရက်သောက် ဆိုလို့ သောက်တာ၊ မူးအောင် တမင်တိုက်တာ မဟုတ်ဘူးလား'

ကောင်းလျှံ မျက်လုံးပြူးပြီး...

'ကျုပ်က စေတနာနဲ့ ပြောတာပါ'

'တော်ပါ ဘာစေတနာလဲ၊ အချမ်းပြေ တိုက်တာ ခွက်အကြီးကြီး နဲ့လား။ ရှင် တမင်တိုက်တာ ကျွန်မ မသိဘူး ထင်လား'

ကောင်းလျှံ ပါးစပ်ပိတ်သွားလေသည်။ ဘာမျှ မပြောတော့ပါ။ မိန်းကလေး သူ့ထင်မြင်ချက်ကို ယုံကြည်စွာ ပြောနေသမျှ ဖြေရှင်း၍ရမည် မဟုတ်တော့ပါ။

ကောင်းလျှံ ပါးစပ်ပိတ်ထားသော်လည်း မေဟွား ပါးစပ်မပိတ်ပါ။

သူမ ခါးထောက်ပြီး ကောင်းလျှံကို မျက်မှောင်ကြုတ် ကြည့်ကာ...

'ပြောပါဦး ကျွန်မ ပြောတာ မဟုတ်ဘူးလား'

ကောင်းလျှံ ဘာမျှမပြောပါ။ မေဟွား နှာခေါင်းတစ်ချက် ရှုံ့ပြီး...

'ရှင် မပြောနိုင်ဘူး မဟုတ်လား။ ရှင် မူးအောင်တိုက်ထားလို့ ခေါင်းကိုက်နေတယ်၊ ဘယ်လိုလုပ်မလဲ'



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလျှံ သက်ပြင်းတစ်ချက်ချပြီး…

'ကျုပ်က ဘာလုပ်ပေးရမလဲ'

ပြန်မေးလိုက်သည်။

ထိုစဉ်…

ရုတ်တရက် အသံလေးတစ်ခု သူ့နားထဲ ဝင်လာလေသည်။

'ခေါင်းကိုက်တာ ကျုပ် ကုတတ်ပါတယ်။ သူ့ခေါင်းကို မင်း ဖြတ်လိုက်။ သူ ခေါင်းမကိုက်တော့ဘူး'

ထိုအသံသည် သူတို့နောက်ဘက် စကြံလမ်းမှ ထွက်လာခြင်း ဖြစ်သည်။

ထို့ကြောင့်…

ကောင်းလျှံ အသံထွက်လာရာသို့ လျင်မြန်စွာ လှမ်းကြည့်လိုက်သည်။

သို့သော်…

မည်သူမျှ ရှိမနေပါ။ ကောင်းလျှံ ထိုလမ်းကလေးအတိုင်း မျှော်ကြည့်သည်။ မည်သည့်အရာမျှ မတွေ့ရပါ။

○ ✦ ○



## အခန်း ( ၁၄ )

ကောင်းလျှံ ပတ်ဝန်းကျင်ကို မျက်မှောင်ကြုတ်ကာ လှည့်ပတ်ကြည့်လိုက်သည်။ လေတိုက်၍ ညောင်ပင်မှ ညောင်ရွက်များ လှုပ်ရှားသည့်မှအပ မည်သည့်လှုပ်ရှားမှုမျှ မတွေ့ရပါ။

ထို့ကြောင့်…

ကောင်းလျှံ သက်ပြင်းတစ်ချက်ချကာ မိမိအခန်းသို့ ပြန်လျှောက်လာလေသည်။ အခန်းထဲတွင် ရှောင်ဖုန်း ရှိမနေပါ။ ကောင်းလျှံ မေဟွားအခန်းသို့ ပြန်လျှောက်လာလေသည်။ သူ ခြံထဲသို့ တစ်ချက် ငုံ့ကြည့်လိုက်သည်။

ခြံဝင်းအတွင်း တိတ်ဆိတ်နေလေသည်။

ထို့ပြင်…

ချူးသခင်လေးနှင့် သူ၏သက်တော်စောင့်ကို မတွေ့ရတော့ပါ။ အဘွားအိုကိုလည်း မတွေ့ရပါ။ လူထွားကြီးသုံးယောက် ရပ်နေဆဲပင်။

ကောင်းလျှံ မေဟွားအခန်းသို့ ရောက်သောအခါ သူမ အခန်းဝတွင် ရပ်နေဆဲပင်။ သူမ ထိတ်လန့် တုန်လှုပ်နေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမသည် ကောင်းလျှံကို တွေ့သောအခါ ပြုံးပြပြီး...

'တွေ့ခဲ့လား'

ကောင်းလျှံ ခေါင်းခါယမ်းလိုက်သည်။

'ဘာမှ မတွေ့ဘူး'

ကောင်းလျှံ စကားကြောင့် မေဟွား အံ့သြသွားလေသည်။

'ရှင် အပြင်မှာ ဘာမှ မတွေ့ခဲ့ဘူး ဟုတ်လား'

'ဟုတ်တယ်။ ဘာမှ မတွေ့ခဲ့ရပါဘူး'

မေဟွား သက်ပြင်းချပြီး တုန်ယင်သော အသံဖြင့်...

'ဒါဆို စောစောက ဘယ်သူပြောသွားတာလဲ'

မေဟွားအမေးကို ကောင်းလျှံ မဖြေနိုင်ပါ။ မေဟွား ကောင်းလျှံကို ကြည့်ပြီး...

'ရှင် သူပြောတဲ့အတိုင်း ဘာကယ်လုပ်မှာလားဟင်'

မေဟွားအမေးကြောင့် ကောင်းလျှံ ကြောင်သွားလေသည်။

'ကျုပ်က သူပြောတဲ့အတိုင်း ဘာကြောင့် လုပ်ရမှာလဲ'

မေဟွား ကောင်းလျှံကို ကြည့်နေရာမှ အဝေးကို ကြည့်ရင်း...

'ကျွန်မခေါင်းကို ဖြတ်ဖို့လေ'

ကောင်းလျှံ သက်ပြင်းချပြီး မေဟွားပခုံးနှစ်ဖက်ကို နှစ်သိမ့်ဟန်ဖြင့် ခပ်ဖွဖွကိုင်ပြီး...

'ကျုပ် ဒီလိုလုပ်မယ်လို့ ညီမ ထင်နေလား'

ကြင်နာစွာ မေးလိုက်လေသည်။

မေဟွား ကောင်းလျှံကို မော့ကြည့်ပြီး...

'ရှင့်ကို ကျွန်မ ယုံရမှာလား'





မေးလိုက်ရာ ကောင်းလျှံ ဘာမျှ မပြောပါ။ အတန်ကြာမှ တစ်စုံတစ်ခု ပြောဟန် ပြင်လိုက်သည်။

ထိုစဉ်...

ရုတ်တရက်...

ငိုသံကြီးတစ်သံ ထွက်လာလေသည်။ ထိုအသံကြောင့် မေဟွား ကြောက်လန့်တကြားဖြင့် ကောင်းလျှံရင်ခွင်ထဲ တိုးဝင်သွားလေသည်။

ကောင်းလျှံ သူ့ရင်ခွင်ထဲ တိုးဝင်လာသော မေဟွားကို အလိုက်သင့် ဖက်ထားလိုက်လေသည်။

ငိုသံသည် ဝမ်းနည်းဖွယ်ကောင်းခြင်းထက် ကြောက်စရာကောင်းနေလေသည်။

မေဟွားသည် ကြောက်လန့်တကြား ဖက်တွယ်ထားပြီး...

'ကျွန်မ ကြောက်လိုက်တာ၊ အရမ်းကြောက်တာပဲ'

တတွတ်တွတ် ပြောနေလေသည်။ ကောင်းလျှံ သူမကို ဖက်တွယ်ထားပြီး...

'မကြောက်ပါနဲ့ကွာ ကိုယ်ရှိသားပဲ'

နှစ်သိမ့်လိုက်သည်။

ထို့နောက်...

မေဟွားကို ဖက်တွယ်ကာ ပြတင်းပေါက်နားသို့ လျှောက်လာလေသည်။ ပြတင်းမှ ယင်းလိုက်ကာကို ဖယ်ကာ အပြင်သို့ ချောင်းကြည့်လိုက်သည်။

ငိုသံသည် သဇင်ပန်းစင်အောက်မှ ထွက်လာခြင်း ဖြစ်သည်။ စောစောက ငါးကန်ရှိသည့်နေရာတွင် ယခု ကွပ်ပျစ်တစ်ခု ရှိနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုကွပ်ပျစ်ပေါ်တွင် လူတစ်ယောက် လှဲနေသည်။ အဖြူရောင် အဝတ်ဖြင့် အုပ်ထားသည်။ လူမမာနံဘေးတွင် ခေါင်းဖြူနေသော အဘွားအိုနှင့် တစ်ဆယ့်နှစ်နှစ်အရွယ် ကလေးတစ်ယောက် ဒူးထောက် နေလေသည်။

ငိုသံမှာ ကလေးနှင့် အဘွားအိုတို့ ငိုသောအသံ ဖြစ်သည်။

ကောင်းလျှံ ထိုမြင်ကွင်းကို အတန်ကြာအောင် ကြည့်နေပြီးမှ သက်ပြင်းချကာ...

'ဒီမှာ ဘာတွေ ဖြစ်နေပြီလဲ'

တစ်ယောက်တည်း ညည်းညူလိုက်လေသည်။ မေဟွား အကြောက်လွန်ကာ ကောင်းလျှံကိုသာ မော့ကြည့်နေလေသည်။

ကောင်းလျှံ သူမအား နှစ်သိမ့်ပြီး ပြုံးပြကာ...

'ဒီနေရာမှာ မရှိသင့်တဲ့လူတွေ ရောက်နေပြီ။ အခု လူမမာပါ ရောက်နေတယ်'

'ဘယ်သူတွေ ရောက်နေတာလဲ။ လူမမာကရော ဘယ်ကလဲဟင်'

'ဒီနေရာမှာ ဘာဖြစ်လို့ လူတွေ ဒီလောက် ရှုပ်နေမှန်း မသိဘူး'

မေဟွား ကြောက်လန့်နေဆဲပင်။ ကောင်းလျှံ နှစ်သိမ့်ပြီး...

'ညီမ မကြောက်ပါနဲ့၊ အစ်ကို ညီမအနားမှာ ရှိနေမှာပါ။ ဒီမှာ ဘာဖြစ်နေတယ်ဆိုတာ သိရအောင် လုပ်ရမယ်'

ခပ်တိုးတိုး ပြောလိုက်လေသည်။

✧ ◎ ✧





မေဟွားသည် အခန်းထဲမှ ကောင်းလျှံ ထွက်သွားသည်နှင့် အခန်းတံခါးကို အသေအချာ ပိတ်လိုက်သည်။

ထို့နောက်...

သစ်သားမင်းတုပ်ဖြင့် အထဲမှ ပိတ်လိုက်သည်။ သူမ ကုလားထိုင် တစ်လုံး ဆွဲယူပြီး ပြတင်းအနီး ချထားသည်။

သူမ ကုလားထိုင်တွင် ဝင်ထိုင်ပြီး ဝါးယင်းကြားမှ ခြံဝင်းအတွင်း ကြည့်လိုက်သည်။

သဇင်ပန်းစင်အောက်တွင် ကွပ်ပျစ်တစ်ခုပေါ် လူမမာတစ် ယောက် လှဲနေသည်။ အဘွားအိုနှင့် ကလေးငယ် ဒူးထောက် ငိုကြွေး နေဆဲပင်။

မေဟွား ကောင်းကင်ကို မော့ကြည့်လိုက်သည်။ တည်းခိုခန်း ရှုပ်ထွေးနေသလောက် မိုးကောင်းကင် ကြည်လင်နေခြင်း မရှိ။ မိုးတိမ် များ ရှိနေသည်။

မကြာမီ မိုးရွာမည် ထင်ရသည်။ သူ ကောင်းကင်ကိုကြည့်နေရာ မှ ခြံဝင်းထဲသို့ ကြည့်လိုက်ပြန်သည်။ ခြံဝင်းတံခါးဝကို ကြည့်နေသော လူထွားကြီးသုံးယောက်ကို တွေ့ရသည်။

လူထွားကြီးသုံးယောက် ရပ်မနေတော့ဘဲ ကုလားထိုင်နှင့် ထိုင် နေလေသည်။

ထိုစဉ်...

ရွှေဥဒေါင်း တည်းခိုခန်းမှ လူနှစ်ယောက် ထွက်လာသည်ကို တွေ့ရသည်။

ထိုလူနှစ်ယောက်မှာ ရောင်ဖုန်းနှင့် ကောင်းလျှံတို့ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလျှံသည် လူထွားကြီးသုံးယောက်ရှေ့မှ ဖြတ်ကာ ခြံဝင်းတံခါးရှိရာသို့ လျှောက်သွားလေသည်။

သူတို့နှစ်ယောက် မည်သူ့ကိုမျှ မကြည့်ပါ။

သို့သော်...

မျက်လုံးပေါင်း များစွာက သူတို့နောက်သို့ လိုက်ပါလာသည်။

ထိုစဉ်...

ရှောင်ဖုန်းနှင့် ကောင်းလျှံတို့ ခြေလှမ်းရပ်ကာ နောက်သို့ ဆတ်ခနဲ လှည့်ကြည့်လိုက်သည်။

ထိုသို့ လှည့်ကြည့်သည်နှင့် သူတို့အား ကြည့်နေသော မျက်လုံးများ ရှောင်ဖယ်သွားကြသည်။ မေဟွားတစ်ယောက်သာ ဆက်ကြည့်နေသည်။

○ ✦ ○



## အခန်း ( ၁၅ )

ကောင်းလျှံနှင့် ရှောင်ဖုန်းတို့ ချွေဒေါင်း တည်းခိုခန်းနှင့် အတန်ဝေးသော တောင်ကုန်းကလေးတစ်ခုပေါ်တွင် ရပ်နေကြသည်။

ထိုနေရာသည် နှမ်းခေါင်မြို့နှင့် သိပ်မဝေးသောနေရာ ဖြစ်သည်။ ကောင်းလျှံ လက်နှစ်ဖက်ဆန့်တန်းကာ အသက်ဝအောင် ရှူနေသည်။

'သူငယ်ချင်း ကျုပ်တော့ ဒီနေရာကို သဘောကျသွားပြီ'

ရှောင်ဖုန်း ခေါင်းညိတ်ပြီး...

'ဟုတ်တယ်။ ဒီနေရာကလူ ဘော်တော်များများ သဘောကျကြတယ်'

ကောင်းလျှံ ပြုံးလိုက်ပြီး ရှောင်ဖုန်းကို တစ်ချက်ကြည့်ကာ...

'မင်းစကား ကျုပ် ယုံတယ်။ မင်းတင် သဘောကျတာ မဟုတ်ဘူး။ သေခါနီး လူမမာကတောင် သဘောကျတယ်'

'သေခါနီးလူက သဘောကျတယ်ဆိုတော့ ကျုပ် ဝမ်းသာရမှာပေါ့'

'မင်းက စီးပွားရေးတွက် တွက်တာပဲ'



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်က စီးပွားရေးသမားလေ'

ကောင်းလျှံ ပြုံးပြီး...

'မင်းကို ကျုပ် တစ်ခု အကြံပေးမယ်'

'ပြောလေ၊ ပိုက်ဆံရမယ့်အကြံဆို ဘာပဲဖြစ်ဖြစ် နားထောင်မယ်'

'အမှန်တော့ ဒီနေရာမှာ ဆေးခန်းရော သုသာန်ပါ တစ်ခါတည်း ရှိရမှာ'

'မင်းအကြံ မဆိုးဘူး။ ကျုပ် အကောင်အထည်ဖော်မှ ထင်တယ်'

ကောင်းလျှံ ပြုံးပြီး တည်းခိုခန်းဘက် လှည့်ကာ...

'ဘာလဲ ကျုပ်ကြောင့် လာကြတယ်လို့ ထင်လား'

ရှောင်ဖုန်း ပြုံးလိုက်ပြီး...

'မင်းကရော ဘယ်သူ့အတွက် လာတယ်လို့ ထင်လို့လဲ'

ကောင်းလျှံ ခေါင်းခါယမ်းပြီး...

'ဘယ်သူ့အတွက် လာတယ်ဆိုတာ မသိဘူး။ ဒါပေမယ့် ကျုပ်အတွက်တော့ မဟုတ်ဘူး'

ကောင်းလျှံ စကားကြောင့် ရှောင်ဖုန်း မျက်မှောင်ကြုတ်သွားသည်။

'မင်း ဘယ်လိုလုပ် သိလဲ'

'မင်း မတွေ့ဘူးလား'

ရှောင်ဖုန်း ခေါင်းခါယမ်းပြီး...

'ဘာကို တွေ့ရမှာလဲ'

ကောင်းလျှံ တစ်ချက်ပြုံးပြီး...

'သူတို့က ကျုပ်အတွက် လာကြတာဆိုရင် ကျုပ် အခုလို ထွက်လာတာ သူတို့ ဘာကြောင့် မတားကြတာလဲ'





ရှောင်ဖုန်း ပြုံးပြီး...

'အချိန်မကျသေးလို့'

'ဘာ အချိန်မကျသေးတာလဲ'

'ကျုပ်အတွက် ကံဆိုးချိန် မရောက်သေးတာ'

ကောင်းလျှံ ရှောင်ဖုန်းစကားကြောင့် ရယ်မောပြီး ရှောင်ဖုန်းပခုံးကို ပုတ်ကာ...

'မင်း ကံမဆိုးအောင် ကျုပ် မနက်ကျရင် ဒီက ထွက်သွားမှာပါ'

ကောင်းလျှံ စကားကြောင့် ရှောင်ဖုန်း မယုံကြည်လောက်အောင် အံ့ဩကာ ကြည့်ပြီး သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'ကောင်းပါတယ်။ ကျုပ် ဝမ်းသာရမှာပေါ့'

'စိတ်ချစွာ ဝမ်းသာပါ။ ဒါပေမယ့် တစ်ခုတော့ ရှိတယ်'

ရှောင်ဖုန်း မျက်မှောင်ကြုတ်သွားပြီး...

'ဘာတစ်ခု ရှိတာလဲ'

ကောင်းလျှံ ပြုံးပြီး...

'ဒီည မင်း ကျုပ်တို့ကို အကောင်းဆုံး ညစာကျွေးရမယ်'

ရှောင်ဖုန်းသည် ကောင်းလျှံစကားကြောင့် စိတ်ရှုပ်ထွေးဟန်ဖြင့် ခေါင်းကုတ်ကာ...

'ဒါဆို ဒီည ကျုပ် ပိုက်ဆံကုန်မှာပေါ့'

ညည်းညူလိုက်လေသည်။ ကောင်းလျှံ အသာစီးရထားသော မျက်နှာထားဖြင့် ပြုံးပြကာ...

'မင်း စဉ်းစားလေ၊ မင်း စည်းစိမ်ပြုတ်မှာထက် ဒီလောက် အကုန်မခံနိုင်ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုန်း မှိုင်းညိုနေသော တောင်တန်းလေးကို အတန်ကြာအောင် ငေးမောကြည့်နေပြီးမှ သက်ပြင်းတစ်ချက်ကို လေးလံစွာချလိုက်ပြီး...

'ကောင်းပြီလေ၊ မင်းရဲ့ အရက်သောက်တတ်တဲ့ မိန်းကလေးကို ခေါ်လာခဲ့။ ကျုပ် မင်းတို့အတွက် ညစာ စီစဉ်ထားမယ်'

စိတ်ပျက်သော လေသံဖြင့် ပြောလိုက်ရာ ကောင်းလျှံ ပြုံးပြီး...

'ကျုပ်က အစားဆိုလဲ ကောင်းတာ ကြိုက်တယ်။ အရက်ဆိုလဲ အကောင်းနော်'

ပြောရင်း နှစ်ယောက်သား ပြန်လျှောက်လာကြလေသည်။

✧ ◎ ✧





မေဟွား ပြတင်းပေါက်နံဘေး ကုလားထိုင်ပေါ်တွင် ထိုင်နေသည်။ သူမ မည်မျှကြာအောင် ထိုင်နေသည် မသိ။

တံခါးခေါက်သံ ထွက်လာသောအခါမှ အိပ်ပျော်ရာမှ လန့်နိုးသလို အခန်းတံခါးကို ကြည့်လိုက်သည်။

'ဒေါက်'

'ဒေါက်'

တံခါးခေါက်သံ ထွက်ပေါ်လာပြန်သည်။ မေဟွား တံခါးအနီးရောက်သွားပြီး...

'ဘယ်သူလဲ'

တံခါးအပြင်ဘက်မှ အသံထွက်လာသည်။

'အစ်ကိုပါ'

ကောင်းလျှံအသံ ကြားသောအခါ အခန်းတံခါး ဖွင့်ပေးလိုက်သည်။

ကောင်းလျှံ မေဟွားကို တစ်ချက်ပြုံးပြပြီး...

'ညစာ စားရအောင်'

မေဟွား ကောင်းလျှံ ဝင်သာအောင် လမ်းဖယ်ပေးပြီး...

'ဒီအခန်းထဲမှာပဲ ယူစားရအောင်'

'ဒီနေ့ညစာကို တည်းခိုခန်းပိုင်ရှင်က ကျွေးမှာ။ ဒါကြောင့် အောက်ဆင်းပြီး စားရအောင် ညီမကို လာခေါ်တာ'

မေဟွား ပြုံးပြီး...

'ဒါဆို ညီမ အဝတ်အစားလဲပြီး လာခဲ့မယ်လေ'

ကောင်းလျှံ ခေါင်းညိတ်ပြပြီး...



www.burmeseclassic.com

www.burmeseclassic.com



'အစ်ကို အောက်က စောင့်နေမယ်'

ပြောပြီး ထွက်သွားလေသည်။

မေပွား သူမနှင့်အတူ ပါလာသော သေတ္တာကို ထုတ်ကာ ခုတင်ပေါ် တင်လိုက်သည်။

သေတ္တာထဲမှ အဝတ်အစားများကို ယူကာ အကောင်းဆုံး ရွေးချယ် ဝတ်ဆင်ကာ အလှပြင် ဝတ်ဆင်ပြီး အောက်ဆင်းလာသည်။

ထမင်းစားခန်းသည် ကျယ်ဝန်းခြင်း မရှိသော်လည်း သပ်ရပ်သန့်ရှင်းသည်။

စားပွဲကြီးမှာ အလွန် လှပ တန်ဖိုးကြီးသော စားပွဲကြီး ဖြစ်သည်။

လူထွားကြီးသုံးယောက် ထမင်းစားခန်းအဝင်ဝနှင့် နီးသော စားပွဲတွင် စားသောက်နေကြသည်။

သူတို့သုံးယောက် မကြာခဏ အပြင်သို့ လှမ်းကြည့်ကြသည်။ သူတို့ စိတ်လှုပ်ရှားနေကြသည်။

ချူးသခင်လေး အစားအသောက်ကို မြိန်ရှက်စွာ စားသောက်နေသည်။

သူ၏နောက်တွင် သက်တော်စောင့် ရပ်နေလေသည်။

စားပွဲထိုးတစ်ယောက်သည် ထို အနက်ရောင်လူကြီးနား ကပ်ကာ...

'ဆရာလေး ဘာများ သုံးဆောင်မလဲ ခင်ဗျာ'

ယဉ်ကျေးစွာ မေးလိုက်သည်။





သို့သော်...

ချူးသခင်လေး၏ သက်တော်စောင့်က တုတ်တုတ် မလှုပ်ပါ။

ချူးသခင်လေးက စားပွဲထိုးကို တစ်ချက်ကြည့်ပြီး...

'ကျုပ်ပြီးမှ သူ စားလိမ့်မယ်'

ဖြေကြားလိုက်သည်။

○ ✦ ○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၆ )

ကောင်းလှျံ ချူးသခင်လေး၏ သက်တော်စောင့်ကို ကြည့်ရင်း စိတ်မကောင်း ဖြစ်သွားလေသည်။

ထို့နောက်...

သူ ထမင်းစားခန်းကို တစ်ချက်ကြည့်လိုက်သည်။ ညစာ စားချိန် ဖြစ်သည်။

ထိုစဉ်...

ရုတ်တရက် လူမမာ ညည်းညူသံ လွင့်လာလေသည်။ မေဟွား နှင့် ကောင်းလှျံတို့ ထမင်းစားနေကြသည်။ ကောင်းလှျံ အရက်ကို မြိန်ရှက်စွာ သောက်သုံးနေလေသည်။

အစားအသောက်ကို မစားနိုင်သူမှာ ရှောင်ဖုန်း ဖြစ်သည်။ မေဟွား သတိထားမိသောကြောင့် စားလက်စ အစာကို ရပ်ကာ ရှောင်ဖုန်းကို လှမ်းကြည့်လိုက်သည်။

'ရှင် စားသောက်တာ နည်းလှချည်လား'



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုန်း မေဟွားကို မချိုပြုံး ပြုံးပြပြီး...

'ကျုပ်ပစ္စည်း ကျုပ်ပြန်စားရတာ နှမြောလို့'

ရှောင်ဖုန်း စကားကြောင့် သူတို့နှစ်ယောက် မရယ်ဘဲ မနေနိုင်အောင် ဖြစ်သွားလေသည်။

ထိုစဉ်...

မြင်းခွာသံများ ကြားလိုက်ရလေသည်။

'ခွပ် ခွပ် ခွပ်'

'ခွပ် ခွပ်'

မြင်းခွာသံများ တဖြည်းဖြည်း နီးလာလေသည်။

ထို့နောက်...

မြင်းဟီသံတစ်ချက် ကြားရပြီး မြင်းခွာသံသည် ရွှေဥဒေါင်းတည်းခိုခန်းရှေ့တွင် ရပ်သွားလေသည်။

လူထွားကြီးသုံးယောက် အပြင်သို့ လှမ်းကြည့်ပြီး သူတို့မျက်နှာ ဝင်းလက်သွားလေသည်။ သူတို့ လျင်မြန်စွာ ထရပ်လိုက်လေသည်။

ရှောင်ဖုန်း လေသံတိုးတိုးဖြင့်...

'သူငယ်ချင်း'

'ပြော'

'သူတို့ မျှော်လင့်နေတဲ့လူ ရောက်လာပြီ'

ပြောရင်း ကောင်းလျှံကို ကြည့်ကာ...

'မင်းကို ဂုဏ်ပြုပါတယ်'

အရက်ခွက်မြှောက်ပြီး ပြောရာ ကောင်းလျှံ ကြောင်သွားပြီး...

'ဘာအတွက် ဂုဏ်ပြုတာလဲကွ'





'မင်းကို အခု ဂုဏ်မပြုရင် နောက် မပြုရမှာစိုးလို့'

'မင်းက ကျုပ်ကို ဒီလောက် အထင်ကြီးလား'

'ဒါပေါ့ မိုးပျံရေ'

ပြောရင်း အရက်ခွက်ကို မော့ချလိုက်လေသည်။ ကောင်းလျှံ တံခါးဝဘက် မေးငေါ့ပြပြီး...

'သူငယ်ချင်း ကျုပ် မင်းထင်သလောက် အသက်မတိုသေးပါဘူး။ ဘယ်သူလာတာလဲဆိုတာ ကြည့်ဦးမယ်'

'ဘာလဲ မင်း စိတ်ဝင်စားလား'

'ကျုပ်တစ်ယောက်တည်း မဟုတ်ဘူး အဖော်တွေ ရှိသေးတယ်'

အတန်ကြာသောအခါ တံခါးဝတွင် လူတစ်ယောက် ရပ်လာသည်။ သူ့တစ်ကိုယ်လုံး သွေးများဖြင့် စိုရွှဲနေသည်။

ထိုလူသည် ခရီးဝေးမှ ခရီးပြင်းနှင်လာဟန် နွမ်းနယ်နေသည်။

သို့သော်...

အစိမ်းရောင်ဝတ်စုံရှင် အခန်းတံခါးဝတွင် ရပ်လာသည်ကို တွေ့သောအခါ လူထွားကြီးသုံးယောက် စိတ်ပျက်ကာ နေရာတွင် ပြန်ထိုင်လိုက်သည်။

ကောင်းလျှံ လူထွားကြီးများ၏ အမူအရာကို ကြည့်ကာ ပြုံးပြီး ရှောင်ဖုန်းအား...

'သူငယ်ချင်း ကျုပ်ပြောတယ် မဟုတ်လား။ ကျုပ် အသက် မတိုပါဘူးလို့'

'ဘာကြောင့် မင်း ပြောလာလဲ'

'အခု လာတာ သူတို့ မျှော်လင့်တဲ့လူမှ မဟုတ်တာ'



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလျှံ ပြောနေစဉ်မှာပင် အစိမ်းရောင်ဝတ်ထားသူ လူထွားကြီးသုံးဦး အနီး ရောက်လာသည်။

လူထွားကြီးထဲမှ တစ်ယောက်က...

'သူ ဘာကြောင့် မလာနိုင်တာလဲ'

မေးသံ ကြားလိုက်ရသည်။ အစိမ်းရောင် ဝတ်ဆင်ထားသူက ထိုလူထွားကြီးနားကပ်ကာ တီးတိုး ပြောလိုက်သည်။

ထိုလူ ပြောဆိုပြီး မကြာပါ ပြန်ထွက်သွားလေသည်။ လူထွားကြီးသုံးယောက် အရက်သောက်လိုက်ကြသည်။

ရောင်ဖုန်း ထိုလူများကို ကြည့်ပြီး...

'သူငယ်ချင်း မင်းအသက်က ငါထင်တာထက် ပိုရှည်မယ်'

'ဘာဖြစ်လို့လဲ'

'သူတို့မျက်နှာမှာ သူတို့ မျှော်သူရဲ့ သတင်း ကြားလိုက်ပုံရတယ်'

'ဘာသတင်းလဲ'

'မင်းကို အသက် နည်းနည်းရှည်ခွင့်ပေးတဲ့သတင်း နေမှာပေါ့'

ပြောပြီး သဘောကျဟန်ဖြင့် ရယ်မောလိုက်လေသည်။

✧ ❂ ✧





ကောင်းလျှံသည် ချူးသခင်လေး၏ မျက်နှာအမူအရာကို ကြည့်ပြီး ရောင်ဖုန်းအား ပြုံးကြည့်ကာ...

'သူငယ်ချင်း မင်းမျက်လုံး ဘယ်လောက်လျင်လဲ'

ရောင်ဖုန်း မျက်မှောင်ကြုတ်ပြီး...

'မင်း ဘာပြောတာလဲ'

'မင်း မျက်စိလျင်ရင် ကျုပ် ပြဿနာနှစ်ခု မေးမလို့'

'ဘာမေးမှာလဲ'

'တခြား မဟုတ်ဘူး၊ ရွှေနဂါးဂိုဏ်းချုပ် ဘယ်မှာရှိလဲ ဆိုတာ မေးမှာ'

ရောင်ဖုန်း ခေါင်းယမ်းပြီး...

'မသိဘူး'

'ကောင်းပြီ၊ နောက်တစ်ခု မေးမယ်'

'မေး'

'သူတို့ စောင့်မျှော်တဲ့သူ ဘယ်သူဆိုတာ မင်း သိလား'

ရောင်ဖုန်း စိတ်ပျက်စွာ သက်ပြင်းချပြီး...

'မင်း သိလား'

'ကျုပ် မသိဘဲ မေးပါ့မလား'

မေဟွား ကောင်းလျှံကို ကြည့်ပြီး...

'ရှင်က တော်တော် ကြောက်စရာကောင်းတယ်'

ကောင်းလျှံ ပြုံးပြီး...

'ဘာလဲ ညီမက အစ်ကို့ကို ကြောက်နေလား'

'ကြောက်ချင်သလို ဖြစ်လာပြီ'



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလျှံ သဘောကျစွာ ရယ်မောပြီး…

'ဒါဆို ညီမ အစ်ကို့စကား နားထောင်ရမယ်။ ဟုတ်လား'

'ဟုတ်ကဲ့'

ရှောင်ဖုန်း သူတို့နှစ်ယောက်ကို အံ့သြသလို ကြည့်လိုက်သည်။

'နေပါဦး မင်းတို့က ဘယ်တုန်းက အမျိုးတော်သွားတာလဲ'

ရှောင်ဖုန်းစကားကြောင့် မေဟွား ရှက်သွားပြီး ရယ်မောလိုက်ကြသည်။

ချူးသခင်လေးမျက်နှာ တစ်မျိုး ဖြစ်နေလေသည်၊ စားသောက်ခြင်းကို ရပ်တန့်လိုက်သည်။ သူ ထိုင်ရာမှ ထလိုက်သည်။

သူ မျက်နှာကို ထိန်းချုပ်ပြီး သက်တော်စောင့်အား ကြည့်ကာ…

'ထမင်း မြန်မြန်စားပြီးရင် ကျုပ်အခန်း လာခဲ့'

မှာကြားပြီး ထွက်သွားလေသည်။ ချူးသခင်လေး သက်တော်စောင့် ထမင်းစားနေသည်။ လျှင်မြန်စွာ စားသောက်ပြီး အခန်းထဲမှ ထွက်ရန် ခြေလှမ်းပြင်လိုက်သည်။

ထိုစဉ်…

'မိတ်ဆွေကြီး ခဏနေပါဦး'

ကောင်းလျှံ လှမ်းတားလိုက်လေသည်။ ထိုလူကြီး ခြေလှမ်းရပ်သွားသော်လည်း လှည့်မကြည့်ပါ။

ကောင်းလျှံ ရင်းနှီးသောလေသံဖြင့်…

'မိတ်ဆွေကြီးကို အရက်သောက်ဖို့ ဖိတ်ခေါ်ပါတယ်။ လာပါ'

သက်တော်စောင့် သက်ပြင်းချကာ ကောင်းလျှံဘက် လှည့်ကြည့်လိုက်သည်။





'လာပါ'

'ခင်ဗျား ဖိတ်ခေါ်တာကို ကျုပ် လက်ခံချင်ပါတယ်။ ဒါပေမယ့်…'

ထိုလူ စကားဆုံးအောင် မပြောဘဲ ရပ်ထားလေသည်။

'ဘာလဲ ချူးသခင်လေးကို ကြောက်လို့လား'

ကောင်းလျှံ အမေးကြောင့် ထိုလူ မျက်နှာတစ်ချက် ပျက်သွားလေသည်။ ကောင်းလျှံအား ဘာမျှမပြောဘဲ အခန်းထဲမှ ထွက်သွားလေသည်။

ကောင်းလျှံ ရယ်မောပြီး…

'စားတော့ သူများနောက်၊ သွားတော့လဲ နောက်၊ သေတော့ သူများအရင် ဖြစ်နေမယ်နော်'

လှမ်းပြောလိုက်လေသည်။

'ရှင် တော်တော် ဆိုးပါလား'

မေဟွား ကောင်းလျှံကို မကျေမနပ် ပြောလိုက်သည်။

'ဘာဖြစ်လို့လဲ'

'ဘာကြောင့် သူများ မခံချင်အောင် ပြောရတာလဲ'

ကောင်းလျှံ ထိုလူထွက်သွားသည်ကို ကြည့်ပြီး စိတ်ထိခိုက်သွားလေသည်။ အတန်ကြာအောင် တိတ်တိတ်နေပြီးမှ…

'ဟုတ်တယ်။ ကျုပ် မှားသွားတယ်'

ပြောလိုက်သည်။ ထမင်းစားခန်းမှ မေဟွား ကောင်းလျှံလက်ကို ဆွဲကာ ထွက်လာသည်။

'ဟင် ညီမလက်တွေ အေးစက်နေပါလား'



www.burmeseclassic.com

www.burmeseclassic.com



မေဟွား ဘာမျှမပြောပါ။

'ညီမ ချမ်းလို့လား'

'မဟုတ်ဘူး ကြောက်လို့'

'ဘာကို ကြောက်တာလဲ'

'မသိဘူး'

'မကြောက်ပါနဲ့ အစ်ကို ရှိတယ်'

ပြောရင်း သူတို့အခန်းကို ပြန်လာခဲ့ရာ အခန်းတံခါး ပွင့်နေသည်ကို တွေ့ရလေသည်။

**ပထမပိုင်း ပြီး၏**

*ဇာတ်သိမ်းပိုင်း ဆက်လက် ဖတ်ရှုပါ။*

**အောင်ရဲလင်း**

F. 8 B မင်းဓာပေ

# အောင်ရဲလင်း

# နဂါးနက်စကား မိုးကြိုးသွား

## ဒုတိယပိုင်း (ဇာတ်သိမ်း)

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

မေဟွား မျက်လုံးကလေး ဝိုင်းစက် ပြူးကျယ်နေလေသည်။ သူမ မျက်နှာတွင် အလွန် ထိတ်လန့်တုန်လှုပ်သော အမူအရာ ပေါ် လွင်နေလေသည်။

သူမ အောက်ဆင်း ထမင်းစားချိန်တွင် သူ၏ အခန်းတံခါးကို သေချာ ပိတ်ထားခဲ့သည်ကို မှတ်မိသည်။ ယခု သူမ ပြန်တက်လာသော အခါ အခန်းတံခါး ပွင့်နေသည်။

မုကောင်းလှုံကို မော့ကြည့်လိုက်လေသည်။ ကောင်းလှုံ အံ့သြဟန်ဖြင့် သူမကို ပြန်ကြည့်လိုက်လေသည်။

ထို့နောက်...

အခန်းထဲသို့ ပြေးဝင်သွားကြလေသည်။ အခန်းတံခါး ပွင့်နေပြီး အခန်းထဲရှိ ပရိဘောဂများ အလဲလဲအပြိုပြို ဖြစ်နေပြီး စားပွဲပေါ် ရှိ ပစ္စည်းများ ကြမ်းပေါ် ရောက်နေလေသည်။

အခန်းတစ်ခုလုံး ခြေရာလက်ရာ ပျက်ကာ ရှုပ်ပွနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



မေဟွား၏ သေတ္တာတစ်ခုလုံးကို မွှေနှောက်ထားဟန်ဖြင့် အဝတ်အထည် များ ကြမ်းပေါ် ပြန့်ကျဲနေလေသည်။

မေဟွား၏ အလှပြင်ပစ္စည်း အသုံးအဆောင်များ နေရာအနှံ့ ပြန့်ကျဲနေသည်။

မေဟွား တစ်ခန်းလုံး ပြောင်းဆန်အောင် မွှေနှောက်ထားသော ကြောင့် ကြောက်လန့်နေလေသည်။

'အစ်ကို'

မေဟွား ကြောက်ရွံ့နေသောကြောင့် စကား ဆက်မပြောနိုင်ပါ။ ကောင်းလျှံ သူ့အခန်းဘက်သို့ လျှောက်လာလေသည်။ သူ့အခန်းတံခါး ပွင့်နေလေသည်။

ထို့ပြင်...

မေဟွားအခန်းလိုပင် ရှာဖွေထားဟန်ရှိပြီး ပစ္စည်းများအပြင် ခေါင်းအုံး၊ မွေ့ရာများပင် ဓားဖြင့်ခွဲကာ ရှာဖွေထားသောကြောင့် အခန်း တစ်ခုလုံး မှို့များ ဖြူဖွေးနေလေသည်။

ကောင်းလျှံ သူ့အခန်းကို စိတ်ပျက်စွာ ကြည့်နေစဉ်မှာပင် မေဟွား ရောက်လာလေသည်။

'အစ်ကို ညီမ ကြောက်တယ်'

ပြောရင်း သူ့အခန်းဘက် တွဲခေါ်သွားလေသည်။ ကောင်းလျှံ သူ့အခန်းဘက် လိုက်သွားရင်း...

'ညီမ'

'ရှင်'

'ညီမပစ္စည်း ဘာတွေ ပျောက်သွားသေးလဲ'





မေးလိုက်ရာ မေဟွား တုန်ယင်သော လေသံဖြင့်...

'ဘာမှ မပျောက်ဘူး အစ်ကို'

'ညီမ သေချာ စစ်ဆေးရဲ့လား'

မေဟွား ခေါင်းယမ်းပြီး...

'သေချာတော့ မကြည့်ရသေးဘူး။ ဒါပေမယ့် ညီမမှာ အဖိုးတန် တဲ့ပစ္စည်း ဘာမှ မပါလာဘူး အစ်ကို'

ကောင်းလျှံ အံတစ်ချက်ကြိတ်ပြီး...

'အစ်ကိုတို့အခန်းထဲ ဝင်ပြီး မွှေတာ သူခိုး မဖြစ်နိုင်ဘူး'

ကောင်းလျှံစကားကြောင့် မေဟွား မျက်လုံးပြူးသွားပြီး...

'အစ်ကို ဘာပြောလိုက်တာလဲ'

ကောင်းလျှံ မျက်မှောင်ကြုတ်ပြီး...

'သူခိုး မဖြစ်နိုင်ဘူးလို့ ပြောတာလေ'

မေဟွား အံ့သြဟန်ဖြင့်...

'သူခိုးမဟုတ်ရင် ဘာကြောင့် သူများအခန်းထဲ ပိုင်ရှင်မသိ အောင် ဝင်မွှေသွားတာလဲ'

ကောင်းလျှံ သက်ပြင်းတစ်ချက်ချလိုက်သည်။

'ဒီလူက အစ်ကို့ဆီလာတာ ဖြစ်မယ်'

မေဟွား ကောင်းလျှံ စကားကို နားမလည် သဘောမပေါက် ပါ။

'သူတို့က အစ်ကို့ဆီလာတာ ဟုတ်လား။ သူတို့က ဘယ်သူတွေ လဲဟင်'

'ဒီအခန်းကို မွှေသွားတဲ့ လူတွေပေါ့ ညီမ'



www.burmeseclassic.com

www.burmeseclassic.com



'သူတို့က အစ်ကို့ဆီ ဘာလာလုပ်တာလဲဟင်'

ကောင်းလျှံ ပြုံးပြီး...

'အစ်ကိုက နာမည်ကြီး မိုးပျံသူခိုးလေ'

မေဟွား အကြောက်ပြေစေရန် တမင် အရွှန်းဖောက် ပြောသော်လည်း မေဟွား အကြောက်မပြေဘဲ ပိုကြောက်လာကာ ကောင်းလျှံ အနား တိုးကပ်ပြီးနေလေသည်။

ကောင်းလျှံ မေဟွားကို တစ်ချက်ကြည့်ပြီး ပခုံးကိုဖက်ကာ...

'ညီမ ပစ္စည်းတွေ စစ်ကြည့်ပါဦး'

'ဟုတ်ကဲ့၊ အစ်ကိုရော ဘာတွေ ပါသွားသေးလဲ'

ကောင်းလျှံ ပြုံးပြီး...

'အစ်ကိုမှာ ပျောက်စရာတစ်ခုပဲ ရှိတယ်'

'ဘာလဲ'

'အသက်'

ပြောပြီး ကောင်းလျှံ ပြတင်းပေါက်တံခါးကို ဖွင့်ကာ အပြင်သို့ လှမ်းကြည့်လိုက်လေသည်။ အပြင်ဘက် လမ်းကျဉ်းကလေးထဲတွင် လူသူ ကင်းရှင်းနေလေသည်။

လက်တွန်းလှည်းဖြင့် ဈေး ်ာင်းနေသူလည်း မရှိတော့ပါ။ ထိုဈေးသည်ထံတွင် မုန့်ဝယ်စားသော ရဲမက်လည်း မရှိတော့ပါ။

ကောင်းလျှံ သက်ပြင်းတစ်ချက်ချလိုက်ပြီး မေဟွားကို ကြည့်ကာ...

'ညီမ လာဦး'

'ဘာလဲ အစ်ကို'





'အစ်ကို အပြင်ခဏ ထွက်ကြည့်လိုက်ဦးမယ်'

ပြောရင်း ခြေလှမ်းပြင်လိုက်သည်။ မေဟွား ကောင်းလျှံလက်ကို ဆွဲထားပြီး...

'အစ်ကို မသွားပါနဲ့။ ညီမတစ်ယောက်တည်း မနေရဲဘူး'

ကောင်းလျှံ ပြုံးပြီး...

'မကြောက်ပါနဲ့ ညီမ၊ အစ်ကို ခဏလေးပါ'

'ဟင့်အင်း'

မေဟွား ခေါင်းယမ်းပြီး...

'မသွားပါနဲ့ အစ်ကို၊ ညီမ ကြောက်လို့ပါ'

'ညီမ အရမ်းကြောက်နေလား'

'ဟုတ်တယ်'

'ဒါဆို အစ်ကို မသွားတော့ဘူး။ ဒါပေမယ့်...'

ကောင်းလျှံ စကားတစ်ပိုင်းတစ်စ ရပ်ထားလိုက်သည်။

✧ ❂ ✧



www.burmeseclassic.com

www.burmeseclassic.com



မေဟွား သူ့မျက်နှာကို မော့ကြည့်ပြီး...

'ဒါပေမယ့် ဘာဖြစ်လဲ အစ်ကို'

ကောင်းလျှံ ပြုံးပြီး...

'အစ်ကို ဘယ်မှာ အိပ်ရမှာလဲ'

'ညီမအခန်းထဲက ခုတင်ပေါ်မှာ အိပ်ပေါ့'

'ညီမကရော...'

'ကြမ်းပေါ်မှာ အိပ်မယ်'

ကောင်းလျှံ ခေါင်းယမ်းလိုက်လေသည်။

'မဟုတ်ဘူး။ ညီမ ခုတင်ပေါ်မှာ အိပ်ပါ။ အစ်ကိုကြမ်းမှာ အိပ်မယ်'

'မဟုတ်ဘူး၊ အစ်ကို ခုတင်မှာ အိပ်ပါ။ ညီမကြောင့် အစ်ကို ဒုက္ခရောက်ရတာ'

သို့သော် ကောင်းလျှံ အိပ်မပျော်ပါ။

ထို့အတူ မေဟွားသည်လည်း အိပ်မရသောကြောင့် ကောင်းလျှံအား လှမ်းကြည့်လိုက်သည်။

သူတို့နှစ်ယောက် အမှတ်မထင် အကြည့်ချင်း ဆုံသွားလေသည်။

ထိုအချိန်တွင် ကောင်းလျှံ ရင်ခုန်သွားသလို မေဟွားမျက်နှာ နီရဲသွားလေသည်။

တစ်ယောက်နှင့်တစ်ယောက် မျက်နှာလွှဲလိုက်ပြီး မျက်နှာကြက်ကို မော့ကြည့်ကာ ပြိုင်တူ သက်ပြင်းချလိုက်လေသည်။

အတန်ကြာသောအခါမှ မေဟွားထံမှ စကားသံထွက်လာသည်။





'အစ်ကို'

'ဘာလဲ ညီမ'

'အစ်ကို ဒီလောက် စည်းကမ်းကြီးမယ်လို့ ညီမ မထင်ခဲ့ဘူး'

မေဟွားစကားကြောင့် ကောင်းလျှံ သက်ပြင်းချလိုက်လေသည်။

'အစ်ကိုဟာ လူကောင်းတစ်ယောက် မဟုတ်ဘူး ညီမ'

မေဟွား ပြုံးလိုက်သည်။

'တစ်ခါတစ်ရံ လူကောင်းတွေဟာ လူဆိုးတွေထက် စည်းကမ်းမဲ့ကြတယ်'

'ညီမစကား ကြားရတဲ့အတွက် ဝမ်းသာပါတယ်ကွယ်'

'အစ်ကိုဟာ လူဆိုး မဟုတ်ပါဘူး'

'အစ်ကို လူဆိုးမဟုတ်ဘူးလို့ ညီမ ဘယ်လိုလုပ် ပြောနိုင်တာလဲ'

'အစ်ကိုက လူတစ်ယောက် ဒုက္ခရောက်ရင် ကူညီတတ်လို့ပေါ့'

ကောင်းလျှံ ပြုံးပြီး...

'ညီမ'

'ရှင်'

'ညီမကို အစ်ကို စကားတစ်ခွန်းပြောမယ် ယုံလား'

'ဘာများလဲ အစ်ကို'

'ညီမကို တွေ့တွေ့ချင်း အစ်ကို မေတ္တာရှိခဲ့တယ်။ ညီမက အစ်ကို့ကို မုန်းတယ် မဟုတ်လား'

'ညီမ အစ်ကို့ကို မုန်းတယ်လို့ ပြောလို့လား'

'ညီမ မပြောလဲ အစ်ကို သိပါတယ်။ အစ်ကို့လို လူကို ညီမ မေတ္တာ ဘယ်ထားမလဲ ညီမဒုက္ခရောက်ရတာ အစ်ကိုကြောင့်လေ'



www.burmeseclassic.com

www.burmeseclassic.com



'ဘာလဲ အစ်ကိုက ညီမကြောက်အောင် အဲဒီလူတွေကို တမင်ခိုင်းတာလား'

'ဘယ်လူတွေလဲ'

'အခန်းထဲ ဝင်တဲ့လူတွေ'

'မဟုတ်တာ ညီမကလဲ သူတို့ ဘယ်သူတွေဆိုတာကို အစ်ကို မသိဘူး။ ဘာကြောင့် ဒီလိုလုပ်မှန်းတောင် မသိဘူး'

'အစ်ကို့ဆီက တစ်ခုခု ယူချင်လို့ ထင်တယ်'

ထိုအခါမှ ကောင်းလှျံ တစ်စုံတစ်ရာကို စဉ်းစားမိသွားလေသည်။

'ဟုတ်ပြီ၊ သူတို့လိုချင်တာက ကျုပ်ဆီမှာ ရှိတယ်'

'တကယ်လား'

'ဘာလဲ အစ်ကို လိမ်တယ် ထင်လို့လား'

'အစ်ကို'

'ဘာလဲ ညီမ'

'ညီမကရော အစ်ကို့ဆီက ပစ္စည်းယူချင်လို့ အစ်ကို့နား ကပ်နေတယ်လို့ မထင်ဘူးလား'

'ထင်ဖို့တော့ ကောင်းတယ်'

'ဘာကြောင့်လဲ'

'ညီမ လိုချင်ရင် အစ်ကိုပေးချင်လို့'

'ဘာကြောင့် ပေးချင်ရတာလဲ'

'ညီမလိုချင်တာ အကုန်ပေးချင်တာပဲ'

'ဒါဆို ပေးလေ'





ထိုအခါ ကောင်းလှျံ အိတ်ထဲ လက်နှိုက်လိုက်လေသည်။ မေဟွားလှမ်းဆွဲထားပြီး ကောင်းလှျံ ရင်ခွင်ထဲဝင်ကာ မျက်ရည်များ ကျလာလေသည်။

'ညီမ မလိုချင်ဘူး အစ်ကို။ ညီမလိုချင်တာ အစ်ကို ညီမနားက ခွဲမသွားဖို့ပါ'

ပြောရင်း အသံတုန်လာလေသည်။

○ ✦ ○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၈)

ကောင်းလျှံ မေဟွားအား ပြန်လည် ဖက်တွယ်ထားပြီး ပါးပြင်ပေါ်မှ မျက်ရည်များကို သုတ်ပေးကာ...

'ဘာဖြစ်လို့ ဒီလောက်တောင် ငိုရတာလဲ ညီမရယ်'

'ဝမ်းသာလို့ပါ အစ်ကို'

လေသံဖြင့် ပြန်ပြောလိုက်လေသည်။

'ညီမမှာ အားကိုးစရာ မရှိပါဘူး အစ်ကို'

ကောင်းလျှံ သူမပခုံးကို ပုတ်ပြီး...

'အစ်ကို ရှိနေပြီလေ'

နှစ်သိမ့်လိုက်လေသည်။ မေဟွား မျက်ရည်များကြားမှ ပြုံးပြီး...

'အစ်ကို့ကို ညီမ လမ်းမှာ ပြောတဲ့စကားကို အစ်ကိုယုံလား'

ကောင်းလျှံ ပြုံးပြီး...

'ညီမ ဘာပြောပြော အစ်ကိုယုံတယ်'

'ညီမ ညာပြောတာလို့ မထင်ဘူးလား'

'လမ်းမှာတွေ့တဲ့လူကို ဘယ်သူက အမုန်ပြောပါ့မလဲ ညီမရယ်'



www.burmeseclassic.com

www.burmeseclassic.com



'ဒါဆို အစ်ကို ညီမ ပြောတဲ့စကားကို မယုံဘူးပေါ့'

'မဟုတ်ဘူး။ အစ်ကို ယုံတယ်'

မေဟွား သက်ပြင်းတစ်ချက် ချပြီး...

'ညီမက အိမ်က ထွက်ပြေးလာတာ အစ်ကို'

'အစ်ကို့ကို သူစိမ်းလို့ သတ်မှတ်လား ညီမ'

'အစ်ကို ဘာဖြစ်လို့ မေးတာလဲဟင်'

'ညီမအကြောင်း နားထောင်ချင်လို့'

မေဟွား သက်ပြင်းတစ်ချက် ချပြီး...

'ညီမအမေက ယောကျ်ားပေးစားမလို့ စီစဉ်နေတယ်'

'မိဘက သင့်တော်လို့ စီစဉ်တာလေ ညီမ'

ကောင်းလှျံ စကားကြောင့် မေဟွား နှုတ်ခမ်းစူပြီး...

'အဲဒီလူက ညီမအဖေလောက် အသက်ရှိတယ်။ ညီမ လက်မခံဘူး။ အဲဒါ အပြစ်လား အစ်ကို'

ကောင်းလှျံ ဘာမှမပြောတော့ပါ။ သူ သက်ပြင်းတစ်ချက် ချလိုက်လေသည်။ မေဟွား ခုတင်မှထကာ ပြတင်းပေါက်နား သွားရပ်နေလိုက်သည်။

ကောင်းလှျံ မေဟွားကျောပြင်ကို အတန်ကြာအောင် စိုက်ကြည့်နေပြီးမှ ခုတင်ပေါ်က ထလိုက်သည်။

ထို့နောက်...

မေဟွားထံ လျှောက်သွားလိုက်သည်။ မေဟွား မျက်လုံးမှ မျက်ရည်များ ပါးပြင်ပေါ်သို့ ကျဆင်းနေလေသည်။ ကောင်းလှျံနောက်ဘက်မှ မေဟွား ပခုံးနှစ်ဖက်ကို အသာ ဆုပ်ကိုင်လိုက်သည်။





'ညီမ မှားတယ်၊ ညီမမှာ အပြစ်ရှိတယ်လို့ အစ်ကို ပြောလို့လား ညီမ'

မေဟွား တစ်ချက်ရှိုက်ပြီး...

'ဒါပေမယ့် ညီမ မှားတယ်'

ကောင်းလှျံ မေဟွားကိုယ်ကို သူ့ဘက် ဆွဲလှည့်လိုက်သည်။

'ဘာကြောင့်လဲ'

'ညီမ ဘာဆက်လုပ်ရမှန်း မသိအောင် ဖြစ်နေတယ်လေ'

ခေါင်းငုံ့ပြောလိုက်လေသည်။ ကောင်းလှျံ သူမ ပါးပြင်ပေါ်မှ မျက်ရည်များကို တယုတယ သုတ်ပေးပြီး...

'အစ်ကို့ကို ပွင့်ပွင့်လင်းလင်း ပြောပါလား ညီမ'

မေဟွား ကောင်းလှျံကို မော့ကြည့်လိုက်သည်။

ထို့နောက်...

မျက်ရည်များကြားမှ ပြုံးပြီး...

'ညီမ အိမ်က ထွက်လာတော့ လက်ဝတ်လက်စားတွေ ပါလာတယ်။ အများကြီးတော့ မဟုတ်ဘူး။ အခု ညီမဆီမှာ ဘာမှ မရှိတော့ဘူး'

'ဒါကြောင့် ရှေ့ဆက် ဘယ်လိုလုပ်ရမှန်း မသိဘူးပေါ့ ဟုတ်လား'

မေဟွား ခေါင်းငုံ့ထားပြီး...

'အစ်ကို စိတ်မဆိုးရင် ညီမ အမှန် ပြောပြချင်တယ်'

'ပြောပါ။ အစ်ကို ညီမကို ဘယ်တော့မှ စိတ်ဆိုးမှာ မဟုတ်ဘူး'

မေဟွား သက်ပြင်းတစ်ချက် ရှိုက်လိုက်ပြီး...

'ညီမမှာ ဘာမှ မရှိတော့လို့ စိတ်ညစ်နေချိန်မှာ အစ်ကိုနဲ့တွေ့တာ'



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလှျံ မေဟွား မေးဖျားလေးကို မော့ပေးပြီး...

'ဆက်ပြောပါဦး'

မေဟွား အပြစ်ရှိသော ကလေးတစ်ယောက်ပမာ ခေါင်းငြိမ်ငုံ့ပြီး...

'ညီမခေါင်းထဲ အကြံတစ်ခု ရလာတယ်'

'ဘာအကြံလဲ'

မေဟွား တိုးညှင်းသော လေသံဖြင့်...

'အစ်ကို ညီမကို သဘောကျအောင် လုပ်ပြီး အစ်ကို့ဆီ ပိုက်ဆံယူမလို့'

ကောင်းလှျံ သက်ပြင်းတစ်ချက်ချပြီး...

'ဘာဖြစ်လို့ ဒါတွေ ထုတ်ပြောရတာလဲ'

'ညီမ စိတ်ပြောင်းသွားလို့'

'ဘာကြောင့် စိတ်ပြောင်းသွားတာလဲ။ အစ်ကိုက လူကောင်း တစ်ယောက် မဟုတ်ဘူးဆိုတာ သိရဲ့လား'

မေဟွား ခေါင်းမော့ကာ ကောင်းလှျံကို တစ်ချက် စိုက်ကြည့်ပြီး ခေါင်းငုံ့ကာ...

'အစ်ကိုက သိက္ခာရှိတယ်။ အခွင့်အရေး မယူတတ်ဘူး။ နောက် ပြီး...'

သူမအသံ တိမ်ဝင်သွားလေသည်။

✧ ❂ ✧

F. 9 B





ကောင်းလှျံရင်ထဲ တစ်ချက် လှုပ်ရှားသွားလေသည်။ မေဟွား ပခုံးကို လှုပ်ကာ...

'နောက်တော့ ဘာဖြစ်လဲ'

မေဟွားမျက်နှာ ပန်းရောင် ဖြစ်သွားလေသည်။

'နောက်ပြီး ညီမ အစ်ကို့ကို သံယောဇဉ် ဖြစ်လာလို့ပါ'

မပွင့်တပွင့် ပြောကာ ခေါင်းငုံ့သွားလေသည်။ ကောင်းလှျံရင်ထဲ တဒိန်းဒိန်း ဖြစ်သွားလေသည်။

ထို့နောက်...

ကောင်းလှျံ မေဟွားကိုယ်လေးကို တင်းကျပ်စွာ ဖက်တွယ် ထားလိုက်သည်။ နှုတ်မှလည်း...

'ညီမရယ်'

သူတို့နှစ်ယောက် ခုတင်ပေါ်တွင် ထိုင်လိုက်ကြသည်။ မေဟွား မျက်နှာကို တစိမ့်စိမ့်ကြည့်ပြီး ကောင်းလှျံ ပြုံးကာ...

'ညီမ'

'ရှင်'

'တကယ် ပြောတာလားဟင်'

နှစ်ကိုယ်ကြား မေးလိုက်လေသည်။ မေဟွား ခေါင်းညိတ်ပြလိုက် သည်။

ကောင်းလှျံ ဝမ်းသာအားရဖြင့် မေဟွားကိုယ်ကို ရင်ခွင်ထဲ ဆွဲပွေ့ ထားလိုက်လေသည်။

'ဝမ်းသာလိုက်တာ ညီမရယ်။ ခုချိန်ကစပြီး ညီမနဲ့ အစ်ကို မခွဲတော့ဘူး။ အစ်ကိုသွားလေရာ ညီမကို ခေါ်သွားမယ် သိလား'



www.burmeseclassic.com

www.burmeseclassic.com



မေဟွား ကောင်းလျှံကို မော့ကြည့်ပြီး…

'အစ်ကို တကယ် ပြောတာနော်'

ကောင်းလျှံ ခေါင်းညိတ်ပြပြီး…

'တကယ် ပြောတာပေါ့'

ကောင်းလျှံစကားကြောင့် မေဟွားမျက်နှာ ဝင်းထိန်သွားလေသည်။

'ဒါဆို ညီမ တစ်ခုပြောပါရစေ'

'ပြော'

မေဟွား ရုတ်တရက် ဘာမျှမပြောသေးဘဲ ကောင်းလျှံကို အတန်ကြာအောင် စိုက်ကြည့်ပြီး သက်ပြင်းတစ်ချက်ချကာ…

'ညီမတို့ ဒီက တိတ်တိတ်လေး ထွက်သွားရအောင်'

'ဘာဖြစ်လို့လဲ'

ကောင်းလျှံ အံ့သြတကြီး မေးလိုက်သည်။

'သူတို့ အစ်ကို့ကို ရန်ရှာမှာ ကြောက်လို့'

ကောင်းလျှံ ပြုံးပြီး…

'ဘယ်သူတွေလဲ'

'အစ်ကိုကလဲ မသိဘူးလား။ အခန်းထဲ ဝင်သွားတဲ့လူတွေလေ'

'ညီမ စိတ်ချပါ။ ဘာမှ မဖြစ်ပါဘူးကွာ'

'ညီမ စိတ်ပူတယ်'

'မပူနဲ့။ သူတို့ ဘာမှလုပ်မှာ မဟုတ်တော့ဘူး'

'ဒါဆို ထွက်ပြေးမယ်ပေါ့'

'မပြေးဘူး။ ပြေးရင် လိုက်လာမှာပဲ'





'ဒါဆို…'

ကောင်းလျှံ စကားမဆုံးခင် လက်ကာပြပြီး…

'သူတို့ ကျေနပ်အောင် အစ်ကိုလုပ်မယ်'

မေဟွား ကောင်းလျှံကို နားမလည်သလို တစ်ချက်ကြည့်ပြီး…

'အစ်ကို တကယ် လုပ်မှာလား'

ကောင်းလျှံ ခေါင်းညိတ်ပြပြီး…

'တကယ် ပြောတာပါ။ မနက်ကျရင် သူတို့ကျေနပ်အောင် အစ်ကို လုပ်ပြပါ့မယ်။ ဒါဆို သူတို့ အစ်ကိုတို့ကို ဘယ်တော့မှ ရန်ရှာမှာ မဟုတ်တော့ဘူး'

ကောင်းလျှံစကားကြောင့် မေဟွား ကျေနပ်စွာ ပြုံးလိုက်သည်။ သူမမျက်ဝန်း စိုးရိမ်သောကရောက်မှုများ ကင်းရှင်းကာ ဝမ်းသာရွှင်လန်းသော အရိပ်အယောင်များ ဖြစ်ပေါ်လာလေသည်။

○ ✦ ○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၁၉ )

တစ်ခါတစ်ရံ အချိန်တိုတောင်းပြီး တစ်ခါတစ်ရံ အချိန်သည် အလွန်ပင် ရှည်လျားကြ၏။

ထို့ကြောင့်...

ယနေ့ ညတာရှည်သည်ဟု ကောင်းလှူ ထင်မှတ်သည်။ ကြွယ်ကလေးများ ကောင်းကင်ပေါ်တွင် ပေါ်ထွက်လာပြီးနောက် ပြန်လည်ပျောက်ကွယ်သွားလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး တိတ်ဆိတ်နေသည်။ ပိုးကောင်ကလေးများ အော်မြည်သံကို တစ်ခါတစ်ရံ ကြားရသည်။ အဝေးမှ စမ်းရေစီးသံ၊ သစ်ရွက်လှုပ်သံများကိုလည်း ကြားရလေသည်။ တစ်ချက်တစ်ချက် လေကြမ်းကြမ်း တိုက်ခတ်နေသည်။

လေကြမ်းကြမ်း တိုက်ခတ်သောကြောင့် တည်းခိုခန်းရှေ့တွင် ချိတ်ဆွဲထားသော မီးပုံးများ လှုပ်ရှားသွားလေသည်။

သူမမျက်နှာပေါ် ဆံပင်များ ပြန့်ကျဲကျနေသည်။ [illegible]



www.burmeseclassic.com

ပင်ပန်းပုံရသည်။ သူ့ ကောင်းလျှံအား အားကိုးတကြီးဖြင့် စိတ်ချလက်ချ အိပ်ပျော်နေလေသည်။

ကောင်းလျှံသည် မိမိပခုံးအား မှီ၍ အိပ်ပျော်နေသော မေဟွား မျက်နှာကို အတန်ကြာအောင် ကြည့်နေလေသည်။ ဖြောင့်စင်းသော နှာတံ၊ ကော့ညွတ်သော မျက်တောင်၊ နီသောနှုတ်ခမ်း အလွန်လှပသော မိန်းကလေးဖြစ်ကြောင်း ကောင်းလျှံ သတိပြုမိလေသည်။

ဤကဲ့သို့ လှပသော မိန်းကလေးတစ်ယောက်အား ရင်ခွင်ထဲ ထားကာ ပွေ့ဖက်ထားသောကြောင့် ကောင်းလျှံ ရင်တဒိန်းဒိန်း ခုန်နေလေသည်။

အတန်ကြာသောအခါ ကောင်းလျှံ သက်ပြင်းတစ်ချက်ချပြီး မေဟွားပခုံးကို ဖက်ထားသော လက်ကို ဖယ်ရှားပြီး မေဟွားခါးဆီသို့ လက်ရောက်သွားလေသည်။

ကောင်းလျှံ မေဟွားမျက်နှာကို တစ်ချက်ကြည့်လိုက်သည်။ မေဟွား အိပ်ပျော်နေဆဲပင် ကောင်းလျှံ မေဟွားမျက်နှာကို အတန်ကြာအောင် ငေးကြည့်နေပြီးမှ တစ်စုံတစ်ရာကို ဆုံးဖြတ်ဟန်ဖြင့် သက်ပြင်း တစ်ချက် ချလိုက်လေသည်။

ထို့နောက်...

ကောင်းလျှံ မေဟွား ခါးနေရာရှိ လက်ကို လှုပ်ရှားလိုက်လေသည်။ ခါးနေရာတွင်ရှိသော ခွဲရှဲ့(ခေါ်) အိပ်ကြောကို လက်ညှိုးဖြင့် ထောက်လိုက်ခြင်း ဖြစ်သည်။

ထိုသို့ ပြုလုပ်ခြင်းကြောင့် မေဟွား နာရီပေါင်းများစွာ အိပ်ပျော် နေမည် ဖြစ်သည်။ ကောင်းလျှံ မေဟွားကိုယ်လေးကို နေရာတကျ





ခုတင်ပေါ်တွင် သိပ်ကာ စောင်ခြုံပေးလိုက်၏။ မေဟွားပါးပြင်ကို ကောင်းလျှံ တစ်ချက်နမ်းကာ အခန်းထဲမှ ထွက်သွားလေသည်။

ကောင်းလျှံ အခန်းတံခါးဝတွင် တစ်ချက်ရပ်ပြီး မေဟွားကို လှမ်းကြည့်လိုက်သည်။ မေဟွား အိပ်ပျော်နေသည်။ ကောင်းလျှံ တံခါး ပိတ်လိုက်ပြီး သက်ပြင်းတစ်ချက် ချလိုက်သည်။

ကောင်းလျှံ သူနှင့်မေဟွားကို အေးချမ်းစွာ သွားလာနိုင်ရန် တစ်စုံတစ်ရာ ပြုလုပ်တော့မည် ဖြစ်သည်။ သူတို့ အိမ်ထောင်တစ်ခု အေးချမ်းစွာ တည်ထောင်လိုသည်။

ညတွင်းချင်းပင် သူ့အခန်းအား မွှေနှောက် ရှာဖွေသူများနှင့် စာရင်းရှင်းရန် ဆုံးဖြတ်လိုက်လေသည်။

သို့သော်...

သူ့အခန်းအား မွှေနှောက် ရှာဖွေသူများကို သူမသိပါ။ သူ့အခန်း အား ရှာဖွေသူများ၊ တည်းခိုခန်းတွင် နေထိုင်သူများ မဟုတ်ကြောင်း ကို နားလည်ထားသည်။ ကောင်းလျှံ သက်ပြင်းတစ်ချက် ချလိုက်ပြီး တံခါးမှ ခွာကာ စင်္ကြံလမ်းအတိုင်း လျှောက်သွားလေသည်။

ခြံဝင်းထောင့်တွင် သဇင်ပန်းစင် ရှိသည်။ တည်းခိုခန်းတွင် ချိတ်ဆွဲထားသော အလင်းရောင်ကြောင့် လင်းထိန်နေလေသည်။ လေ တစ်ချက်တစ်ချက် တိုက်ခတ်သောကြောင့် သဇင်ပန်းစင်မှ ပန်းများ လှုပ်ရှား ယိမ်းယိုင်နေလေသည်။

ကောင်းလျှံ ပြတင်းမှ လိုက်ကာကို ဖယ်ကာ သဇင်ပန်းစင် ရှိရာသို့ ငေးစိုက်ကြည့်နေလေသည်။ မေဟွား အခန်းမှ ထွက်လာပြီး မိမိအခန်းထဲဝင်ကာ ပြဿနာအား မည်သို့ ရှင်းလင်းရမည်ကို စဉ်းစား ရင်း သဇင်ပန်းခင်းသို့ ကြည့်နေခြင်း ဖြစ်သည်။

www.burmeseclassic.com



တည်းခိုခန်း၏ နောက်ဘက် အစွန်ဆုံးအခန်းသည် တည်းခိုခန်း ပိုင်ရှင် ရှောင်ဖုန်း၏ တည်းခိုခန်း ဖြစ်သည်။ ထိုအခန်းသို့ ကောင်းလျှံ ရောက်သွားသည်။ ထိုအချိန်တွင် ရှောင်ဖုန်း တည်းခိုခန်းတံခါးဝတွင် ရပ်နေသည်။

သူ ကောင်းလျှံအား စူးရှစွာ ကြည့်နေသည်။ ရှောင်ဖုန်း မအိပ် သေးဟန် ရှိသည်။ ကောင်းလျှံ သူ့အား တစ်ချက်ပြုံးကြည့်ပြီး...

'သူငယ်ချင်း မအိပ်သေးဘူးလား'

မေးလိုက်ရာ ကောင်းလျှံအား မဲ့ပြီး...

'ကျုပ် အိပ်မရလို့ အခု မင်းခြေသံကြားလို့ ထလိုက်တာ'

ကောင်းလျှံ ရှောင်ဖုန်းကို ကျော်ကာ အခန်းထဲသို့ တစ်ချက် လှမ်းကြည့်ပြီး...

'သူငယ်ချင်း မင်း မငယ်တော့ဘူးနော်'

'ဟုတ်လား'

'မင်းမှာ စီးပွားရေးလဲ ပြေလည်တယ်လေ'

'အဲဒါ ဘာဖြစ်လဲ'

ရှောင်ဖုန်း ဘုဆတ်ဆတ် ဖြေလိုက်သည်။

ကောင်းလျှံ ပြုံးပြီး...

'ဘာဖြစ်ရမှာလဲ မင်း အိမ်ထောင်ပြုသင့်ပြီလို့ ပြောတာ'

ကောင်းလျှံစကားကြောင့် ရှောင်ဖုန်း အံ့သြဟန်ဖြင့် ကြည့်လိုက် သည်။

'ဟင် မင်း ဒီစကားမျိုး ပြောတတ်တယ်နော်'

ကောင်းလျှံ မျက်မှောင်ကြုတ်ကာ...





'ဘာလဲ ကျုပ် ရူးနေတယ် ထင်လား'

'မင်းမရူးရင် ငါရူးတာပေါ့'

ကောင်းလျှံ ဘာမျှမပြောဘဲ ပြုံးနေသည်။

ရှောင်ဖုန်း တစ်ချက်ပြုံးပြီး...

'ပြောပါဦး ညအချိန်ကြီး မင်းဘာဖြစ်လို့ ငါ့ဆီ လာတာလဲ'

ကောင်းလျှံ သက်ပြင်းတစ်ချက်ချလိုက်သည်။

'မင်းကို လူရှာနိုင်းမလို့'

'ဟော့ကောင် မဟုတ်တာ မပြောနဲ့။ ငါ့တည်းခိုခန်းမှာ ဒါမျိုး မရဘူးကွ'

ရှောင်ဖုန်းစကားကြောင့် ကောင်းလျှံ မျက်မှောင်ကြုတ်ပြီး...

'မင်း ဘာပြောတာလဲ'

'မင်းကရော ဘာပြောတာလဲ'

ကောင်းလျှံ စိတ်ပျက်ဟန်ဖြင့် ခေါင်းယမ်းလိုက်သည်။

'ကျုပ်ပြောတာ မင်း နားလည်မှု လွဲနေတယ် ထင်တယ်'

'ဟုတ်တယ်'

'ကျုပ်က ကျုပ်ရဲ့ သက်တော်စောင့်တွေကို ရှာနိုင်းတာ'

'ဟင်'

ရှောင်ဖုန်း အံ့သြသွားလေသည်။

◇ ● ◇



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသောအခါ...

ကောင်းလျှံကို ထူးဆန်းစွာ ကြည့်ပြီး...

'မင်း ဘာပြောလိုက်တယ်။ ပြန်ပြောပါဦး'

ထပ်မေးလိုက်လေသည်။ ကောင်းလျှံ စိတ်ပျက်စွာ သက်ပြင်းတစ်ချက်ချပြီး...

'မင်းပြောတဲ့ ပထမဗားကျန်းချန်ဖုန်း၊ မြင်းဖြူရှင်၊ ချူးသခင်လေး ပြီးတော့ ရွှေနားကွင်းဂိုဏ်းချုပ်၊ ရွှေနဂါး အားစန်တို့...'

ကောင်းလျှံ စကားမဆုံးခင် ရှောင်ဖုန်း လက်ကာပြပြီး...

'အဲဒီလူတွေကို မင်း ဘာလုပ်မလို့လဲ'

ဖြတ်မေးလိုက်ရာ ကောင်းလျှံ ပခုံးတစ်ချက် တွန့်ပြပြီး...

'သူတို့နဲ့ တွေ့ချင်လို့'

'အဲဒီတော့...'

'ကျုပ်ကို အဲဒီလူတွေအားလုံး ထမင်းစားခန်းထဲ ဝင်လာဖို့ ဖိတ်ပေးပါ'

သူ့စကားကြောင့် ရှောင်ဖုန်း မျက်ခုံးနှစ်ဖက် မြင့်တက်သွားလေသည်။ ရှောင်ဖုန်း ခေါင်းယမ်းပြီး...

'သူငယ်ချင်း မင်း ရူးနေပြီ။ မင်း တကယ့်ကို ရူးနေပြီကွာ'

စိတ်ပျက်သောလေသံဖြင့် ပြောလိုက်သည်။

'ဒါတွေထားပါတော့။ ဘာပဲဖြစ်ဖြစ် ကျုပ် သူတို့ကို အခုညပဲ တွေ့ချင်တယ်'

ဖွတ်တရွတ် ပြောလိုက်ရာ ရှောင်ဖုန်း ခေါင်းခါကာ လက်ညှိုး တယမ်းယမ်းဖြင့်...





'မင်း တကယ် ရူးနေပြီလား သူငယ်ချင်း။ သူတို့က မင်းကို တွေ့ချင်နေတာ။ အခု မင်းက သူတို့ကို တွေ့မယ်ဆိုတော့...'

ကောင်းလျှံ စကားမဆုံးခင် လက်ကာပြလိုက်ပြီး...

'သူငယ်ချင်း ငါ မရူးပါဘူးကွာ၊ လာမယ့်ဘေး ပြေးတွေ့တာ။ သူတို့အလာကို ငါ မစောင့်နိုင်ဘူး'

ရှောင်ဖုန်း ကောင်းလျှံကို မယုံကြည်နိုင်အောင် အတန်ကြာ ကြည့်နေလေသည်။ စိတ်ထဲ မတင်မကျဖြင့်...

'မင်း သူတို့နဲ့ တွေ့ပြီး ဘာလုပ်မှာလဲ။ ငါ့ကို ရှင်းရှင်းပြောစမ်းပါကွာ'

ကောင်းလျှံ သက်ပြင်းတစ်ချက် ချလိုက်သည်။

'အမှန်ပြောရရင် သူတို့ လိုချင်တဲ့ပစ္စည်း သူတို့ကို ပေးမလို့'

ကောင်းလျှံ စကားကြောင့် ရှောင်ဖုန်း အံ့သြသွားလေသည်။

'ဘာပစ္စည်းလဲ'

'သူတို့ လိုချင်တဲ့ ပစ္စည်း'

ရှောင်ဖုန်း ဘာမျှ မပြောတော့ပါ။ သက်ပြင်းတစ်ချက်ချပြီး...

'ကောင်းပြီလေ၊ မင်း ထမင်းစားခန်းထဲက စောင့်နေ။ ငါ သွားဖိတ်ပေးမယ်'

'ကောင်းပြီ၊ ငါ ထမင်းစားခန်းထဲက စောင့်နေမယ်'

ပြောရင်း ထွက်ရန် ခြေလှမ်းပြင်လိုက်သည်။ ရှောင်ဖုန်း သက်ပြင်းချပြီး...

'နေဦး ကျုပ် ပြောစရာ ရှိတယ်'

'ဘာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မင်း လူ မသတ်ပါနဲ့၊ မင်းလဲ အသတ်မခံရစေနဲ့၊ မဟုတ်ရင် ဒီအခန်းမှာ ငါ ထမင်းစားဝင်မှာ မဟုတ်တော့ဘူး'

ကောင်းလှျံ ဘာမျှမပြောဘဲ ပခုံးတစ်ချက်တွန့်ကာ ထွက်သွားလေသည်။

○ ✦ ○



## အခန်း ( ၂၀ )

တည်းခိုခန်း၏ အောက်ထပ် တတိယမြောက်အခန်းတွင် တည်းခိုသူမှာ ရွှေနားကွင်းဂိုဏ်းချုပ် လုရှောင် ဖြစ်သည်။ သူ အိပ်ရာပေါ်တွင် လဲလျောင်းနေသော်လည်း အိပ်မပျော်သေးပါ။

ရွှေနဂါးဂိုဏ်း အားစန်ထံမှ ဖိတ်စာရပြီးသည်နှင့် မိမိ လက်ဦးမှု ရရန် စောစီးစွာ လာခဲ့သော်လည်း စိန်ဂိုဏ်းချုပ် ချူးသခင်ကြောင့် စိတ်သောက ရောက်ခဲ့သည်။

ယခု မိုးပုံ့သူခိုးကြောင့် စိတ်ပျက်ခဲ့သည်။ ထိုမှစ၍...

'ဝုန်း'

ပြတင်းတံခါး ပွင့်သွားလေသည်။ လုရှောင် လျင်မြန်စွာ ထပြီး ဓားရိုးပေါ် လက်လှမ်းလိုက်သည်။

သို့သော်...

သူ နောက်ကျသွားလေသည်။ ဓားရောင်တစ်ချက် လက်သွားပြီး သူ့ကုပ်ပေါ် ဓားရောက်လာလေသည်။ သူ့တစ်ကိုယ်လုံး တောင့်တင်းသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'မလှုပ်နဲ့ ငြိမ်ငြိမ်နေ'

အေးစက်သောအသံ ထွက်လာသည်။ လုရှောင် မလှုပ်ရှားရဲပါ။

'မင်း ဘာလိုချင်လို့လဲ'

'ကျုပ်နောက် လိုက်ခဲ့'

အေးစက်သော အမိန့်သံကို ကြားရပြန်သည်။ လုရှောင် ထိုလူ၏ စကားကို မလွန်ဆန်ဝံ့ပါ။

ထို့ကြောင့်...

ထိုလူ့စကား နာခံဖို့သာ ရှိတော့သည်။ ထမင်းစားခန်းထဲ ရောက်သောအခါ မီးများ ထိန်လင်းနေလေသည်။

ထို့ပြင်...

လူထွားကြီးသုံးယောက်၊ မြင်းဖြူရှင်၊ ပထမ ဓားသမားတို့ကို တွေ့ရသည်။ သူတို့အားလုံး မျက်နှာပျက်နေသည်ကို တွေ့ရသည်။

ကောင်းလျှံ ထမင်းစားခန်းထဲ ဝင်လာသည်။ သူ့မျက်နှာပြုံးနေလေသည်။ ထမင်းစားခန်းတွင် ရှိနေသူ အားလုံး ကောင်းလျှံ ခါးတွင် ချိတ်ဆွဲထားသော ဓားကို ကြည့်နေကြသည်။

ဓားအိမ် ဟောင်းနွမ်းနေသည်။ သို့သော်...

အထဲမှဓား ထက်မြက်လေသည်။ သိုင်းလောကတွင် ကြောက်စရာကောင်းသော ဓားတစ်လက် ဖြစ်သည်။ ရွှေနားကွင်း လုရှောင် ယခုမှ နောင်တရနေသည်။ ချူးသခင်လေးနှင့် မိတ်ဆွေဖြစ်ခဲ့ပါက နစ်ယောက် ပူးပေါင်းနိုင်မည် ဖြစ်သည်။

လုရှောင်လို အတွေးမျိုး ပထမဓား၊ မြင်းဖြူရှင်၊ ရွှေနဂါးဂိုဏ်းမှ လူထွားကြီးတို့ ရင်ထဲတွင် ရှိနေသည်။





ကောင်းလျှံ အားလုံးကို လှိုက်လှဲစွာ ပြုံးပြလိုက်လေသည်။

သို့သော်...

လူအများ အားလုံး သူ့ကို ပြူးကျယ်သော မျက်လုံးများဖြင့် ကြည့်နေလေသည်။

'ခင်ဗျားတို့အားလုံး ဘာကြောင့် ရောက်လာတယ်ဆိုတာ သိပြီးပြီ'

ပြောရင်း ကောင်းလျှံ တစ်ယောက်စီကို ကြည့်လိုက်သည်။ သူ့မျက်လုံး ချူးသခင်လေးဆီ ရောက်သွားလေသည်။ တစ်ယောက်နှင့်တစ်ယောက် အတန်ကြာအောင် ကြည့်နေကြပြီး ချူးသခင်လေး စတင် အကြည့်လွှဲဖယ်လိုက်သည်။

ထိုအခါ...

ကောင်းလျှံအကြည့် ပထမဓားဆီ ရောက်သွားလေသည်။

ထို့နောက်...

မြင်းဖြူရှင်၊

လုရှောင်၊

ရွှေနဂါးဂိုဏ်းမှ လူထွားကြီးသုံးယောက်...

ကောင်းလျှံ တစ်ယောက်ပြီးတစ်ယောက် ကြည့်လိုက်ပြီးမှ...

'ကျုပ် ဘယ်သူဆိုတာ အားလုံး သိပြီးပြီ ထင်တယ်'

ကောင်းလျှံ စကားကို အားလုံး ခေါင်းညိတ်ပြလိုက်သည်။ ကောင်းလျှံ တစ်ချက်ပြုံးပြီး...

'ကောင်းပြီ။ ဒါဆို ကျုပ် ပွင့်ပွင့်လင်းလင်း ပြောမယ်။ ခင်ဗျားတို့ လိုချင်နေတဲ့ပစ္စည်း ကျုပ်ဆီမှာ ရှိတယ်'

ကောင်းလျှံစကားကြောင့် အခန်းထဲရှိလူများ မယုံကြည်ဟန်ဖြင့်



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးပြူးသွားကြသည်။ ပြူးကျယ်ရုံမက လောဘကြောင့် အရိပ်အယောင်များ ထွက်လေသည်။

သို့သော်...

ထိုလူအားလုံးထဲမှ တစ်ယောက်သောသူက အမူအရာ မပြောင်းပါ။ ထိုလူမှာ ချူးသခင်လေး၏ သက်တော်စောင့်ဖြစ်သည်။ ကောင်းလျှံ ထိုသို့ ပြောပြီး အခန်းထဲရှိ လူအားလုံးကို အကဲခတ်ကြည့်လိုက်သည်။

'ကျုပ်ဆီမှာ ရှိတဲ့ ပစ္စည်းကို လိုချင်ရင် လွယ်ပါတယ်။ ဒါပေမယ့်...'

ကောင်းလျှံ စကားမဆက် ရပ်နားထားလိုက်သည်။ အခန်းထဲရှိ လူများ စကားတစ်ပိုင်းတစ်စကြောင့် စိတ်ဝင်စားစွာ နားစွင့်နေကြသည်။

အတန်ကြာသောအခါမှ...

'အဟမ်း'

ကောင်းလျှံ ချောင်းတစ်ချက် ဟန့်လိုက်သည်။

'ဒါပေမယ့် ခင်ဗျားတို့က ကျုပ်ကို ကတိတစ်ခု ပေးရမယ်'

ဆက်ပြောလိုက်သည်။ ကောင်းလျှံစကားကြောင့် အခန်းထဲရှိ လူများ လှုပ်ရှားကာ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်လိုက်ကြသည်။

✧ ○ ✧





အတန်ကြာသောအခါမှ ချူးသခင်လေးက သူ့လက်ချောင်းများကို ရှုးရှုစွာ ကြည့်ပြီး...

'ကျုပ်တို့က ဘယ်လိုကတိမျိုး ပေးရမှာလဲ ပြောပါဦး'

ကောင်းလျှံ ပြုံးပြီး...

'ခင်ဗျားတို့ပေးရမယ့် ကတိက လွယ်ပါတယ်ဗျာ'

ပထမဓား ကောင်းလျှံခါးကြားမှ ဓားကို တစ်ချက်ကြည့်ပြီး...

'ခင်ဗျားက လွယ်ပေမယ့် ကျုပ်တို့အတွက် ခက်ခဲရင် ခက်ခဲသိမ့်မယ်လေ'

ထိုအခါ...

မြင်းဖြူရှင်ကလည်း ပထမဓားစကားကို ထောက်ခံလိုက်ပြီး...

'ဟုတ်တယ်၊ ပထမဓား ပြောတာ မှန်တယ်။ တစ်ခါတလေ တစ်ယောက်အတွက် လွယ်ပေမယ့် တစ်ယောက်အတွက် အလွန်ခက်ခဲတယ်လေ'

ကောင်းလျှံ သူတို့စကားကို ထောက်ခံဟန်ဖြင့် ခေါင်းတစ်ချက် ညိတ်ပြီး...

'ဟုတ်ပါတယ်။ ဒါပေမယ့် ကျုပ်တောင်းတဲ့ ကတိက ခဲယဉ်းစရာ မရှိပါဘူး'

ချူးသခင်လေး သူ့လက်ချောင်းများကို ကြည့်နေရာမှ ကောင်းလျှံကို တစ်ချက်ကြည့်ပြီး...

'ဘာကတိပေးရမလဲ ဆိုတာကို ပြောပါ'

ကောင်းလျှံ ပြုံးပြီး...

'ပြောပါမယ်။ ကျုပ် လိုချင်တဲ့ ကတိက ကျုပ်ဆီက ပစ္စည်း ခင်ဗျားတို့ ရပြီးရင် ဒီနေရာက ညတွင်းချင်း ထွက်သွားကြပါ။ နောက်ကိုလဲ ကျုပ်ကို ဘယ်တော့မှ လာမနှောင့်ယှက်ပါနဲ့'



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလှုံစကား ကြားရသောအခါ အခန်းထဲရှိ လူအများအားလုံး မျက်လုံးပြူးသွားကြလေသည်။ သူတို့အားလုံး ကောင်းလှုံ လွယ်ကူသော ကတိမျိုး တောင်းခံလိမ့်မည် မထင်ပါ။ အတန်ကြာသောအခါမှ ချူးသခင်လေးက...

'မိတ်ဆွေနဲ့ ကျုပ်တို့ ရန်ငြိုးရန်စလဲ မရှိပါဘူး။ မိတ်ဆွေ ကျော်ကြားမှုကို ဂုဏ်ယူနေတာပါ။ မိတ်ဆွေတောင်းတဲ့ ကတိ မပေးနိုင်စရာ မရှိပါဘူး'

ချူးသခင်လေး စကားအဆုံး ပထမဓားက ပြုံးပြီး...

'ဟုတ်ပါတယ်။ ကျုပ်တို့ ပစ္စည်းရရင် မိတ်ဆွေတောင်းတဲ့ ကတိကို ပေးမှာပါ'

'ဟုတ်ပါတယ်'

မြင်းဖြူရှင်ကပါ ဝင်ထောက်ခံလိုက်သည်။ ရွှေနဂါးဂိုဏ်းမှ လူထွားကြီးသုံးယောက်ကလည်း ခေါင်းညိတ်လိုက်လေသည်။ ကောင်းလှုံ ရွှေနားကွင်းဂိုဏ်းချုပ် လုရှောင်ဘက် လှည့်ကာ...

'မိတ်ဆွေကရော...'

'ကျုပ် တစ်ခုပြောပါရစေ'

ကောင်းလှုံ မျက်မှောင်ကြုတ်ပြီး...

'ဘာလဲ ကျုပ် တောင်းတဲ့ကတိ မပေးနိုင်လို့လား'

'မဟုတ်ပါဘူး'

'ဒါဆို ဘာပြောချင်တာလဲ'

ရွှေနားကွင်းဂိုဏ်းချုပ် တစ်ခန်းလုံးရှိ လူအများကို တစ်ချက်ကြည့်ပြီး...





'မိတ်ဆွေ ဒီပစ္စည်းကို ဘယ်သူ့ကို ပေးမှာလဲ'

လုရှောင် အမေးစကားကြောင့် အခန်းထဲရှိ လူအားလုံး ငေးငိုင်သွားလေသည်။ ကောင်းလှုံ သူ့စကားကြောင့် စဉ်းစားပြီး...

'ခင်ဗျားပြောတာ စဉ်းစားစရာပဲ'

'ဒါဆို ဘယ်သူ့ကို ပေးမလဲ'

ကောင်းလှုံ အတန်ကြာအောင် စဉ်းစားပြီးမှ အေးစက်သောလေသံဖြင့်...

'ခင်ဗျားတို့အားလုံး လိုချင်ကြပေမယ့် ဒါတွေက ကျုပ်ကိစ္စ မဟုတ်ဘူး။ ခင်ဗျားတို့ဘာသာ တိုင်ပင်ကြလေ'

ကောင်းလှုံစကားကြောင့် ရွှေနားကွင်း လုရှောင် ချူးသခင်လေးဘက် လှည့်ကြည့်လိုက်သည်။

ချူးသခင်လေးက မြင်းဖြူရှင်ကို လှည့်ကြည့်လိုက်သည်။ ပထမဓား၊ လူထွားကြီးသုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ချူးသခင်လေးကို ပြိုင်တူ လှမ်းမေးလိုက်လေသည်။

ချူးသခင်လေး သူ့လက်ချောင်းများကို ကြည့်ပြီး အတန်ကြာသောအခါမှ...

'ကျုပ် တစ်ခုလောက် ပြောပါရစေ'

'ပြောပါ'

ချူးသခင်လေး ဧည့်ခန်းထဲရှိ လူအားလုံးကို ကြည့်ပြီး...

'ဒီပစ္စည်းပိုင်ရှင်ဟာ ရွှေနဂါးဂိုဏ်းက မဟုတ်လား'

ရွှေနဂါးဂိုဏ်းက လူက...

'ဟုတ်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com



ချူးသခင်လေး သက်ပြင်းတစ်ချက် ချလိုက်သည်။

'ဒါဆို ရွှေနဂါးဂိုဏ်းကိုပဲ ပြန်ပေးသင့်တယ်လို့ ထင်တယ်

ချူးသခင်လေး စကားအဆုံး တစ်ခန်းလုံး ငြိမ်သက်သွားလေ သည်။ အတန်ကြာသောအခါ ပထမမားက ခေါင်းတစ်ချက်ညိတ်ပြီး...

'ချူးသခင်လေး ပြောတာ မှန်တယ်။ ပိုင်ရှင်ကို ပြန်ပေးတာကျ လဲ သဘောကျပါတယ်'

သူ့စကားဆုံးသောအခါ လူထွားကြီးသုံးယောက်က ချူးသခင် လေးနှင့် ပထမမားကို ဦးညွှတ်ပြီး...

'ခင်ဗျားတို့နှစ်ယောက်ကို ကျေးဇူးတင်ပါတယ်။ ဂိုဏ်း ပြန် ရောက်ရင်လဲ ပြောပါမယ်။ ဒီကျေးဇူးကိုလဲ ဘယ်တော့မှ မမေ့ပါဘူး'

ပထမမားက ပြန်လည် ဦးညွှတ်ပြီး...

'ကျုပ်က လမ်းမှန်ကို ပြောတာပါ'

ချူးသခင်လေးကလည်း ပြန်လည် ဂါရဝပြုပြီး...

'ကျုပ်တို့ စိန်ဂိုဏ်းက ဘယ်တော့မှ မတရားမှု မပြုပါဘူး ဒါကြောင့် ကျုပ်တို့ဂိုဏ်းနဲ့ ရွှေနဂါးဂိုဏ်း ပူးပေါင်းပြီး ဆောင်ရွက်စရာ တွေ ရှိပါသေးတယ်'

ချူးသခင်လေးစကားကြောင့် ရွှေနားကွင်းဂိုဏ်းချုပ် လုရှောင် နှာခေါင်းရှုံ့လိုက်လေသည်။



## အခန်း ( ၂၁ )

လုရှောင်သည် နှုတ်ချိုသလောက် ကောက်ကျစ်စဉ်းလဲသော စိန်ဂိုဏ်းချုပ် ချူးသခင်လေး စိတ်သဘောထားကို နားလည်သဖြင့် ကန့်ကွက်စကား ပြောလိုသော်လည်း လမ်းစမရှိသဖြင့် ပါးစပ်ပိတ် ထားရသည်။

ကောင်းလျှံ ရွှေနားကွင်းဂိုဏ်းချုပ် လုရှောင်ကို လှမ်းကြည့်သည်။ လုရှောင်မျက်နှာတွင် သဘောမကျသော အရိပ်အယောင် တွေ့ရသော ကြောင့် သက်ပြင်းတစ်ချက် ချလိုက်သည်။

'ကောင်းပြီလေ။ ဒါဆိုလဲ ချူးသခင်လေးတို့ ပြောတဲ့အတိုင်း ရွှေနဂါးဂိုဏ်းကိုပဲ ပေးမယ်။ အားလုံး သဘောတူပါတယ်နော်'

လုရှောင် သဘောမတူသော်လည်း အများနှင့် တစ်ယောက် ဖြစ်သောကြောင့် ခေါင်းညိတ်ကာ...

'ကျုပ်လဲ သဘောတူပါတယ်'

အေးစက်သော လေသံဖြင့် ပြောလိုက်ရာ ကောင်းလျှံပြုံးပြီး...



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီ အားလုံး သဘောတူတယ်ဆိုတော့ ကျုပ် ရွှေနဂါးဂိုဏ်းကိုပဲ ပေးလိုက်တော့မယ်'

'ပေးလိုက်ပါ။ ပိုင်ရှင်အစစ်က သူတို့ပဲလေ'

'ကောင်းပြီ'

ကောင်းလျှံ ပြောရင်း အင်္ကျီထဲ လက်နှိုက်လိုက်သည်။ သူ လက်ပြန်နုတ်သောအခါ ကတ္တီပါ အိတ်အနီကလေးတစ်လုံး ပါလာသည်။ သူ ကတ္တီပါအိတ်ကို စားပွဲပေါ် တင်လိုက်သည်။

ကတ္တီပါအိတ်သည် အလွန်အဖိုးတန်သောပစ္စည်း ထည့်ထားသောအိတ် ဖြစ်သည်။ အားလုံး စိတ်ဝင်စားကြည့်နေကြသည်။

သို့သော်...

ကောင်းလျှံ မည်သို့မှ အမူအရာ မပြပါ။ ကောင်းလျှံ မျက်မှောင်ကြုတ်ကာ သူတို့ကို ကြည့်ပြီး ...

'ဟော့လူတွေ ခင်ဗျားတို့ လိုချင်တဲ့ ပစ္စည်း ချပေးထားပြီးပြီလေ ဘာကြောင့် မယူသေးတာလဲ'

ထိုအခါမှ ရွှေနဂါးဂိုဏ်းထဲက လူထွားကြီးတစ်ယောက် ရှေ့တက်လာကာ ကတ္တီပါအိတ်ထဲမှ ပစ္စည်းများကို စားပွဲပေါ် သွန်ချလိုက်သည်။

ထိုပစ္စည်းများ ဖယောင်းတိုင် မီးအလင်းရောင်အောက်တွင် တဖိတ်ဖိတ် တောက်ပနေလေသည်။ အဖိုးတန် ကျောက်မျက်ရတနာများ ဖြစ်သည်။

ကောင်းလျှံ အနီးရှိ ကုလားထိုင်တစ်လုံးတွင် ထိုင်ချလိုက်သည်။ သူ အဖိုးတန် ကျောက်မျက်ရတနာများကို ငေးကြည့်နေလေသည်။





ထိုကျောက်မျက်ရတနာများကို မိမိ အသက်စွန့်ကာ ယူလာခြင်း ဖြစ်သည်။

ထိုပစ္စည်းများကို လူတိုင်း မက်မောကြသည်။ သူ ယခု စွန့်ပစ်လိုက်သည်။ နှောင်တမရပါ။ မနမြောပါ။

လူတိုင်း ကျောက်မျက်ရတနာများကို မက်မောစွာ ကြည့်နေကြသည်။

'ကျုပ်မှာ ဒါအကုန်ပဲ'

ပြောပြီး ကြောင်တောင်တောင်ဖြစ်နေသော လူအများကို...

'ခင်ဗျားတို့ ဘာပြောချင်လဲ။ ပြောပါ'

ထိုင်ရာမှ ထရင်း မေးလိုက်သည်။

'ဘာမှ မလိုချင်၊ မပြောချင်ပါဘူး'

လူရောင် မျက်နှာမဲ့လိုက်သည်၊ ချူးသခင်လေးက သက်ပြင်းတစ်ချက်ချပြီး...

'မိတ်ဆွေ ခဏစောင့်ပါ။ ကျုပ် အပြင်သွားပြီး ပြန်လာပါမယ်'

ကောင်းလျှံ ပခုံးတစ်ချက်တွန့်ပြီး...

'ခင်ဗျားတို့က ဘာတွေများ တိုင်ပင်ချင်သေးလို့လဲ'

ချူးသခင်လေး ပြုံးလိုက်သည်။ ဟန်ဆောင်ပြုံး။

'ကိစ္စနည်းနည်း တိုင်ပင်ချင်လို့ပါ'

'ကောင်းပြီ။ ကျုပ် ဒီက စောင့်နေပါ့မယ်'

တစ်ယောက်ပြီးတစ်ယောက် ကောင်းလျှံကို ဦးညွှတ်ကာ အခန်းထဲမှ ထွက်သွားကြသည်။ အခန်းထဲတွင် ကောင်းလျှံတစ်ယောက်သာ ကျန်ရစ်ခဲ့လေသည်။ စားပွဲပေါ်ရှိ ရတနာပစ္စည်းများ အရောင်တဖိတ်ဖိတ် တောက်ပနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလျှံ တစ်ယောက်တည်းထိုင်ရင်း လေပူတစ်ချက် မှု

ထုတ်ကာ...

'သူတို့ ဘာတွေများ တိုင်ပင်နေကြပါလိမ့်'

တစ်ယောက်တည်း ရေရွတ်လိုက်သည်။

သို့သော်...

မည်သို့ပင် တိုင်ပင်ပါစေ သူ အရေးမလုပ်ပါ။ သူ မကြောက်ပါ ရတနာတွေ ပေးပြီး ဆွေးနွေးခြင်းမှာ သူ့အတွက် မဟုတ်။

မေဟွားနှင့်အတူ အေးချမ်းသော ဘဝလေး ထူထောင်လိုသော ကြောင့် ဆွေးနွေးခြင်း ဖြစ်သည်။ သွေးထွက်သံယိုမှုလည်း မပြုလုပ် ချင်ပါ။

ကောင်းလျှံ သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ထို့နောက်...

ပြတင်းပေါက်မှ အပြင်သို့ လှမ်းကြည့်လိုက်သည်။ ပြတင်းပေါက် အပြင်မှ လှုပ်ရှားမှု မှန်သမျှကို မြင်နေရသည်။ မည်သူမျှ အပေါ် ထပ်သို့ မတက်ကြပါ။

သူတို့လှုပ်ရှားမှုကို ကြည့်ရင်း မေဟွားကို သတိရလာသည်။ သူမ အိပ်မောကျနေမည် ဖြစ်သည်။ မေဟွား အိပ်ပျော်နေသည့်ပုံလေး မြင်လာသည်။

ထိုစဉ်...

ထမင်းစားခန်းထဲသို့ တစ်ယောက်ပြီးတစ်ယောက် ဝင်ရောက် လာလေသည်။ သူတို့အားလုံး လက်ထဲတွင် ကတ္တီပါ အိတ်ရှုံ့ကလေး များ ကိုင်ထားသည်။





သူတို့အားလုံး အိတ်ရှုံ့ကလေးများထဲမှ ရတနာပစ္စည်းများကို စားပွဲပေါ်တွင် သွန်ချလိုက်သည်။

'ဟော့လူတွေ ဒါ ဘာလုပ်တာလဲ'

'မိတ်ဆွေကို လက်ဆောင်ပေးတာပါ'

ကောင်းလျှံ အံ့သြသွားလေသည်။ ကောင်းလျှံအိတ်ထဲမှ ရတနာ များထက်ပင် ပို၍ တန်ဖိုးကြီးလေသည်။ သူ နားမလည်နိုင်အောင် ဖြစ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ချူးသခင်လေးက ကောင်းလျှံကို ကြည့်ကာ...

'ကျုပ် တစ်ခု တောင်းပန်ပါရစေ'

'ဘာများလဲ'

'ဒီပစ္စည်းတွေဟာ ကျုပ်တို့ရဲ့ လက်ဆောင်ပါ။ ဒါကို လက်ခံပါ။ ဒါနဲ့ မိတ်ဆွေကြီး ဘယ်တော့ သွားမှာလဲ'

'ကျုပ် မိုးလင်းတာနဲ့ သွားမှာပါ။ ဘာကြောင့် မေးတာလဲ'

'ဘာမှမဖြစ်ပါဘူး'

ကောင်းလျှံ ဘာမျှ နားမလည်နိုင်အောင် ဖြစ်နေလေသည်။

'နေပါဦး ခင်ဗျားတို့ ဘယ်လိုဖြစ်စေချင်လဲ'

'ဘာမှ မဖြစ်စေချင်ဘူး'

'သူတို့မှာ ဘာအကြံများ ရှိနေပါလိမ့်'

ကောင်းလျှံ စိတ်ထဲ တွေးနေလေသည်။

'ဩော် ခင်ဗျားတစ်ယောက်တည်း သွားမှာ မဟုတ်လား'

ချူးသခင်လေးက ပြုံးပြီး မေးလိုက်သည်။

ထိုအခါ...

ကောင်းလျှံကိုယ် ဆတ်ခနဲ တုန်သွားပြီး...

'ခင်ဗျား ဘာပြောလိုက်တာလဲ'

ပြန်မေးလိုက်သည်။ ချူးသခင်လေး ပြုံးပြီး...

'မိတ်ဆွေတစ်ယောက်တည်း သွားမှာမဟုတ်လားလို့ မေးတာပါ'

ချူးသခင်လေး အမေးစကားကြောင့် ချူးသခင်လေး သဘောထားကို ကောင်းစွာ နားလည်သဘောပေါက်သွားလေသည်။ ချူးသခင်လေး သဘောကောင်းနေသည်ကိုလည်း တွေးမိသွားလေသည်။





ကောင်းလျှံ ဘာမျှ မပြောနိုင်တော့ဘဲ စိတ်ပျက်စွာ ကုလားထိုင်ပေါ် ပြန်ထိုင်လိုက်လေသည်။ သူ စဉ်းစားရင်း ဦးနှောက်ခြောက်သွားလေသည်။

မေဟွား အိမ်မှ ထွက်ပြေးလာခြင်းသည် မိမိအား လိမ်ပြောသည်ကို နားလည်သည်။ ထိုလူများ မိမိထံ လာခြင်းမဟုတ်။ မေဟွားထံလာခြင်း ဖြစ်သည်။

ချူးသခင်လေး ကြောင်တောင်တောင်ဖြစ်နေသော ကောင်းလျှံကို ကြည့်နေကြသည်။

'မိတ်ဆွေကြီး'

ချူးသခင်လေးက ပြုံးပြီး အသံပြုကာ...

'မေဟွားနဲ့ မိတ်ဆွေတို့က အရင်က အသိအကျွမ်း မဟုတ်ဘဲ ခုမှသိတာဆိုတာ ကျုပ်တို့ သိပါတယ်'

ချူးသခင်လေးစကားကြောင့် ကောင်းလျှံ မော့ကြည့်လိုက်သည်။

'ဘာထူးလို့လဲ'

ချူးသခင်လေး ပြုံးပြီး...

'မထင်မှတ်ဘဲ တွေ့တဲ့ မိန်းကလေးအတွက် ကျုပ်တို့ကို မျက်နှာပျက်အောင်တော့ လုပ်မယ် မထင်ဘူး'

ကောင်းလျှံ ထိုင်ရာမှ ထရပ်ပြီး...

'ခင်ဗျားနဲ့ ကျုပ်က မိတ်ဆွေတွေမှ မဟုတ်တာဘဲ'

'ခင်ဗျားမိန်းကလေးထက် ပိုကောင်းတဲ့ မိတ်ဆွေတွေပါ'

ကောင်းလျှံ ဘာမျှမပြောတော့ပါ။

○ ✦ ○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၂ )

ချူးသခင်လေး ကောင်းလျှံကို တစ်ချက် အကဲခတ်ကြည့်ပြီး...

'မိတ်ဆွေ ကျုပ်တို့ပေးတဲ့ လက်ဆောင်ကို လက်ခံပါ။ မေပဟွား ထက်သာတဲ့ မိန်းကလေးတွေ အများကြီး ရနိုင်ပါတယ်။ ကျုပ်တို့လို မိတ်ဆွေကောင်းကတော့ နောင် ရှာတွေ့မှာ မဟုတ်ဘူး'

'ဘာလဲ ခင်ဗျားတို့ မေပဟွားကို လိုချင်တာလား'

'မလိုချင်ပါဘူး။ သူ့ထက်သာတာတွေ အများကြီး ရှိတယ်'

'ဒါဆို ရှင်းရှင်းပြောပါ'

'မိတ်ဆွေ ဟန်ဆောင်နေတာလား'

'ကျုပ် မသိလို့ မေးတာပါ'

ကောင်းလျှံ စကားကြောင့် ချူးသခင်လေး အံ့သြသွားသည်။

ထို့နောက်...

ကောက်ကျစ်စဉ်းလဲသော အရိပ်အယောင်များ ထွက်လာသည်။ ချူးသခင်လေး မြေခွေးတစ်ယောက်လို ပြုံးပြီး...

'ခင်ဗျားက အလွန်ပါးနပ်တဲ့လူဆို'



www.burmeseclassic.com

www.burmeseclassic.com



'ကျုပ်ကို ရှင်းရှင်းပြောပါ။ ကျုပ် ဘာမှ မသိဘူး'

'ဒါဆိုလဲ ကောင်းပါတယ်။ မသိချင်ပါနဲ့တော့'

'မဟုတ်သေးဘူး ခင်ဗျားတို့ ပြောပါ။ ကျုပ် ကူညီနိုင်တာဆို ကူညီပါ့မယ်'

'ဒါဆို ဒီပစ္စည်းတွေ ယူပြီး ထွက်သွားပါ'

ကောင်းလျှံ ဘာမျှမပြောတော့ပါ။

ထမင်းစားခန်းမှ ချာခနဲ လှည့်ထွက်လာခဲ့လေသည်။ သူတို့ အားလုံး ကြောင်ကြည့်နေလေသည်။

မည်သူမျှ မဟန့်တားရဲကြပါ။

ကောင်းလျှံ မေဟွားအခန်းဘက်သို့ ထွက်လာခဲ့လေသည်။

မေဟွားအခန်း ပြတင်းပေါက်ကို လှမ်းကြည့်လိုက်သည်။ ပြတင်းပေါက်တွင် အရိပ်နှစ်ရိပ် ထင်နေလေသည်။

တစ်ရိပ်နှင့်တစ်ရိပ် မတူပါ။

အရိပ်တစ်ရိပ်သည် ယောကျ်ားတစ်ယောက်အရိပ်ဖြစ်ပြီး ကျန် တစ်ရိပ်မှာ မိန်းကလေးတစ်ယောက် အရိပ် ဖြစ်သည်။

ကောင်းလျှံ မျက်မှောင်ကြုတ်လိုက်လေသည်။

'မေဟွား'

နှုတ်မှ တိုးတိုးလေး ထွက်လာသည်။

ထမင်းစားခန်းထဲတွင် လူတစ်စု ရှိနေသည်။

မေဟွားအခန်းထဲမှ အရိပ်သည် မည်သူ့အရိပ် ဖြစ်သည်ကို ကောင်းလျှံ စဉ်းစားနေလေသည်။

ထိုစဉ်...





အရိပ်တစ်ခု မေဟွားနား တိုးကပ်သွားသည်။

ကောင်းလျှံ ရင်ထဲ နာကျင်သွားလေသည်။ တစ်ဆက်တည်း လက်ကလည်း ဓားရိုးပေါ်သို့ ရောက်သွားလေသည်။

ကောင်းလျှံ မည်သို့ ပြုရမှန်းမသိ ဖြစ်သွားလေသည်။

သူ့ အသက် သုံးဆယ်ကျော်အရွယ်ကပင် သိုင်းလောကထဲ ခြေချခဲ့သည်။

သိုင်းလောကတွင် ကျင်လည်သော တစ်ဆယ်လေးနှစ်လုံးလုံး တစ်ခါမှ ယခုကဲ့သို့ ခေါင်းမခြောက်ခဲ့ပါ။

ယခု သူ မည်သို့ ဆုံးဖြတ်ရမှန်းမသိ ဖြစ်နေလေသည်။ ထို ရွေ့လျားနေသောအရိပ်ကို ကြည့်ကာ မည်သူမှန်းမသိ၍ ကြိုးစား ကြည့်ခဲ့သည်။

'ရောင်ဖုန်းများလား'

သူ့စိတ်ထဲ တွေးနေသည်။

သို့သော်...

ရောင်ဖုန်း ဝသူဖြစ်သည်။ စီးပွားရေး ကောင်းသည်။ လူပျို တစ်ယောက် ဖြစ်သည်။

မေဟွားအား နှစ်သက်ပါက ရွေးချယ်ခွင့် ရှိသည်။

ကောင်းလျှံ သက်ပြင်းတစ်ချက် ချလိုက်သည်။

'မေဟွား ရောင်ဖုန်းကို ရွေးချယ်ရင် ဘဝအေးချမ်းမှာပါ'

တွေးလိုက်သည်။ သူ့ရင်ထဲ ဆူးစူးသလို ခံစားလိုက်ရသည်။ သူ ပြတင်းပေါက်မှ မျက်လုံးလွှဲကာ အပြင်သို့ထွက်ရန် ခြေလှမ်းပြင် လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တိုစဉ်...

'အား'

ရုတ်တရက်...

ထိတ်လန့်တကြား အော်ဟစ်သံကို ကြားလိုက်ရလေသည်။ မေပန္နား၏ အော်ဟစ်သံကြောင့် အပြင်သို့ ထွက်ရန် ခြေလှမ်းနေသော ကောင်းလျှံ ခြေလှမ်းရပ်သွားလေသည်။

ကောင်းလျှံ ဘာမျှ စဉ်းစားမနေတော့ဘဲ မေပန္နား အခန်းရှိရာသို့ ပြေးထွက်လာခဲ့လေသည်။

'ဝုန်း'

အသံနှင့်အတူ ပြတင်းပေါက်တံခါး ပွင့်လာလေသည်။

သစ်သားအစများ ပြန့်ကျဲသွားလေသည်။ ကောင်းလျှံ အခန်းထဲ ရောက်သွားပြီး အခန်းကို ကြည့်လိုက်ရာ အခန်းထဲတွင် လူနှစ်ယောက် ရှိလေသည်။

မေပန္နား သူ့ရှေ့တွင် ရပ်နေသော လူကို ကြောက်ရွံ့စွာ မျက်လုံးပြူးပြီး ကြည့်နေလေသည်။

သူမမျက်နှာ ဖြူဖွေးနေလေသည်။ ကြောက်စရာပင်။ မေပန္နား ကြောက်ရွံ့မည်ဆိုလဲ မေပန္နားရှေ့တွင်ရှိသော လူကွားကြီးမှာ မကောင်းဆိုးဝါးတစ်ယောက်နှင့် တူနေလေသည်။

ကောင်းလျှံပင် ကြောင်ကြည့်နေလေသည်။ မကောင်းဆိုးဝါးကောင်ကြီးလည်း ကြောင်ကြည့်နေလေသည်။

အတန်ကြာသောအခါ ထို မကောင်းဆိုးဝါးကောင်ကြီး စတင် လှုပ်ရှားလိုက်လေသည်။



F. 11 B



သူ့လက်ထဲမှ လိမ်ကောက်ကွေးသော အရာဝတ္ထုတစ်ခု ထွက် လာလေသည်။

ကောင်းလျှံ နောက်ဆုတ် ရှောင်တိမ်းလိုက်လေသည်။

ထိုလူ ကျာပွတ်ဖြင့် ရိုက်ကြောင်း သိရလေသည်။ တစ်ဆက် တည်း ထို မကောင်းဆိုးဝါးကောင်၏ သိုင်းပညာ ကြောက်စရာကောင်း ကြောင်း သိရလေသည်။

✧ ❂ ✧



www.burmeseclassic.com

www.burmeseclassic.com



ထို မကောင်းဆိုးဝါးကောင်၏ သိုင်းပညာ ထိပ်တန်းအဆင့်ရှိကြောင်း သူ တွေးမိသည်။

ထိုစဉ်...

'ဖြန်း'

နောက်တစ်ချက် ကျာပွတ်ရိုက်သံကို ကြားလိုက်ရသည်။

ကောင်းလျှံ ရှောင်တိမ်းချိန် မရသောကြောင့် ဓားအိမ်ဖြင့် ဆီးခံပေးလိုက်ပြီး ဓားကို ဆွဲထုတ်လိုက်လေသည်။

ကောင်းလျှံ ဓားဝင့်ပြီး ထိုလူထံ ခုန်ဝင်လိုက်လေသည်။

သို့သော်...

မကောင်းဆိုးဝါးကောင်ကြီး အလွန် လျင်မြန်လေသည်။

သိုင်းလောက အတွေ့အကြုံ ရင့်ကျက်သူတစ်ယောက် ဖြစ်သည့်နည်းတူ ကောင်းလျှံ၏ ဓားချက်ကို ရှောင်တိမ်းလိုက်လေသည်။

ကိုနောက်...

သူ့လက်ထဲမှ အဖြူရောင် အလင်းတန်းလေးများ ထွက်လာသည်။

လက်နက်ပုန်းများ ဖြစ်သည်။

ကောင်းလျှံ ဓားကို စကြာပုံလှည့်ကာ ရိုက်ထုတ်ရလေသည်။

'ထန် ထန်'

'ထန် ထန်'

'ထန်'

'ဒေါက်'

'ဒေါက် ဒေါက်'





အသံများ ထွက်လာပြီး လက်နက်ပုန်းများ ကြမ်းပေါ် ကျသွားလေသည်။

ထို မကောင်းဆိုးဝါးကောင်ကြီး တစ်ဆက်တည်း ကျွမ်းပစ်ကာ အခန်းထဲမှ ထွက်ပြေးသွားလေသည်။

ကောင်းလျှံ ချက်ချင်း လိုက်သွားသည်။

သို့သော်...

အရိပ်အယောင်ပင် မတွေ့ရပါ။

အခန်းအပြင် စင်္ကြံလမ်းတွင် မရှိပါ။ ကောင်းလျှံ သက်ပြင်း တစ်ချက်ချပြီး...

'လူမှ ဟုတ်ရဲ့လား'

တွေးနေသည်။

မေဟွားကို လှမ်းကြည့်ရာ ခုတင်အောက်တွင် ကြောက်လန့်ကာ သတိလစ်နေလေသည်။

ကောင်းလျှံ မေဟွားကို ငုံ့ကြည့်လိုက်သည်။

ထိုအခါ...

အဝေးမှ ပြေးလာသောခြေသံကို ကြားလိုက်ရသည်။

ခြေသံအဆုံး စကားသံကိုပါ ကြားလိုက်ရသည်။

'သူငယ်ချင်း ဘာဖြစ်တာလဲ'

ရှောင်ဖုန်း အခန်းတံခါးဝမှ ရပ်ကာ မေးလိုက်ခြင်း ဖြစ်သည်။ သက်ပြင်းတစ်ချက် ချပြီး...

'ဘာမှမဖြစ်ဘူး။ မင်းလာတော့ လမ်းမှာ မကောင်းဆိုးဝါးတစ်ကောင် မတွေ့ခဲ့ဘူးလား'



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုန်းကို ကြည့်ကာ မေးလိုက်သည်။

'မတွေ့ခဲ့ဘူး'

'ဘယ်တွေ့မလဲ။ သူက ကြက်တွန်သံကြားရင် ပျောက်သွားတတ်တာပဲ'

ကောင်းလျှံ စကားအဆုံး အဝေးမှ ကြက်တွန်သံ ထွက်လာလေသည်။

○ ✦ ○



## အခန်း ( ၂၃ )

နောက်တစ်နေ့၏ ပထမဆုံး အလင်းရောင် မိုးကုပ်စက်ဝိုင်းမှ စတင် ပေါ်ပေါက်လာလေသည်။

ကောင်းလျှံ မေဟွားကို ခုတင်ပေါ် ပွေ့တင်လိုက်ပြီး မြို့တင်းပေါက်မှ အပြင်သို့ တစ်ချက် လှမ်းကြည့်လိုက်လေသည်။

အမှောင်ထု တဖြည်းဖြည်း ပျောက်ကွယ်သွားပြီး တဖြည်းဖြည်း အလင်းရောင် ရောက်လာလေသည်။

ပတ်ဝန်းကျင်တစ်ခုလုံး သဲသဲကွဲကွဲ မြင်ရလေသည်။ အဝေးမှ လယ်ကွင်း၊ လယ်ကွင်းကျော်သောအခါ တောအုပ်ကလေးကို တွေ့ရသည်။ သစ်တောအုပ်ကလေးမှာ အစော်ပင်သေးသည်။

ထို့ကြောင့်...

စောစောက အခန်းထဲက ပြေးထွက်သွားသော မကောင်းဆိုးဝါး ကောင် မည်သည့်နည်းနှင့်မျှ သစ်တောအုပ်သို့ မရောက်နိုင်သေးပါ။

သို့သော်...

ထိုနေရာ အနီးတစ်ဝိုက်တွင် လှုပ်ရှားမှု မတွေ့ရပါ။ ကောင်းလျှံ



www.burmeseclassic.com

www.burmeseclassic.com



ပြတင်းပေါက်မှ ခွကျော်လိုက်သည်။ ရှောင်ဖုန်း သူ့အား နားမလည်နိုင်သလို ကြည့်ရင်း...

'သူငယ်ချင်း ဘာလုပ်မလို့လဲ'

ကောင်းလျှံ ရှောင်ဖုန်းကို တစ်ချက်ကြည့်ပြီး...

'မင်း မေဟွားကို ခဏကြည့်ထား ငါ...'

ပြောပြီး တံစက်မြိတ်ကို လှမ်းခိုကာ လေထဲတစ်ချက် လွဲပြီး တည်းခိုခန်း ခေါင်းမိုးပေါ်သို့ ရောက်သွားလေသည်။

အရက်ဦး၏ လေသည် အေးမြသည်။ လေကို အားရပါးရ ရှူရှိုက်လိုက်ရသောကြောင့် ကောင်းလျှံ စိတ်ထဲ လန်းဆန်းသွားလေသည်။

ကောင်းလျှံ ခေါင်မိုးပေါ်တွင် မတ်တတ်ရပ်လိုက်သည်။

ထို့ကြောင့်...

ပတ်ဝန်းကျင်ကို သဲကွဲစွာ မြင်ရသည်။ သူ ခေါင်မိုးပေါ်တွင် ရပ်ကာ အတန်ကြာအောင် စဉ်းစားနေလေသည်။ အတန်ကြာအောင် စဉ်းစားရင်း မဲ့ပြုံးပြုံးကာ ရုတ်တရက် ခေါင်မိုးပေါ်မှ ခုန်ဆင်းလိုက်လေသည်။

တည်းခိုခန်း၏ အောက်ထပ်တွင် အခန်းလေးခန်း ရှိသည်။ ထိုအခန်းလေးခန်း၏ တတိယအခန်းသည် ရွှေနားကွင်းကိုဏ်းချုပ် လုရှောင်၏အခန်း ဖြစ်သည်။

ကောင်းလျှံ အောက်ရောက်သောအခါ သူ အခန်းအားလုံးကို တစ်ချက်ကြည့်လိုက်သည်။ ပြတင်းပေါက်မှ ထင်ဟပ်နေသော အရိပ်တစ်ရိပ် မြင်ရသည်။ ထိုအခန်းသည် ဒုတိယအခန်း ဖြစ်သည်။





ပြတင်းပေါက်မှ ထင်ဟပ်သော အရိပ်ကြောင့် ထိုအခန်းရှင်သည် တစ်ခေါင်းလုံး ဆွတ်ဆွတ်ဖြူနေသော အဘွားအိုဟု တွေးမိသည်။

ကောင်းလျှံ ထို ပြတင်းပေါက်ရှေ့တွင် ရပ်ရင်း သက်ပြင်း တစ်ချက် ချလိုက်သည်။

ထိုစဉ်...

ရုတ်တရက်...

အသံတစ်ခု ထွက်လာလေသည်။

'ဘယ်သူလဲ'

အခန်းထဲမှ စကားသံထွက်လာခြင်း ဖြစ်သည်။ ထိုအသံကြောင့် ကောင်းလျှံ အံ့သြသွားလေသည်။ မိမိကိုယ်ဖျော့ပညာကို ထိပ်တန်းအဆင့်ရှိသည်ဟု ကောင်းလျှံ ယုံကြည်သည်။ ယခု ပြတင်းပေါက်နား ကပ်လာသည်ကို သိသောကြောင့် အံ့သြနေလေသည်။

သို့သော်...

သူ အံ့သြထိတ်လန့်မှုကို ထိန်းချုပ်ကာ...

'ကျွန်တော်ပါ'

ပြန်လည် အသံပြုလိုက်ရာ...

'ကျွန်တော်ဆိုတာ ဘယ်သူလဲ'

အခန်းထဲမှ ပြန်မေးလိုက်သည်။ အခန်းတံခါးလည်း ပွင့်လာလေသည်။ အဘွားအိုတစ်ဦး တံခါးဝတွင် လာရပ်လေသည်။ ခါးကုန်းကုန်းနှင့် အဘွားအိုတစ်ဦး ဖြစ်သည်။ ထိုအဘွားအိုက ခါးထောက်ပြီး...

'မင်း ဘယ်သူလဲ၊ ဘယ်ကလဲ'



www.burmeseclassic.com

www.burmeseclassic.com



'ဒီဘက်ကို လူတစ်ယောက် ရောက်လာသလားလို့'

ကောင်းလျှံ စကားကို သဘောမကျဟန်ဖြင့် အဘွားအိုနှုတ်ခမ်းတစ်ချက် မဲ့ပြီး...

'ငါလိုချင်တဲ့ အဖြေက ဒါမဟုတ်ဘူး'

အဘွားအိုစကားကြောင့် ကောင်းလျှံရင်ထဲ မကျေမနပ် ဖြစ်သွားလေသည်။

'ကျွန်တော်လဲ ဘာမှ မသိချင်ဘူး။ ခင်ဗျားနဲ့ မိတ်ဖွဲ့ရအောင် လာတာ မဟုတ်ဘူး'

ပြောလိုက်ရာ အဘွားအို ဒေါသတကြီးဖြင့်...

'အလွန်ရိုင်းတဲ့ ကျွဲငယ်ပါလား။ မင်း ဘယ်သူမှ မနှိုးခင် ငါ့အခန်းနားလာတာ မင်း လူကောင်းလား'

အဘွားအိုစကားကြောင့် ကောင်းလျှံ ဒေါသဖြစ်သွားလေသည်။

သို့သော်...

သူ စိတ်ကိုထိန်းပြီး စိတ်လျှော့ကာ အဘွားအိုအား ပြုံးပြလိုက်လေသည်။

'ကျေးဇူးတင်ပါတယ်'

ပြောရင်း လှည့်ထွက်လာခဲ့သည်။ သူ ခြေလှမ်း ဆယ်လှမ်း မပြည့်သေးပါ။

'ဝုန်း'

အဘွားအို လဲကျသွားသံ ကြားလိုက်ရလေသည်။ ကောင်းလျှံ သိုင်းလောက၌ ကျင်လည် ကျက်စားသူဖြစ်ပြီး ဝံပုလွေတစ်ကောင်ကဲ့သို့ ပါးနပ်သူ ဖြစ်သည်။





သို့သော်...

ယခု သက်ကြီးရွယ်အိုတစ်ယောက် ဒုက္ခရောက်သည်ကို တွေ့သောအခါ လျစ်လျူရှု မနေနိုင်တော့ဘဲ ပြေးသွားကာ ပွေ့ထူလိုက်လေသည်၊ အဘွားအိုအား ပွေ့ထူလိုက်သည်နှင့် သူ့စိတ်ထဲ သံသယ ဖြစ်သွားလေသည်။

သူ အဘွားအို မျက်နှာကို သေချာကြည့်လိုက်သည်။ အဘွားအို အသက်ငွေ့ငွေ့ ရှိနေဆဲပင်။

✧ ✪ ✧



www.burmeseclassic.com

www.burmeseclassic.com



အဘွားအို၏ သွေးကြောများ သွေးလည်ပတ်နေသည်။ ကောင်းလျှံ သတိလစ်နေသော အဘွားအိုကို ပွေ့ချီရင်း အဘွားအို ကိုယ်အလေးချိန် သက်ကြီးရွယ်အိုထက် ပိုလေးကြောင်း သိလိုက်သည်။

အဘွားအိုထံမှ သက်ပြင်းချသံတစ်ချက် ထွက်ပေါ်လာပြီး အဘွားအို လူးလွန့်ကာ သတိရလာသည်။

ကောင်းလျှံ အဘွားအိုအား ကြည့်ရင်း...

'အဘွား သတိရပြီလား'

မေးရင်း အဘွားအို အခန်းထဲ ရောက်သွားလေသည်။ အဘွားအို ရှန်းကန်ပြီး...

'ငါ့ကို အောက်ချစမ်း'

သို့သော်...

ကောင်းလျှံ အောက်မချသေးဘဲ အခန်းထဲထိ ဝင်လာလေသည်။ ကောင်းလျှံ အခွင့်အရေးကို လက်လွှတ်မခံဘဲ အခန်းထိဝင်သွားသည်။

အခန်းထဲရောက်သည်နှင့် အခန်းတစ်ခုလုံးကို အကဲခတ်ကြည့်လိုက်သည်။

အခန်းထဲတွင် ပရိဘောဂ များများ မရှိပါ။

အခန်းအနောက်ဘက်တွင် ခုတင်တစ်လုံး ရှိသည်။ ခုတင်ပေါ်တွင် လူမမာတစ်ဦး ရှိသည်။

လူမမာအား အဝတ်ဖြူ လွှမ်းထားသည်။ ဆယ့်နှစ်နှစ်အရွယ် ကလေးတစ်ယောက် ခုတင်ကို မှီကာ အိပ်နေသည်။

ကောင်းလျှံ သူ တွေ့လိုသည်ကို မတွေ့ရသဖြင့် သက်ပြင်း မသိမသာ ချလိုက်သည်။





ထိုစဉ်...

ရုတ်တရက် သူ ပွေ့ချီထားသော အဘွားအို လှုပ်ရှားလိုက်လေသည်။

ကောင်းလျှံ မထင်မှတ်သောအချိန်တွင် ရုတ်တရက် တိုက်ခိုက်ခြင်းခံရသောကြောင့် မည်သို့မျှ ရှောင်တိမ်းချိန် မရပါ။

အဘွားအို တိုက်ခိုက်မှု လျင်မြန်သည်။ ခွန်အားပါသည်။

ထို့ကြောင့်...

ကောင်းလျှံ မျက်လုံးများ ပြာဝေလာသည်။ လည်ပင်း တင်းကျပ်လာသည်။ မျက်လုံးပြူးကာ အဘွားအိုအား ကြည့်နေလေသည်။

အဘွားအို လက်များ တစ်စထက်တစ်စ တင်းကျပ်လာလေသည်။

ထို့ပြင် အဘွားအို မျက်လုံးများ ပြုံးယောင်သမ်းလာလေသည်။ အဘွားအို ကောင်းလျှံ၏ မျက်နှာကို အကဲခတ် ကြည့်နေလေသည်။

အိုမင်းနေသော အဘွားအို ကြွမ်းတမ်းနေလေသည်။ အဘွားအို ကောက်ကျစ်စွာ ပြုံးလိုက်သည်။

'မင်း ဘာတတ်နိုင်သေးလဲ'

အဘွားအိုအသံ တုန်ယင်မနေပါ။ ထို့ပြင် အသက်ကိုးဆယ်အရွယ် အဘွားအို မဟုတ်တော့ပါ။

မိန်းမပျိုတစ်ယောက်အသံ ဖြစ်သည်။ သူမ ကောက်ကျစ်စွာ ပြုံးပြီး တင်းကျပ်စွာ ညစ်ကာ...

'နေရာတကာ ဝင်ရှုပ်တဲ့လူ၊ သူ မရှိရင် သိုင်းလောက အေးလောက် ပျော်ဖို့ကောင်းမလဲ'



www.burmeseclassic.com

www.burmeseclassic.com



ပြောလိုက်လေသည်။

သို့သော်...

သူမ စကားဆုံးသည်နှင့် သူမမျက်နှာပေါ်က ကောက်ကျစ်သောအပြုံး ကွယ်ပျောက်လေသည်။ တစ်ဆက်တည်း အလွန်ထိတ်လန့်သော အမူအရာ ပေါ်လာ၏။

သူမ အံ့သြထိတ်လန့်သော မျက်လုံးများဖြင့် ကောင်းလျှံကို ကြည့်နေလေသည်။

○ ✦ ○



## အခန်း ( ၂၄ )

ကောင်းလျှံ ပြုံးနေလေသည်။ ဝံပုလွေတစ်ကောင်၏ ကောက်ကျစ်စဉ်းလဲသော အပြုံးမျိုး ဖြစ်သည်။ အဘွားအိုထံမှ ကောက်ကျစ်စဉ်းလဲသောအပြုံး ကောင်းလျှံထံ ကူးစက်သွားလေသည်။

ကောင်းလျှံ ပြုံးနေပြီး အဘွားအို မပြုံးနိုင်ပါ။ အဘွားအို၏ နောက်ကျောကို ချွန်ထက်သော အရာဝတ္ထုတစ်ခုက ထောက်ထားနေသောကြောင့် ဖြစ်သည်။

ချွန်ထက်သောအရာ အဘွားအို နံကြားထဲ စူးဝင်သွားတိုင်း ကောင်းလျှံ၏ လည်ပင်းကို ညှစ်ထားသော အဘွားအို၏ လက်ချောင်းကလေးများက တဖြည်းဖြည်း လျော့လာ၏။

နောက်ဆုံး...

အဘွားအိုက ကောင်းလျှံ၏ လည်ပင်းကို ဆက်မညှစ်နိုင်တော့ဘဲ လက်ကို ပြန်ရုပ်သိမ်းလိုက်လေသည်။ ကောင်းလျှံ သဘောကျစွာ ပြုံးပြီး အဘွားအိုအား အောက်ချပေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အဘွားအို ခါးမကုန်းတော့ပါ။ သူမ နှုတ်ခမ်းကို ကိုက်ပြီး မကျေမနပ်ဖြင့် ကောင်းလှျံကို ကြည့်နေလေသည်။ ကောင်းလှျံသည် သူမအား ပြောင်စပ်စပ်ဖြင့် ပြုံးကြည့်ပြီး မိမိဘယ်လက်တွင် ကိုင်ဆောင်ထားသော ဓားငယ်ကလေး၏ အဖျားကို သူမအား ထောင်ပြလိုက်လေသည်။ သံမဏိဓားငယ်လေးထိပ်ဖျားတွင် သွေးများ စွန်းနေသည်။ ကောင်းလှျံ အဘွားအိုအား ပြုံးကြည့်ပြီး...

'ခင်ဗျား မင်းသမီးလုပ်ဖို့ ကောင်းတယ် သိလား'

အဘွားအို မျက်လုံးပြူးပြီး...

'ရှင် သိနေလား'

ကောင်းလှျံ သံမဏိဓားလေးကို သိမ်းလိုက်သည်။

ထို့နောက်...

ကောင်းလှျံ ဟောင်းနွမ်းသော ဓားအိမ်ထဲမှ ဓားကို ဆွဲထုတ်လိုက်လေသည်။ ဓားရောင် ဝင်းလက်သွားလေသည်။ အဘွားအို၏ ဖြူဖွေးသော ဆံပင်များအား ခုတ်ချလိုက်လေသည်။

'အသက်ကိုးဆယ်အရွယ် အဘွားအိုရဲ့ကိုယ်ဟာ ဒီလောက် မလေးဘူး။ ပြီးတော့ မျက်နှာကိုသာ အဘွားအိုပုံ ဆောင်လို့ရပေမယ့် လက်မောင်း၊ လက်ချောင်းတွေကို လုပ်လို့ မရဘူးလေ'

အဘွားအိုအယောင်ဆောင်ထားသူ ဘာမျှ မပြောတော့ပါ။ အဘွားအို၏ ရှုံ့တွနေသော မျက်နှာအတု ကွာကျသွားသောအခါ ချောမောလှပသော အသက်သုံးဆယ်ကျော် အမျိုးသမီးတစ်ယောက်ပုံ ပေါ်လာလေသည်။ ကောင်းလှျံ ထိုအမျိုးသမီးကို သေချာ ကြည့်လိုက်ပြီးမှ သက်ပြင်းတစ်ချက် ချလိုက်သည်။





'ကျုပ် မသိလို့ မေးပါရစေ။ မင်း ဘာကြောင့် ကျုပ်ကို ရန်ရှာရတာလဲ။ မင်းနဲ့ ရန်စရှိလို့လား'

ကောင်းလှျံ အမေးကြောင့် မိန်းကလေး ရယ်မောစရာစကား ကြားရသည့်နယ် ရယ်မောလိုက်လေသည်။ အတန်ကြာသောအခါမှ ရယ်မောခြင်းကို ရပ်တန့်ပြီး...,

'ရှင်ဟာ လူအတစ်ယောက် မဟုတ်ဘူးဆိုတာ ကျွန်မ သိပါတယ်'

ကောင်းလှျံ မျက်မှောင်ကြုတ်ပြီး...

'ဒါက ကျုပ်မေးတာနဲ့ မဆိုင်ပါလား'

မိန်းကလေး ရယ်မောပြီး...

'ဆိုင်တယ်။ ရှင့်လိုလူမျိုး မသိဘူးဆိုတာ ဖြစ်နိုင်ပါ့မလား'

ကောင်းလှျံ ခေါင်းကုတ်ပြီး...,

'ခက်တာပဲ ဘာတွေဖြစ်ကုန်ပြီလဲ။ ကျုပ် တကယ် မသိလို့ မေးတာပါ'

မိန်းကလေး အံ့ဩဟန်ဖြင့်...

'ရှင် တကယ်မသိဘူး ဟုတ်လား'

လှောင်သလို မေးလိုက်သည်။

ကောင်းလှျံ မျက်နှာကို ရှုံ့မဲ့ပြလိုက်ပြီး...,

'သိမှတော့ ကျုပ် လေကုန်မခံဘူး'

ထိုစဉ်...

ကောင်းလှျံ အသံတစ်သံကို ကြားလိုက်ရလေသည်။ ထိုအသံသည် ကောင်းလှျံ နောက်မှ ထွက်လာသောအသံ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်စုံတစ်ခု လေထုကို ဖြတ်ကာလာသောအသံ ဖြစ်သည်။

ကောင်းလျှံ သိုင်းလောက ဝါရင့် အတွေ့အကြုံရှိသူပီပီ နောက်သို့ ချာခနဲ လှည့်ကာ ဓားကို ဝှေ့ယမ်းလိုက်လေသည်။

'ထန် ထန်'

'ချွမ် ချွမ်'

အသံနှင့်အတူ ဓားမြှောင်နှစ်ချောင်း ကြမ်းပေါ် ကျသွားလေသည်။ ကောင်းလျှံ မိမိအား လုပ်ကြံသော ရန်သူကို ရှာလိုက်သည်။ နောက်ဘက်ရှိ ခုတင်ကို မှီကာ အိပ်ပျော်နေသော ဆယ့်နှစ်နှစ်အရွယ် ကလေးငယ်နှင့် လူမမာတစ်ယောက်သာ ရှိသည်။ လူမမာ ...သက်နေသည်။ ကလေးငယ်လည်း အိပ်နေသည်။

သို့သော်...

ကောင်းလျှံ မျက်လုံးမှုးရသည်။ ခုတင်ကိုမှီပြီး အိပ်ပျော်နေသော ကလေးငယ်၏ လက်အ...အကား ပြောင်းလဲနေသည်။ ပထမအကြိမ် ကြည့်စဉ်က ညာဘက်အပေါ် ဘယ်ဘက်လက်တင်ပြီး ခေါင်းအုံး အိပ်...နေသည်။ ယခု ဘယ်လက်ပေါ် ညာလက်တင်ကာ အိပ်စက်နေသည်။

ကောင်းလျှံ သူ့အား စူးရှစွာ ကြည့်နေစဉ်မှာပင် ကလေးမျက်လုံး ပွင့်လာလေသည်။ ကလေးမျက်နှာတွင် မချိုမချဉ် မျက်နှာပေးကို တွေ့ရသည်။

တစ်ဘက်တည်း ကလေးငယ်၏လက် လှုပ်ရှားလိုက်ရာ အစိမ်းရောင်သမ်းနေသော အလင်းတန်းကလေးများက ကောင်းလျှံထံ ပျံ့လွင့်လာလေသည်။





ကလေးငယ်၏ လှုပ်ရှားမှုမှာ မထင်မှတ်လောက်အောင် မြန်ဆန်လေသည်။

ထို့ပြင်...

အကွာအဝေးမှာ နီးကပ်နေသောကြောင့် ရှောင်တိမ်းရန် မလွယ်ကူပါ။ ကောင်းလျှံ သူ၏ဓားကို တရကြမ်း ဝှေ့ယမ်းလိုက်လေသည်။

'ထန်း ထန်း ထန်း'

အသံများ ထွက်ပေါ်လာပြီး အဆိပ်အပ်ကလေးများ ကြမ်းပေါ် ကျသွားလေသည်။ ကလေးငယ်သည် အဆိပ်အပ် ပြီးသည်နှင့် ခုတင်အောက်တွင် ဝှက်ထားသော ဓားမြှောင်နှစ်ချောင်း ဆွဲထုတ်ကာ ကောင်းလျှံအား ဝင်ရောက် တိုက်ခိုက်လိုက်လေသည်။

သူ၏ လှုပ်ရှားမှုသည် လျင်မြန်သွက်လက်သည်။ တိကျသည်။

ထိုစဉ်...

ရုတ်တရက် ခုတင်ပေါ်တွင် အဝတ်ဖြူ လွှမ်းခြုံထားသော လူမမာ ခုတင်မှ ခုန်ထလာကာ သူ့လက်တစ်ဖက် ဝှေ့ယမ်းလိုက်လေသည်။

'ဖြန်း...'

အသံနှင့်အတူ ကျာပွတ်ရိုက်ချက် ကောင်းလျှံထံ ရောက်လာလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလျှံအား နှစ်ယောက်ညှပ်ကာ တိုက်ခိုက်သဖြင့် ကောင်းလျှံ အခက်တွေ့သွားလေသည်။ လှမမာ၏ ကျာပွတ်က ကောင်းလျှံဓားကို ရစ်ပတ်သွားလေသည်။

ကောင်းလျှံ လှုပ်ရှားမှု တုံ့ခနဲ ဖြစ်သွားလေသည်။

ထိုအခါ...

မိန်းကလေး၏ ဓားက သူ့ရင်ဝသို့ ရောက်လာလေသည်။ ကလေးငယ်၏ဓား သူ့နောက်ကျောသို့ ရောက်လာလေသည်။

သို့သော်...

ကောင်းလျှံ ထိုသို့သော အကျဉ်းအကျပ်မျိုးကို မကြာခဏ ကြုံခဲ့ဖူးသူ ဖြစ်သောကြောင့် ရှောင်တိမ်းရန် မကြိုးစားတော့ပါ။

သူ၏ဓားကို ရစ်ပတ်ထားသော ကျာပွတ်ကို မိမိရရ ကိုင်ပြီး အတွင်းအားအပြည့် ထည့်ကာ ဆောင့်ဆွဲလိုက်သည်။

သူ့လှုပ်ရှားမှု အလွန်လျင်မြန်၏။ ထို့ပြင် ခုတင်ပေါ်ရှိ ကျာပွတ် သမားသည် ကောင်းလျှံ ထိုသို့ပြုလုပ်မည် မထင်ထားပါ။

ထို့ကြောင့်...

လှမမာ ကျာပွတ်သမား ဟန်ချက်ပျက်သွားလေသည်။ ခုတင် ပေါ်မှ ကောင်းလျှံနား ရောက်လာလေသည်။ မိန်းကလေး မျက်လုံးပြူး သွားလေသည်။ သူမ၏ ဓားကို ပြန်ရုတ်လိုက်သည်။ သူမနည်းတူ ကလေးငယ်လည်း သူ၏ ဓားနှစ်လက်ကို ပြန်လုယူလိုက်လေသည်။

ကောင်းလျှံ ရသည့်အခွင့်အရေးကို လက်လွှတ်မခံပါ။ ခြေလှမ်း အနည်းငယ် ဆုတ်ပြီး ကျာပွတ်သမားကို ကြည့်လိုက်သည်။ ကျာပွတ် သမားပုံမှာ မကောင်းဆိုးဝါးနှင့် တူနေလေသည်။





ထိုလူ မေဟွားအခန်းထဲမှ မိမိအား တိုက်ခိုက်ပြီး ထွက်ပြေး သွားသူဖြစ်ကြောင်း သိလိုက်သည်။

လှမမာသည် ကျာပွတ်ကို တဆဆ လုပ်နေလေသည်။

ထို့နောက်...

သုံးယောက် တစ်ပြိုင်တည်း လှုပ်ရှားလိုက်လေသည်။ မိန်း ကလေး ဓားဖြင့် ဝှေ့ယမ်း တိုက်ခိုက်သည်။

လှမမာက ကျာပွတ်ဖြင့် တိုက်သည်။ ကောင်းလျှံ နှုတ်ခမ်း တစ်ချက်တွန့်ပြီး "တွင်းထွက်မြွေပောက်" သိုင်းကွက်ဖြင့် တိုက်ခိုက် လိုက်သည်။

သိုင်းကွက်သုံးကွက် ပြီးသောအခါ...

'ချွမ်'

'ထန်'

အသံနှင့် မိန်းကလေးလက်ထဲမှ ဓား ကြမ်းပေါ် ကျသွားလေ သည်။ တစ်ဆက်တည်း မိန်းကလေး နောက်သို့ ခြေလှမ်းဆုတ်သွား လေသည်။

သူမလက်ကောက်ဝတ် သွေးများ စီးကျလာသည်။ ကလေးငယ် လည်း နောက်ဆုတ်သွားလေသည်။

ထိုကလေးငယ် လက်မောင်းတွင်လည်း ဒဏ်ရာရကာ သွေးများ စီးကျလာလေသည်။ ကလေးက အခြေအနေမဟန်သဖြင့် ထွက်ပြေးရန် ပြင်လိုက်သည်။

သို့သော်...

ကောင်းလျှံ ဓားနှောင့်က ထိုကလေးငယ်၏ နဖူးကိုခေါက်ဆက်



www.burmeseclassic.com

www.burmeseclassic.com



လိုက်သောကြောင့် နောက်သို့ လွင့်စဉ်ကာ ကြမ်းပေါ် လဲကျ သတိလစ်သွားလေသည်။

မိန်းကလေး အခွင့်အရေးရသည်နှင့် တစ်ဟုန်ထိုး ထွက်ပြေးလေသည်။

သူမလည်း မလွတ်ပါ ကောင်းလျှံ ခုန်ဝင်ပြီး သူမနောက်ကျောကို လက်ဝါးဖြင့် ရိုက်လိုက်လေသည်။

'ဖြန်း'

'ဝုန်း'

အသံနှင့်အတူ မိန်းကလေး ကြမ်းပေါ် လဲကျသွားလေသည်။

ကောင်းလျှံထံ ရောက်လာသော ကျာပွတ်အား ဓားဖြင့် ဆီးခံပေးလိုက်သောကြောင့် ကျာပွတ်ပြတ်ကာ လှမမာ ကြမ်းပေါ် ကျသွားလေသည်။

လှမမာသည် ကြမ်းပေါ်မှ လျှင်မြန်စွာထကာ နောက်ဆုတ်လိုက်လေသည်။

သို့သော်...

သူ နောက်ဆုတ်၍ မရပါ။

သူ့နောက်တွင် နံရံသာ ရှိတော့သည်။ သူ နံရံမှ တဖြည်းဖြည်း ရွေ့ကာ ပြတင်းအနီး တိုးကပ်သွားလေသည်။ သူ့မျက်လုံးများက ကောင်းလျှံကို အံ့သြစွာ ကြည့်နေလေသည်။

ကောင်းလျှံ ပြုံးလိုက်သည်။

'မင်း ပြေးမလို့လား'

လှမမာ ခေါင်းယမ်းပြပြီး...





'မပြေးဘူး'

'ဘာကြောင့်လဲ'

'ပြေးရအောင် ခင်ဗျားနဲ့ ကျုပ် ရန်စမှ မရှိတာ'

'ဒါဆို မင်းဘာကြောင့် ငါ့ကို တိုက်ခိုက်တာလဲ'

ကောင်းလျှံ အမေးကို လှမမာ မဖြေပါ။

○ ✦ ○



www.burmeseclassic.com

## အခန်း ( ၂၅ )

လှမမာဟန်ဆောင်ထားသူက သက်ပြင်းတစ်ချက် ချလိုက်ပြီး ကောင်းလျှံကို ကြည့်နေလေသည်။ ကောင်းလျှံ မျက်မှောင်ကြုတ်ပြီး...

'ဒါဖြင့် မင်း ငါ့ကို ဘာကြောင့် သတ်ဖို့ ကြိုးစားတာလဲ'

'ဒါက ကျုပ်အပြစ် မဟုတ်ဘူး'

လှမမာစကားကြောင့် ကောင်းလျှံ မျက်မှောင်ကြုတ်လိုက်ရင်း...

'ငါ့အပြစ်ပေါ့ ဟုတ်လား'

လှမမာ ခေါင်းညိတ်ပြီး...

'ဟုတ်တယ်'

ကောင်းလျှံ အံ့ဩဟန်ဖြင့်...

'ဟေ ဘာကြောင့်လဲ'

လှမမာ နှုတ်ခမ်းတစ်ချက် ကိုက်လိုက်ပြီး...

'ခင်ဗျားက ကျုပ်အလုပ်ကို လာနှောင့်ယှက်လို့'

ထိုစကားကြောင့် ကောင်းလျှံ မျက်ခုံး မြင့်တက်သွားပြီး...

'ဘာကွ ငါက မင်းတို့အလုပ်ကို ခင်ရှုပ်တယ်၊ ဟုတ်လား'

www.burmeseclassic.com



ပြန်မေးလိုက်ရာ လှမမာ ခေါင်းညိတ်ပြီး...

'ဟုတ်တယ်။ ခင်ဗျားက ဟိုအမျိုးသမီးကို ဝင်ကူညီနေတာ ကျုပ်တို့အလုပ်ကို နှောင့်ယှက်တာပေါ့'

ကောင်းလျှံ မျက်မှောင်ကြုတ်ပြီး...

'မင်း ဘယ်သူ့ကို ပြောတာလဲ။ မေဟွားကိုလား'

'ဟုတ်တယ်'

ကောင်းလျှံ ပြုံးပြီး...

'မင်းက သူ့ကို ကြိုက်နေလို့လား'

လှမမာ မဲ့လိုက်ပြီး...

'မိန်းမတစ်ယောက်အတွက်နဲ့ ကျုပ် ဒီလောက်မရူးဘူး'

ကောင်းလျှံ မျက်မှောင်ကြုတ်ပြီး...

'ဒါဆို ဘာကြောင့်လဲ'

လှမမာ သက်ပြင်းတစ်ချက် ချပြီး...

'သူက ကျုပ်တို့ဆီက ပစ္စည်းတစ်ခု ခိုးသွားတယ်။ အဲဒါရဖို့ ကျုပ်တို့ သူ့နောက်ကို လိုက်နေတာ'

ထိုစကားကြောင့် ကောင်းလျှံ လှမမာကို မျက်လုံးမှေးကြည့်ပြီး...

'ဘာပစ္စည်းလဲ'

လှမမာ ဘာမှပြန်မပြောပါ။ ကောင်းလျှံ မျက်မှောင်ကြုတ်ပြီး...

'ကျုပ် မေးနေတယ်လေ'

လှမမာ နှုတ်ခမ်းတစ်ချက် ကိုက်ပြီး...

'လျှို့ဝှက်စာရွက်ပါ'

ကောင်းလျှံ စဉ်းစားဟန်ဖြင့်...





'ရတနာမြေပုံလား'

လှမမာ ခေါင်းယမ်းပြလိုက်သည်။ ကောင်းလျှံ မျက်မှောင် ကြုတ်ရင်း...

'ဒါဖြင့် ဘာလဲ'

'ခင်ဗျား တကယ် မသိဘူးလား'

'မသိဘူး'

လှမမာ စိတ်ပျက်ဟန်ဖြင့် ခေါင်းကို ခါယမ်းလိုက်သည်။

'အင်မတန် လျှို့ဝှက်တဲ့စာရွက်ပါ။ အဲဒါကိုရရင် သိုင်းလောက ကို ထိန်းချုပ်နိုင်မယ်'

ကောင်းလျှံ စိတ်ဝင်စားဟန်ဖြင့်...

'ဘယ်လို လျှို့ဝှက်စာလဲ။ လူစာရင်းလား'

လှမမာ ပြုံးပြီး...

'ခင်ဗျား မမေးနဲ့တော့ ကျုပ် မပြောတော့ဘူး။ ဒါပေမယ့်...'

'ဘာဖြစ်လဲ'

'ခင်ဗျားက ကျုပ်နဲ့ ပူးပေါင်းရင် အကျိုးမယုတ်စေရပါဘူး'

ကောင်းလျှံ မဲ့ပြုံးပြုံးပြီး...

'ဘယ်လို အကျိုးမယုတ်မှာလဲ'

လှမမာ ပြုံးပြီး...

'ခင်ဗျား ကူညီမှာလား'

'ဟုတ်တယ်။ အဲဒီစာရွက်က ဘယ်မှာရှိတယ်ဆိုတာ သိလား'

လှမမာ ပြုံးပြီး...

'သိတယ်'



burmeseclassic.com

www.burmeseclassic.com



'ဘယ်မှာလဲ'

'ကျုပ် မပြောဘူး'

ကောင်းလျှံ ပြုံးပြီး...

'ကောင်းပြီလေ မင်း မပြောလဲ ပြောအောင်လုပ်တဲ့နည်းတွေ ငါ့ဆီမှာ ရှိတယ်'

ပြောရင်း ခြေလှမ်း ရှေ့တိုးလိုက်လေသည်။ လှမမာ ပါးစပ် ပွင့်လာလေသည်။

'မေဟွားကိုယ်ထဲမှာ ဝှက်ထားတယ်'

ကောင်းလျှံ အားရပါးရ ရယ်မောလိုက်လေသည်။

'ဒါဆို ကျုပ် ယူနိုင်တယ်'

လှမမာ ခေါင်းယမ်းလိုက်သည်။

'မင်း မထင်နဲ့။ မင်း သူ့အကြောင်း မသိသေးလို့ ပြောတာ'

ကောင်းလျှံ မျက်ခုံးတစ်ချက် ပင့်လိုက်ပြီး...

'ပြောပါဦး၊ သူ့အကြောင်း...'

'သူက အလွန်ပါးနပ်တဲ့ မိန်းကလေး။ ခင်ဗျားကို အမှန်အတိုင်း ပြောပါ့မလား'

ကောင်းလျှံ ပြုံးလိုက်သည်။

'လူတစ်ယောက် အမှန်အတိုင်း ပြောနိုင်တဲ့နည်းတွေ ကျုပ်ဆီမှာ တစ်ရာကျော် ရှိတယ်'

ကောင်းလျှံ စကားကြောင့် လှမမာ ရယ်မောလိုက်သည်။

'သူကလဲ ဘယ်ယောက်ျားမဆို သူနိုင်းပဲ့အတိုင်း ဖြစ်အောင် လုပ်နိုင်တဲ့နည်းတွေ ရှိတယ်'





'ဒါဆို မင်းလဲ မလုပ်နိုင်ဘူးပေါ့။ ဟုတ်လား'

'ကျုပ်ကို အထင်မသေးနဲ့။ သူ ပြောအောင်လုပ်တဲ့နည်း ရှိတယ်'

ကောင်းလျှံ စဉ်းစားပြီး...

'ကောင်းပြီ။ ကျုပ် ခင်ဗျားနဲ့ပေါင်းမယ်'

'ဒီလိုပဲ ဖြစ်ရမှာပေါ့'

ပြောရင်း လှမမာ ပြုံးလိုက်သည်။

◆ ● ◆



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသောအခါ ကောင်းလျှံ ပြုံးပြီး...

'ဘယ်လိုပုံစံလဲ'

'ဒီ လျှို့ဝှက်စာက...'

လှမမာ စကားမဆုံးပါ။

'ဝုန်း'

အသံနှင့်အတူ ပြတင်းပေါက်တံခါးတစ်ခု ကျိုးပဲ့သွားလေသည်။ ထိုအပေါက်မှ သံချိတ်တစ်ခု ထိုးထွက်လာကာ လှမမာ၏ လည်ပင်းကို ချိတ်ဆွဲလိုက်လေသည်။

ထို့ကြောင့်...

လှမမာ စကားမပြောနိုင်တော့ပါ။ သူ့မျက်လုံးများ ပြူးကျယ်လာလေသည်။ လည်ပင်းမှ သွေးများ စီးကျလာလေသည်။

ထို့နောက်...

လှမမာ၏ကိုယ် ဒူးညွှတ်ကာ တဖြည်းဖြည်း ပျော့ခွေလာပြီး ကြမ်းပေါ် လဲကျသွားလေသည်။ ပြတင်းပေါက်တံခါး ပွင့်သွားပြီး လူတစ်ယောက် ထိုပြတင်းပေါက်တံခါးမှ ဝင်ရောက်လာလေသည်။

ထိုလူသည် ရောင်ဖုန်း ဖြစ်သည်။ ရောင်ဖုန်းသည် လက်အတု သံမဏိချိတ်မှ သွေးများကို အေးဆေးစွာပင် အဝတ်တစ်ခုဖြင့် သုတ်လိုက်သည်။

ကောင်းလျှံ ရောင်ဖုန်းအား မကျေမနပ်ဖြင့် ကြည့်လိုက်သည်။ ရောင်ဖုန်း မဲ့ပြုံးပြုံးပြီး...

'မင်း ကျုပ်ကို အပြစ်တင်မလို့လား'

'မင်းကိုမတင်လို့ ဘယ်သူ့ကို သွားတင်ရမှာလဲ ပြောပါဦး'



ရောင်ဖုန်း ပြုံးပြီး ကြမ်းပြင်တွင် လဲကျနေသော လှမမာကို သူ့လက်အတုဖြင့် ညွှန်ပြပြီး...

'သူ အမှန်ပြောနေတယ်လို့ မင်းထင်လို့လား'

ကောင်းလျှံ ဘာမျှမပြောပါ။ ရောင်ဖုန်း သဘောကျသလို ရယ်မောလိုက်ပြီး...

'သူ့ငယ်ချင်း အပြစ်မတင်နဲ့။ ကျုပ်ကို ကျေးဇူးတင်ဖို့ကောင်းတယ်'

'ဘာကြောင့် ကျေးဇူးတင်ရမှာလဲ'

ရောင်ဖုန်း ပြုံးပြီး...

'မင်း သူ့လက်ကို ကြည့်မိရင် ငါ့ကိုမေးမှာ မဟုတ်ဘူး'

ရောင်ဖုန်းစကားကြောင့် ကောင်းလျှံ လှမမာကို ကြည့်လိုက်သည်။ လှမမာ လက်နှစ်ဖက် တင်းကျပ်စွာ ဆုပ်ထားသည်။ ရောင်ဖုန်း လက်အတု သံချိတ်ဖြင့် လှမမာ၏လက်ကို ဖြေလိုက်သည်။ ထိုအခါ လက်အတွင်းမှ လက်နက်ပုန်းက ကြမ်းပေါ် ကျလာသည်။

ရောင်ဖုန်း ပြုံးပြီး...

'တွေ့ပြီလား။ မင်းက သူပြောတာကိုယုံပြီး နားထောင်နေတာကိုး။ ကျုပ်သာ အချိန်မီ ဝင်မကယ်ရင် မင်း မလွယ်ဘူး'

ကောင်းလျှံ ဘာမျှမပြော။ ရောင်ဖုန်း မျက်နှာကိုသာ ကြည့်နေလေသည်။ ရောင်ဖုန်း ကောင်းလျှံ ပခုံးကို တစ်ချက်ပုတ်ပြီး...

'မင်း သူ့ကို သိလား'

ကောင်းလျှံ ခေါင်းခါပြလိုက်သည်။ ရောင်ဖုန်း လှမမာ၏ မျက်နှာကို ခွာချလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com



'ဟင် အားစန်ပါလား'

'ဟုတ်တယ်။ ရွှေနဂါးဂိုဏ်းခွဲမှူး အားစန်'

'ဘာပဲဖြစ်ဖြစ် မင်း အသေမသတ်သင့်ဘူး'

ရှောင်ဖုန်း မျက်မှောင်ကြုတ်ပြီး...

'ဘာကြောင့်လဲ'

'ကျုပ် သူ့ကို မေးစရာတွေ ရှိလို့ပေါ့'

ကောင်းလျှံစကားကြောင့် ရှောင်ဖုန်း ရယ်မောလိုက်လေသည်။

O ✦ O



## အခန်း ( ၂၆ )

အတန်ကြာသောအခါ ရှောင်ဖုန်း ရယ်မောခြင်းကို ရပ်ပြီး...

'မင်း ကျုပ်ကို ဘာကြောင့် မမေးတာလဲ'

ရှောင်ဖုန်းစကားကြောင့် ကောင်းလျှံ ရှောင်ဖုန်းကို မျက်မှောင်ကြုတ်ကာ ကြည့်လိုက်ပြီး...

'မင်းကို ဘာကြောင့် မေးရမှာလဲ'

ရှောင်ဖုန်း ပြုံးပြီး...

'သူဖြေသလို ဖြေချင် ဖြေနိုင်ပါတယ်'

ကောင်းလျှံ သက်ပြင်းတစ်ချက် ချပြီး...

'ကောင်းပြီ၊ ဒါဆို မေးမယ်'

'မေး...'

ရှောင်ဖုန်း မျက်နှာ ပြောင်ချော်ချော် ဖြစ်လာလေသည်။ ကောင်းလျှံ တံခါးဝတွင် လဲကျနေသော မိန်းကလေးကို မေးငေါ့ပြရင်း...

'သူက ဘယ်သူလဲ'

'သူလား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်'

'အားစန် မိန်းမလေ'

ကောင်းလျှံ ကြမ်းပေါ်ရှိ ကလေးငယ်ကို ညွှန်ပြပြီး...

'ဒီကလေးက သူတို့ကလေးလား'

ကောင်းလျှံ စကားကြောင့် ရှောင်ဖုန်း ရယ်မောလိုက်ပြန်သည်

'မင်းက သူ့ကို ကလေး ထင်လို့လား'

'မင်း ဘာစကားပြောတာလဲ။ သူက ကလေးမဟုတ်လို့ လူကြီး လားကွ'

ကောင်းလျှံ ဒေါသသံဖြင့် မေးလိုက်လေသည်။ ရှောင်ဖုန်း မျက်မှောင်ကြုတ်ပြီး...

'မင်းကလဲ ဒေါသကြီးလိုက်တာကွာ'

'မင်းစကားကို ကြည့်ဦးလေ'

'မင်းက သူ့အသက် ဘယ်လောက် ထင်လို့လဲကွ'

ကောင်းလျှံ မဲ့ပြုံးပြုံးပြီး...

'အလွန်ဆုံး တစ်ဆယ့်သုံးနှစ်ပေါ့ကွ'

'သူငယ်ချင်း သူ့အသက်က မင်းအသက်ထက် ဆယ်နှစ်ကျော် ကြီးမယ်ကွ သိလား'

ထိုစကားကြောင့် ကောင်းလျှံ အံ့ဩသွားပြီး နားမလည်နိုင် သလို ရှောင်ဖုန်းကို ကြည့်လိုက်သည်။

'မင်း သူ့မျက်နှာကို သေချာမကြည့်လို့ပါ။ ကြည့်ရင် မင်း သိမှာပါ'

ကောင်းလျှံ ရှောင်ဖုန်းအား တစ်ချက်ကြည့်ပြီး ကလေး၏





အနီး ဒူးထောက်ထိုင်ကာ မျက်နှာကို သေသေချာချာ ကြည့်လိုက် သည်။

ထိုအခါ...

ကလေးငယ်၏ မျက်နှာမှာ အံရေးအကြောင်းများကို တွေ့ရလေ သည်။

'သူ ဘယ်သူလဲ'

ရှောင်ဖုန်း ပြုံးပြီး...

'လူပုကလေး ဖုန်းကြားလေ'

'ဖုန်းကြား၊ အဆိပ်နတ်ဆိုး ဖုန်းကြား ဆိုတာလား'

ကောင်းလျှံ သက်ပြင်းတစ်ချက် ချလိုက်လေသည်။

'လူမမာအတု၊ အဘွားအိုအတု၊ ကလေးအတုတွေနဲ့ ကျုပ်တော့ ရှုးချင်ပြီ'

ညည်းတွားလိုက်လေသည်။ ရှောင်ဖုန်း ပြုံးပြီး...

'မင်း အခု မရူးသေးပါဘူး'

ရှောင်ဖုန်းစကားကြောင့် ကောင်းလျှံ မျက်လုံးပြူးကာ ရှောင်ဖုန်း ကို ကြည့်လိုက်သည်။

'အခု မရူးသေးဘူးဆိုတော့ တော်ကြာ ရူးမယ်ဆိုတဲ့ သဘော လား'

ရှောင်ဖုန်း ပခုံးနှစ်ဖက် တွန့်ပြပြီး...

'မပြောနိုင်သေးဘူး'

ကောင်းလျှံ ရုတ်တရက် တစ်စုံတစ်ရာ စဉ်းစားမိဟန်ဖြင့် မျက်ခုံးနှစ်ခု ထိလုနီးပါး မျက်မှောင်ကြုတ်လိုက်ပြီး...



www.burmeseclassic.com

www.burmeseclassic.com



'ဒါနဲ့ မင်းကို မေးရဦးမယ်'

'မေးပါဗျာ မေးပါ'

'ရွှေနဂါးက သိုင်းလောကမှာ တော်တော်လွှမ်းမိုးတာပဲ။ သူတို့က ဘာကြောင့် ရုပ်ဖျက်ပြီး လာပုန်းနေတာလဲ'

ရှောင်ဖုန်း ပြုံးလိုက်သည်။

'သူတို့က ရွှေနဂါးဂိုဏ်းကလူတွေ။ ဒါပေမယ့် သူတို့ကို ဂိုဏ်းကသတ်ဖို့ လိုက်ရှာနေတယ်။ ဒါကြောင့် သူတို့ ရုပ်ဖျက်ပြီး ဒီမှာ လာပုန်းနေတာ'

'ဘာဖြစ်လို့လဲ'

'သူတို့ ရွှေနဂါးဂိုဏ်းရဲ့ ဂုဏ်သိက္ခာ ကျဆင်းအောင် လုပ်ခဲ့ကြလို့'

ကောင်းလျှံ စိတ်ဝင်စားလာဟန်ဖြင့် ရှောင်ဖုန်းကို တစ်ချက်စူးစိုက်ကြည့်ပြီး...

'ဘာလုပ်ခဲ့ကြလို့လဲ'

ရှောင်ဖုန်း တံတွေးတစ်ချက် မျိုချလိုက်ပြီး...

'အလွန် အရေးကြီးပြီး အဖိုးတန်တဲ့ပစ္စည်း သူတို့လက်ထဲမှာ ထိန်းထားရင်း ပျောက်သွားလို့'

ကောင်းလျှံ ခေါင်းတစ်ချက်ညိတ်ပြီး...

'ဒါကြောင့်ကိုး'

ရှောင်ဖုန်း ပြုံးပြီး...

'ရွှေနဂါးဂိုဏ်းရဲ့ သံမဏိစည်းကမ်းကို မင်းလဲ ကြားဖူးမှာပေါ့'

ကောင်းလျှံ ခေါင်းညိတ်ပြပြီး...





'ကြားဖူးပါတယ်။ သူတို့ လာပြီးပုန်းနေတာကို မင်းဂိုဏ်းက မသိဘူးလား'

ရှောင်ဖုန်း မျက်လုံးပင့်ပြီး...

'သူတို့က ပုန်းဖို့သက်သက်လာတာမှ မဟုတ်တာ'

'ဘာပြောတယ်၊ ပုန်းဖို့သက်သက် မဟုတ်ဘူး ဟုတ်လား'

ရှောင်ဖုန်း ပြုံးပြီး ခေါင်းညိတ်ကာ...

'ဟုတ်တယ်။ သူတို့ပုန်းဖို့သက်သက် မဟုတ်ဘူး။ သူတို့ကိုယ်တိုင် ပျောက်သွားတဲ့ပစ္စည်း ပြန်ရဖို့ တိတ်တဆိတ် လိုက်နေကြတာ'

ကောင်းလျှံ သက်ပြင်းချလိုက်လေသည်။

✧ ✺ ✧



www.burmeseclassic.com

www.burmeseclassic.com



'မဖြစ်နိုင်တာ'

'ဘာကို မဖြစ်နိုင်တာလဲ'

'သူငယ်ချင်း မင်း စဉ်းစားကြည့်စမ်း'

ရှောင်ဖုန်း မျက်မှောင်ကြုတ်ပြီး...

'ဘာကို စဉ်းစားရမှာလဲ'

'ရွှေနဂါးဂိုဏ်းက ပစ္စည်းကို ဘယ်သူခိုးက ခိုးရဲမှာလဲ'

ရှောင်ဖုန်း ပြုံးပြီး...

'မိုးပျံက သူခိုးလေး'

ရှောင်ဖုန်းစကားကြောင့် ကောင်းလျှံ အံ့သြသွားလေသည်။

'ဘာကွ မိုးပျံသူခိုး ဟုတ်လား'

ရှောင်ဖုန်း ခေါင်းညိတ်ပြီး...

'ဟုတ်တယ်။ သူခိုးက မိုးပျံသူခိုး'

ထိုစကားကြောင့် ကောင်းလျှံ ငိုင်သွားလေသည်။ အတန်ကြာသောအခါ သက်ပြင်းတစ်ချက် ချရင်း...

'ဒါကြောင့် သူတို့ ဒီကိုရောက်နေတာပေါ့ ဟုတ်လား'

ရှောင်ဖုန်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်။ မင်းကြောင့်တော့ မဟုတ်ဘူး'

ထိုစကားကြောင့် ကောင်းလျှံ နားမလည်ဟန်ဖြင့် ရှောင်ဖုန်းကို ကြည့်ကာ...

'ငါ့ကြောင့် မဟုတ်ဘူး ဟုတ်လား'

ရှောင်ဖုန်း ခေါင်းညိတ်ပြီး...

'ဟုတ်တယ်။ သူတို့ပစ္စည်းကို တစ်ယောက်ယောက်က မင်းနာမည် အလွဲသုံးစားပြုပြီး ခိုးသွားတယ်ဆိုတာ သူတို့ သိနေတယ်'





ကောင်းလျှံ စဉ်းစားပြီး...

'သူခိုးက မေဟွားလား'

ရှောင်ဖုန်း ပြုံးပြီး...

'ဒါတော့ ကျုပ် မသိဘူး'

ကောင်းလျှံ မျက်မှောင်ကြုတ်ပြီး...

'သူတို့ကတော့ သူတို့လိုချင်တဲ့ပစ္စည်း မေဟွားဆီမှာ ရှိတယ်လို့ ပြောတယ်'

ရှောင်ဖုန်း မျက်ခုံးပင့်ပြီး...

'အကောင်းဆုံးကတော့ မင်းကိုယ်တိုင် မေဟွားကို သွားမေးပေးပါလား'

ရှောင်ဖုန်း စကားကြောင့် ကောင်းလျှံ ရှောင်ဖုန်းကို တစ်ချက် စူးရှစွာ ကြည့်လိုက်ပြီး...

'မင်း သူ့ကို ဘာဖြစ်လို့ ကြည့်မထားတာလဲ'

'သူ သတိရလာလာချင်း မင်းကို မေးနေတယ်။ ဒါကြောင့် မင်းကို ငါ လိုက်ရှာနေတာ။ မင်း ကံကောင်းသွားတယ်'

ကောင်းလျှံ ပြုံးပြီး...

'ဒါဆို ကျုပ်က သူ့ကို ကျေးဇူးတင်ရမှာပေါ့'

'သူ့ကြောင့် ကျုပ်သူငယ်ချင်း အသက်ကို ကယ်နိုင်တာကြောင့် ကျုပ်လဲ ကျေးဇူးတင်ကြောင်း ကြုံရင် ပြောပေးပါ'

'သူ အခန်းထဲမှာလား'

ရှောင်ဖုန်း ပြုံးပြီး ပြတင်းပေါက်အပြင်သို့ လက်မဖြင့် ညွှန်ပြပြီး...

'အပြင်မှာ စောင့်နေတယ်'



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလှျံ ပြုံးပြီး...

'ဒီတစ်ခါတော့ မင်းကို ကျေးဇူးတင်ပါတယ် သူငယ်ချင်း'

'ဘာဖြစ်လို့လဲ'

'သူ့ကို တစ်ခါတည်း ခေါ်လာလို့'

ပြောပြီး ပြတင်းပေါက်ရှိရာ လျှောက်သွားလေသည်။

ရှောင်ဖုန်း လမ်းဖယ်ပေးလိုက်လေသည်။

ပြတင်းပေါက် ရောက်သောအခါ...

ကောင်းလှျံ ခြေလှမ်းများ ရပ်တန့်သွားပြီး ရှောင်ဖုန်းကို တစ်ချက်ကြည့်ကာ...

'နေပါဦး'

'ဘာလဲ'

'မင်းက ဒီအကြောင်းတွေ ဘယ်လိုလုပ် သိနေလဲ'

ရှောင်ဖုန်း မျက်ခုံးပင့်တင်ပြီး...

'ဘာကိုလဲ'

'ရွှေနဂါးဂိုဏ်းက ကိစ္စတွေကိုလေ'

ရှောင်ဖုန်း ပြုံးလိုက်သည်။ တစ်ဆက်တည်း လှုပ်ရှားလိုက်သည်။ သူ့လက်က ကောင်းလှျံ လက်ကောက်ဝတ်ကို ရိုက်ချလိုက်လေသည်။

'ချွမ်း'

အသံနှင့်အတူ ကောင်းလှျံ လက်ကောက်ဝတ် ထုံကျဉ်သွားပြီး ဓား လွတ်ကျသွားလေသည်။

ရှောင်ဖုန်း လက်ဝါးရိုက်ချက် ကောင်းလှျံ ခါးအောက်ပိုင်းသို့ ပြင်းထန်စွာ ကျရောက်လာလေသည်။





ကောင်းလှျံ မမျှော်လင့်ဘဲ ရှောင်ဖုန်း၏ တိုက်ခိုက်မှု ခံလိုက်ရသောကြောင့် ကြမ်းပေါ်သို့ လဲကျသွားလေသည်။

ကောင်းလှျံ မျက်လုံးထဲ မီးတောက်များ ထွက်လာလေသည်။ အခန်းတစ်ခုလုံး ချာချာလည်ကာ ယိမ်းထိုးနေလေသည်။

အတန်ကြာသောအခါ သူ့မျက်စိ ဘာမျှမမြင်ရတော့ပါ။ မောင်အတိကျသွားကာ သတိလစ် မေ့မြောသွားလေသည်။

ရှောင်ဖုန်း ရယ်မောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၂၇ )

ကောင်းလျှံ လည်ပင်းပေါ်တွင် အေးစက်မာကျောသော အရာတစ်ခု ပွတ်သပ်နေကြောင်းကို သတိပြန်ရရချင်း သတိထားမိလေသည်။ ထို မာကျောအေးစက်သောအရာသည် ရှောင်ဖုန်း၏လက်အတု ဖြစ်ကြောင်း သိသာသည်။

ကောင်းလျှံ သတိရပြီ ဖြစ်သော်လည်း မျက်စိ မဖွင့်နိုင်သေးပါ။ မျက်လုံးဖွင့်ချင်စိတ်လည်း မရှိပါ။ မျက်လုံးဖွင့်လိုက်သည်နှင့် ရှောင်ဖုန်းမျက်နှာကိုသာ မြင်ရမည် ဖြစ်သည်။

အချိန်မည်မျှကြာအောင် သတိလစ်နေသည် မသိပါ။

သို့သော်...

သူ ရှောင်ဖုန်းလက်ချက်ကြောင့် သတိမေ့နေသည်ကို မှတ်မိနေသည်။

'သူငယ်ချင်း သတိရပြီလား'

ရှောင်ဖုန်းအသံ ကြားရသည်။ မျက်စိမှိတ်ထားသော်လည်း နားပိတ်ထား၍ မရသောကြောင့် ရှောင်ဖုန်းအသံကို ကြားနေရသည်။

www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုန်းအသံသည် နွေးထွေးခြင်း၊ ပျော့ပျောင်းခြင်း ရှိသော်လည်း ကောင်းလျှံနားထဲတွင် သံရည်ပူလောင်းသလို ခံစားရသည်။

နောက်ဆုံး...

ကောင်းလျှံ မျက်စိ ဆက်မမိတ်ထားတော့ဘဲ ဖွင့်လိုက်ရလေသည်။ ထိုအခါ မိမိကို ပြုံးကြည့်နေသော ရှောင်ဖုန်းကို တွေ့ရသည်။

တည်ကြည် ခံ့ညားပြီး ယောကျ်ားပီသသော ရှောင်ဖုန်း၊ ယခုအခါ သူ့မျက်စိထဲတွင် သရဲတစ်ကောင်နှင့် တူနေလေသည်။ တစ်ယောက်တည်း ဝမ်းနည်းကြေကွဲမှုများ ဖြစ်ပေါ်လာလေသည်။

တစ်ချိန်က အခင်ဆုံး သူငယ်ချင်း၊ ယုံကြည် စိတ်ချရသော သူငယ်ချင်း၊ ယခုအဖြစ်ကို ဆက်မတွေးတော့ပါ။ ရှောင်ဖုန်း ကောင်းလျှံ မည်သို့ တွေးနေသည်ကို သိသည့်နှယ် ပြုံးပြီး...

'မင်း မထင်ခဲ့ဘူး မဟုတ်လား'

ကောင်းလျှံ ရှောင်ဖုန်းကို စူးစူးရဲရဲ တစ်ချက်ကြည့်လိုက်ပြီး...

'ကျုပ် ဘယ်လိုထင်ရမလဲ။ မင်းက ကျုပ်ရဲ့ အခင်ဆုံး၊ ယုံကြည် စိတ်ချရဆုံး သူငယ်ချင်းလေ'

ရှောင်ဖုန်း ကောင်းလျှံကို လှောင်သလို ပြုံးပြပြီး...

'ဒါပေမယ့် မင်း ပြတင်းပေါက်က ထွက်ခါနီး ငါ့ကို မင်း သံသယဝင်သွားတယ် မဟုတ်လား'

ရှောင်ဖုန်းစကား တိကျမှန်ကန်လေသည်။ ကောင်းလျှံ အလွန်ပါးနပ်သူ ဖြစ်သည်။ လူတိုင်းက သူ့အား ဝံပုလွေတစ်ကောင်ဟု လက်ခံထားသည်။ ကောင်းလျှံ ရှောင်ဖုန်းစကားကို နားထောင်ရင်း တစ်စုံတစ်ခု မှားယွင်းနေကြောင်းကို စဉ်းစားမိလေသည်။





ရှောင်ဖုန်း ရွှေဥဒေါင်းတည်းခိုခန်း ဖွင့်ကာ စီးပွားရှာနေသည်။ ရွှေနဂါးဂိုဏ်း၏ ကိစ္စများကို ရှောင်ဖုန်း သိနေခြင်းမှာ သဘာဝမကျဟု သူ ထင်သည်။

ယခု ရှောင်ဖုန်းမှာ သိုင်းလောကအကြောင်း၊ ရွှေနဂါးဂိုဏ်းအကြောင်း သိနေသည်မှာ ထူးဆန်းမှု မဟုတ်သော်လည်း ရွှေနဂါးအကြောင်း အတိအကျ သိနေသည်မှာ ထူးဆန်းနေသည်။

ကောင်းလျှံ တွေးနေစဉ် ရှောင်ဖုန်း ပြုံးလိုက်ပြီး...

'တကယ်တော့ ကျုပ် မင်းကို ကိုယ်တိုင်လုပ်ဖို့ မရည်ရွယ်ပါဘူး။ ဒါပေမယ့်...'

ရှောင်ဖုန်း စကား ဆက်မပြောတော့ဘဲ သက်ပြင်းတစ်ချက် ချလိုက်လေသည်။

ထို့နောက်...

ရှောင်ဖုန်း ကောင်းလျှံကို ပြုံးပြလိုက်သည်။ သူ့အပြုံး အသက်မပါပါ။

'သူငယ်ချင်း'

ကောင်းလျှံ မထူးပါ။

'ကျုပ်ဟာ မင်းရဲ့ သူငယ်ချင်းပါ။ အခင်ဆုံး၊ ယုံကြည်ရဆုံးပါ။ ဟုတ်တယ် မဟုတ်လား'

ရှောင်ဖုန်းစကားကြောင့် ကောင်းလျှံ နှာခေါင်းတစ်ချက်ရှုံ့ပြီး...

'အခု မဟုတ်တော့ဘူး'

ရှောင်ဖုန်း ပြုံးပြီး...

'ဘယ်သူ ပြောလဲ'



www.burmeseclassic.com

www.burmeseclassic.com



'မင်းကိုယ်တိုင်ပဲ ပြောတာလေ'

ရှောင်ဖုန်း ကောင်းလျှံကို တစ်ချက် စိုက်ကြည့်လိုက်လေသည်။

'ဒါကတော့ မင်းအပေါ် မူတည်တယ်လေ'

ရှောင်ဖုန်းစကားကြောင့် ကောင်းလျှံက ရှောင်ဖုန်းကို မျက်လုံးပြူးကြည့်လိုက်ပြီး...

'ဘာလဲ မင်းက ကျုပ်နဲ့ အပေးအယူ လုပ်မလို့လား'

ရှောင်ဖုန်း ကောင်းလျှံပခုံးကို ပုတ်ပြီး...

'မင်းဟာ အလွန်ပါးနပ်တဲ့လူပဲ'

ကောင်းလျှံ မဲ့ပြုံးပြုံးပြီး...

'ကျုပ်က မင်းနဲ့ဆက်ပြီး အပေါင်းအသင်း မလုပ်ဘူးဆိုရင်ရော'

ကောင်းလျှံ စကားအဆုံး ရှောင်ဖုန်း သက်ပြင်းတစ်ချက် ချလိုက်သည်။ သူ၏လက်အတု သံမဏိချိတ်ကို စူးရှစွာ ကြည့်လိုက်သည်။

'သူငယ်ချင်း ကျုပ်ဟာ လက်တစ်ဖက်ပြတ်တဲ့ ဒုက္ခိတပါ။ သိုင်းလောကမှာ ရပ်တည်ဖို့ ခက်ခဲတယ်ဆိုတာ မင်း သိပါတယ်။ ကျုပ်ရဲ့နောက်မှာ အမာခံမရှိရင် ကျုပ် ဘယ်လိုလုပ် ရပ်တည်မလဲ။ မင်း နားလည်ပါတယ်'

'ဒါက မင်းကိစ္စလေ ကျုပ်နဲ့ မဆိုင်ဘူး။ မင်း လောဘတက်ရင်တော့ မပြောတတ်ဘူး'

'လောကမှာ လူဖြစ်လာရင် ဘယ်သူမဆို လူတမ်းစေ့ နေချင်တာပဲ'

ကောင်းလျှံ ရှောင်ဖုန်းကို စူးရှစွာ ကြည့်လိုက်သည်။





'ခက်တာက မင်းလို လူတမ်းစေ့ နေထိုင်ဖို့ ဖြတ်လမ်းလိုက်နေတာလေ'

ရှောင်ဖုန်း ပြုံးလိုက်သည်။

'ရေခပ်တာပဲကွာ ရေပါဖို့ အဓိကပဲ မဟုတ်လား'

'ဒါက မင်းကိစ္စ၊ ငါ့ကိစ္စ မဟုတ်ဘူး။ ငါ့ကို ရှင်းရှင်းပြောပါ။ ငါ မင်း ကမ်းလှမ်းတာကို သဘောမတူရင် ဘာဖြစ်မလဲ'

ရှောင်ဖုန်း ပြုံးပြီး...

'ရွှေနဂါးကို အံတုမလို့လား'

ကောင်းလျှံ မျက်မှောင်ကြုတ်ပြီး...

'ဘာလဲ မင်းနောက်က အမာခံက ရွှေနဂါးလားကွ'

'ဟုတ်တယ်။ အခုလို အခြေအနေဖြစ်လာအောင် သူကလွဲပြီး ဘယ်သူမှ လုပ်ပေးမှာ မဟုတ်ဘူး'

'မင်း ရွှေနဂါးဂိုဏ်းဝင်ပေါ့'

'ဟုတ်တယ်'

'ဒါဆို ဒီတည်းခိုခန်းက ရွှေနဂါးရဲ့ စခန်းတစ်ခုပေါ့'

ရှောင်ဖုန်း ပြုံးနေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသောအခါ...

ကောင်းလျှံ အံတစ်ချက်ကြိတ်ပြီး...

'မင်းက ဒီလိုကိုး'

'ဟုတ်တယ်။ မင်း သဘောပေါက်လွယ်သားပဲ'

'ဟုတ်တယ်။ ကျုပ်က ခေါင်းလဲမာတယ်'

ရှောင်ဖုန်း ကောင်းလျှံစကားကြောင့် တစ်ချက်ရယ်မောပြီး...

'တစ်ချိန်က ကျုပ်လဲ မင်း အခု ကြုံသလို ကြုံခဲ့ရတယ်'

ရှောင်ဖုန်း ထိုသို့ပြောရင်း သူ၏ သံမဏိလက်အတု အဖျားကို ကျန်လက်တစ်ဖက်ဖြင့် အသာစမ်းရင်း...

'လွန်ခဲ့တဲ့ သုံးနှစ်လောက်က လူတစ်ယောက် ကျုပ်ရဲ့လည်ပင်းပေါ် ဓားတင်ပြီး နှစ်လမ်းရွေးခိုင်းတယ်'

ရှောင်ဖုန်း စကားရပ်ပြီး ကောင်းလျှံကို အဓိပ္ပာယ်ပါသော မျက်လုံးဖြင့် ကြည့်လိုက်သည်။

ကောင်းလျှံ ဘာမျှမပြောဘဲ ရှောင်ဖုန်းကို စူးရှသော အကြည့်ဖြင့် ကြည့်နေလေသည်။

ရှောင်ဖုန်း ကောင်းလျှံအကြည့်ကို မသိဟန်ဆောင်ကာ စကားဆက်လိုက်သည်။

'တစ်လမ်းက သေချိုင်းသွားရမယ်။ တစ်လမ်းက ရွှေနဂါးဂိုဏ်းကို သစ္စာခံရမယ်'

ကောင်းလျှံ နှာခေါင်းရှုံ့လိုက်သည်။

'မင်းက သစ္စာခံတဲ့လမ်းကို ရွေးတယ်ပေါ့'

ရှောင်ဖုန်း ပြုံးပြီး...





'ဘာလဲ ကျုပ်မှားတယ်လို့ ပြောမှာလား'

ကောင်းလျှံ ခေါင်းယမ်းပြီး...

'မပြောပါဘူး'

ရှောင်ဖုန်း ပြုံးလိုက်ပြန်သည်။

'အမှန်တော့ ကျုပ် အရွေးမှန်လို့ အခုလို အသက်ရှင်နေတ လေ'

ကောင်းလျှံ မဲ့ပြီး...

'ဘာလဲ ကျုပ်ကိုရော အရွေးခိုင်းဦးမှာလား'

ရှောင်ဖုန်း ပြုံးလိုက်သည်။

'မင်းက ငါ့သူငယ်ချင်းပဲလေ၊ လမ်းတစ်လမ်းတော့ ရွေးသင့်တ ပေါ့'

ကောင်းလျှံ လှောင်ပြုံး ပြုံးပြီး...

'ဟုတ်တာပေါ့။ ဒါမှ သူငယ်ချင်းကောင်း ပီသမှာ'

'ဒါကတော့ မင်းအပေါ် မူတည်တယ်လေ။ မင်း ဘယ်လမ်းရွေ မှာလဲ'

ကောင်းလျှံ ပြုံးလိုက်သည်။

'နေဦး ကျုပ် မရှင်းတာကို မေးချင်သေးတယ်'

ရှောင်ဖုန်း မျက်စိကို ခပ်မှေးမှေးထားကာ ကောင်းလျှံ ကြည့်ပြီး...

'ဘာမေးမှာလဲ'

ကောင်းလျှံ ခြောက်သွေ့နေသော နှုတ်ခမ်းကို လျှာဖြင့်တစ်ချ သပ်လိုက်ပြီး...

F. 14 A.



www.burmeseclassic.com

www.burmeseclassic.com



'မေဟွားက အားစန်ဆီက ဘာပစ္စည်း ခိုးသွားတာလဲ'

ထိုအမေးစကားသည် ရှောင်ဖုန်း ထင်မထားသောအမေး ဖြစ်သည်။

ရှောင်ဖုန်း ရုတ်တရက် အဖြေမပေးသေးဘဲ ကောင်းလျှံကို အတန်ကြာအောင် ငေးကြည့်နေပြီး သက်ပြင်းတစ်ချက် ချလိုက်လေသည်။

○ ✦ ○



## အခန်း ( ၂၈ )

ရှောင်ဖုန်း ကောင်းလျှံအား အဖြေ ပေးသင့်,မသင့် စဉ်းစားနေလေသည်။

အတန်ကြာသောအခါ ရှောင်ဖုန်း ဆုံးဖြတ်ချက်ချဟန်ဖြင့် ခေါင်းတစ်ချက်ညိတ်ကာ သူ၏ သံမဏိလက်အတုဖြင့် ကောင်းလျှံ လည်ပင်းကို ပွတ်ကာ...

'မင်းက ဘာမှ လုပ်နိုင်မှာမှ မဟုတ်တော့တာ။ သူငယ်ချင်း တစ်ယောက်အနေနဲ့ ငါ ပြောပြပါ့မယ်'

'မင်း မိုးကြိုးလက်နက်ဆိုတာ ကြားဖူးလား'

ရှောင်ဖုန်းစကားကြောင့် ကောင်းလျှံ မျက်လုံး ဝင်းလက်သွားပြီး...

'ဒေါင်းမင်းကျေးရွာက မိုးကြိုးလက်နက်လား'

ရှောင်ဖုန်း ကောင်းလျှံပခုံးကို လက်ဖြင့် ပုတ်လိုက်ပြီး...

'မင်း ဗဟုသုတ စုံသားပဲ'



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလျှံ နှုတ်ခမ်းတစ်ချက် မဲ့လိုက်ပြီး...

'သိုင်းလောကမှာ အခင်ဆုံး သူငယ်ချင်း သစ္စာဖောက်တာကို သိချင်မှ သိမယ်။ ဒီလောက် ကျော်ကြားတဲ့ အကြောင်းအရာတော့ မသိသူ ရှိမလားကွာ'

ကောင်းလျှံ စကားကြောင့် ရှောင်ဖုန်း လက်ကာပြပြီး...

'မင်း ငါ့ကို ဘာပြောပြော ရတယ် ပြောပါ။ ဒါပေမယ့် ငါ အသက်ရှင်ဖို့အတွက် သစ္စာဖောက်သင့် ဖောက်ရမှာပဲလေ'

ကောင်းလျှံ ပြုံးလိုက်သည်။

'ကျုပ်ကတော့ သူငယ်ချင်း အချင်းချင်းအပေါ် သစ္စာစောင့်တယ်။ အခင်မင်လဲ ဘယ်တော့မှ မပျက်ဘူး။ ကျုပ် အသက်ရှင်ဖို့ သူငယ်ချင်းကို ဒုက္ခမပေးဘူး။ ဒါပေမယ့် အကျင့်ဆိုး ကျုပ်မှာရှိတယ်'

'ဘာလဲ'

ကောင်းလျှံ ပြုံးပြီး...

'ကျုပ်က တစ်နေ့ကို တစ်ခါတော့ လိမ်ပြောတတ်တယ်'

ကောင်းလျှံ စကားကြောင့် ရှောင်ဖုန်း ပြုံးလိုက်သည်။

'ဘာလဲ မင်း ငါ့ကို လိမ်ပြောမလို့လား'

ကောင်းလျှံ ပြုံးလိုက်သည်။

'ဟုတ်တယ် ဒီနေ့တစ်နေ့လုံး ကျုပ် ဘယ်သူ့ကိုမှ လိမ်မပြောရသေးဘူး။ ဒါကြောင့် လိမ်ပြောချင်လာပြီ။ ဘာဖြစ်လို့လဲဆိုတော့ ဒီလို အခွင့်အရေးမျိုးက နောက်ထပ် မရမှာစိုးလို့'

ရှောင်ဖုန်းက ကောင်းလျှံကို မျက်မှောင်ကြုတ်ကာ ကြည့်နေလေသည်။





ထို့နောက်...

ရှောင်ဖုန်း အားရပါးရ ရယ်မောလိုက်လေသည်။

'ကဲ ပြောကွာ'

ကောင်းလျှံ ကျေးဇူးတင်သောအကြည့်ဖြင့် ရှောင်ဖုန်းကို ကြည့်ပြီး...

'ကျေးဇူးတင်လိုက်တာ သူငယ်ချင်း'

ပြောရင်း မျက်နှာကို ခပ်တည်တည်ထားကာ...

'သူငယ်ချင်း'

'ပြောပါ'

'အခုအချိန်ကစပြီး လိမ်ပြောမှာမို့လို့ ကျုပ် ဘာပြောပြော ယုံနဲ့တော့နော်'

ရှောင်ဖုန်း သဘောကျစွာ ရယ်မောလိုက်လေသည်။

'စိတ်ချ သူငယ်ချင်း။ ကြိုတင် သတိပေးတဲ့အတွက် ကျေးဇူးတင်တယ်။ ကျုပ်ကိုယ်တိုင်လဲ မင်းဘာပြောပြော မယုံဘူးလို့ ဆုံးဖြတ်ထားတယ်'

ရုတ်တရက်...

ကောင်းလျှံ မျက်လုံးများက ရှောင်ဖုန်းနောက်သို့ ရောက်ရှိသွားပြီး ရှောင်ဖုန်းကို မသိမသာ ပြုံးပြကာ...

'သူငယ်ချင်း'

'ပြော'

'အားစန် မသေဘဲ ထလာပြီလို့ ပြောရင် မင်း ယုံမလား'

တစ်လုံးချင်း ပြောလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုန်း နောက်သို့ လှည့်မကြည့်ပါ။

ကောင်းလျှံကို အကဲခတ်သော မျက်လုံးဖြင့် စိုက်ကြည့်ရင်း...

'မယုံဘူး'

ပြောရင်း နောက်သို့ မသိမသာ လှမ်းကြည့်လိုက်လေသည်။ အချိန်သည် အလွန်တိုတောင်းသောအချိန် ဖြစ်သည်။

ထိုအချိန်သည် ကောင်းလျှံအတွက် အလွန် တန်ဖိုးရှိသော အချိန် ဖြစ်သည်။

ကောင်းလျှံ ကောင်းစွာ အသုံးပြုလိုက်လေသည်။

သူ့ကိုယ်ကို လိမ့်ထွက်လိုက်လေသည်။

သူ့ကိုယ် သုံးလေးပတ်မျှ လိမ့်ထွက်သွားပြီး အားစန်အလောင်း အနီး ရောက်သွားလေသည်။

ထိုအလောင်းဘေးတွင် ကောင်းလျှံ၏ဓား ရှိသည်။ ကောင်းလျှံ ဓားရသည်နှင့် ခုန်ထလိုက်လေသည်။

သို့သော် ...

သူ့ခြေထောက်များက သူ့ကိုယ်ကို တောင့်ခံမထားနိုင်ဘဲ ချက်ချင်းပင် ကြမ်းပေါ် အရုပ်ကြိုးပြတ် လဲကျသွားလေသည်။ ကောင်းလျှံ မိမိအဖြစ်ကို မယုံနိုင်အောင် အံ့ဩနေ၏။

ရှောင်ဖုန်း သဘောကျသလို တဟားဟား ရယ်မောနေ၏။ ကောင်းလျှံ ရှောင်ဖုန်းကို သဘောကျသလိုကြည့်ပြီး...

'မင်းရဲ့အကြောပိတ်ပညာက အရင်ကထက် ပိုကောင်းလာတယ်'





ရှောင်ဖုန်း ကောင်းလျှံအနားထလာပြီး လက်အတု သံမဏိချိတ်ကောက်ဖြင့် ကောင်းလျှံအင်္ကျီကို ဆွဲလိုက်သည်။

ကောင်းလျှံ မိမိအဖြစ်ကို သဘောကျနေသည်။

ရှောင်ဖုန်းက ကောင်းလျှံကို ပြုံးကြည့်နေလေသည်။ သူ့အပြုံးက ကောက်ကျစ်ပြုံး။

ကောင်းလျှံ ယဲ့ယဲ့ပြုံးပြီး...

'မင်း သိနေလား'



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုန်း ပြုံးပြီး...

'မင်း ဘာလုပ်မယ်ဆိုတာ သိချင်လို့ တမင် နှောက်လှည့်ကြည့်တာ'

'ကောင်းလျှံ ပြုံးလိုက်ပြီး'

'တကယ်လို့ အဲဒီမိန်းမက ထလာပြီဆိုရင်'

'မင်း ကျေနပ်အောင် နှောက်လှည့်လိုက်ဦးမယ်'

'ဘာလဲ မင်းက သူ မထနိုင်ဘူးဆိုတာ သိနေလား'

ရှောင်ဖုန်း ပြုံးပြီး...

'သေတဲ့လူက ဘယ်တုန်းက ထလာလို့လဲ'

ကောင်းလျှံ မျက်မှောင်ကြုတ်ပြီး...

'ကျုပ် သူ့ကို မသတ်ပါဘူး'

'ကျုပ်က မင်း သတ်တယ်လို့ ပြောလို့လား'

ရှောင်ဖုန်းစကားကြောင့် ကောင်းလျှံ ရှောင်ဖုန်းကို စူးရှစွာ ကြည့်လိုက်ပြီး...

'မင်း သူ့ကို သတ်လိုက်လား'

'မင်း သတိမေ့နေတုန်းကပဲ ကျုပ်က မင်းအတွက် အလုပ် လုပ်ပေးလိုက်တာ။ မင်း ကျေးဇူးတင်ဖို့ ကောင်းတယ်'

ကောင်းလျှံ လေပူတစ်ချက် မှုတ်ထုတ်လိုက်ပြီး...

'မင်း အခု ရှောင်ဖုန်း မဟုတ်တော့ဘူး'

ညည်းညည်းညူညူ ပြောလိုက်၏။

ရှောင်ဖုန်း ရင်ကော့ပြီး...

'ဟုတ်တယ်၊ ကျုပ် အရင်ကရှောင်ဖုန်း မဟုတ်ဘူး။ ရွှေနဂါးရဲ့ ဂိုဏ်းခွဲမှူး ရှောင်ဖုန်း ဖြစ်နေပြီ'





ကောင်းလျှံ စိတ်ပျက်ဟန်ဖြင့် ခေါင်းယမ်းပြီး...

'အမှန်တော့ မင်းက ဂိုဏ်းခွဲမှူး ရှောင်ဖုန်း မဟုတ်တော့ဘူး။ အရူး ရှောင်ဖုန်း ဖြစ်နေပြီ'

အော်ဟစ် ပြောဆိုလိုက်လေသည်။

ရှောင်ဖုန်း အော်ဟစ်ပြောဆိုနေသော ပါးကို ရိုက်လိုက်လေ သည်။

'ဖြန်း'

'ဖြန်း'

ရိုက်ပြီး ကောင်းလျှံကို ကြည့်ကာ...

'စောစောကစကား ပြန်ဆက်ရအောင်'

ပြောလိုက်သည်။

ကောင်းလျှံ ဘာမျှမပြောတော့ပါ။

ရှောင်ဖုန်း သူ့စကားကို သူ့ဘာသာ ဆက်ပြောလိုက်လေ သည်။

'မိုးကြိုးသွားအကြောင်း ဆက်ပြောရအောင်'

ကောင်းလျှံ ပါးစပ်မဟပါ။ ရှောင်ဖုန်းသဘောကျသလို တစ်ချက် ရယ်မောပြီး...

'ကျုပ်တို့ သိုင်းလောကမှာ လက်နက်ဆန်းတွေ အများကြီး ရှိတယ်။ အဲဒီထဲမှာ ခေါင်းမင်းကျေးရွာက လက်နက်ဆန်းဖြစ်တဲ့ မိုးကြိုးသွားလက်နက်က ကြောက်စရာ အကောင်းဆုံးပဲ'

သူ့စကားကို ရပ်ပြီး ကောင်းလျှံကို တစ်ချက် အကဲခတ်ကြည့် လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုန်း သံမဏိလက်အတုဖြင့် ကောင်းလျှံမျက်နှာကို ပွတ်သပ်ပြီး...

'ကျုပ်ပြောတာ ဟုတ်တယ် မဟုတ်လား'

သံမဏိလက်အတု၏ မာကျောသောအထိကို ခံစားရင်း ကောင်းလျှံ ဦးခေါင်းညိတ်ပြလိုက်သည်။

ရှောင်ဖုန်း သဘောကျသလို ရယ်မောလိုက်သည်။

'ဟား ဟား ဟား၊ ဟုတ်ရမယ်၊ ဟုတ်ကို ဟုတ်ရမယ်လေ။ ကျုပ်က အမှန်တွေ ပြောနေတာကိုး'

ထိုသို့ပြောရင်း ရှောင်ဖုန်း ကောင်းလျှံလက်မောင်းကို တစ်ချက် ပုတ်ရင်း...

'အဲဒီ လက်နက်ဆန်းကို ဘယ်လိုလုပ်ရမယ်ဆိုတာ ဒေါင်းမင်း ကျေးရွာက သခင်ကြီးကလွဲလို့ ဘယ်သူမှ မလုပ်တတ်ဘူး'

ကောင်းလျှံ အလိုက်သင့် ခေါင်းညိတ်ပြလိုက်သည်။

'ဒီအကြောင်းကို ကျုပ် ကြားဖူးပါတယ်'

ရှောင်ဖုန်း မျက်လုံး အရောင်တောက်လာပြီး...

'အဲဒီလက်နက်ဆန်းကို ဘယ်လိုလုပ်တယ်ဆိုတာ မင်း မသိ ချင်ဘူးလား'

ကောင်းလျှံ မျက်မှောင်ကြုတ်ပြီး...

'မင်းက သိလို့လား'

ရှောင်ဖုန်း ခေါင်းခါယမ်းလိုက်ပြီး...

'ကျုပ်တော့ မသိဘူး။ ဒါပေမယ့်...'





ရှောင်ဖုန်း စကား ဆက်မပြောသေးဘဲ ပတ်ဝန်းကျင်ကို တစ်ချက်ကြည့်ပြီး အသံနှိမ့်ကာ...

'ဘယ်လိုလုပ်ရမယ်၊ အသုံးပြုရမယ်ဆိုတာ သိဖို့ အခွင့်အရေး ရှိတယ်'

ထိုစကားကြောင့် ကောင်းလျှံ အနည်းငယ် စိတ်ဝင်စားလာ လေသည်။

'ဘယ်လို အခွင့်အရေးလဲ'

ရှောင်ဖုန်း ပြုံးလိုက်သည်။

'ဒါဆို အလွယ်လမ်းကို အသုံးပြုတာ ဖြစ်ရမယ်'

ရှောင်ဖုန်း ကောင်းလျှံကို မျက်မှောင်ကြုတ်ကြည့်ပြီး...

'မင်း ဘာပြောချင်တာလဲ'

ကောင်းလျှံ ပြုံးပြီး...

'ခိုးလာတာလို့ ပြောချင်တာ'

ရှောင်ဖုန်း ပြုံးလိုက်သည်။

'ဟုတ်မှာပေါ့။ ဘယ်လိုရလာတယ် ဆိုတာတော့ မသိဘူး'

'ဒါပေမယ့် ခိုးဖို့ဆိုတာ လွယ်ပေမယ့် တကယ်ကျတော့ လွယ် ပါ့မလား'

ရှောင်ဖုန်း မျက်ခုံးပင့်ပြီး...

'ဘာကြောင့်လဲ'

'သိုင်းလောကမှာ ဒေါင်းမင်းကျေးရွာ နှစ်ပေါင်းများစွာ ရပ် တည်လာတာ ဒီလက်နက်ကြောင့် မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်။ အဲဒါ ဘာဖြစ်လဲ'

'သူများခိုးလို့ရအောင် လွယ်လွယ်ထားပါ့မလား'

ရှောင်ဖုန်း ပါးစပ်ပိတ်သွားလေသည်။

○ ✦ ○



## အခန်း ( ၂၉ )

ရှောင်ဖုန်း ကောင်းလျှံကို ပြုံးကြည့်ပြီး...

'ဒေါင်းမင်းကျေးရွာက တစ်ယောက်ယောက် သစ္စာဖောက်ရင် ဘာကြောင့် မလွယ်ရမှာလဲ'

ကောင်းလျှံ ပြုံးလိုက်သည်။

'လက်တွေ့ပဲ မှန်လိုက်တာ။ ကျုပ်ဗောင် မင်းရဲ့ သစ္စာဖောက် ခြင်းကို ခံရတယ်'

ရှောင်ဖုန်း မျက်နှာမဲ့လိုက်ပြီး...

'ပြောပါ သူငယ်ချင်း ပြောပါ။ နောက်မှ ငါ့ကို ကျေးဇူးတင်ဦးမယ်'

ကောင်းလျှံ ခနဲ့တဲ့တဲ့ ပြုံးပြီး...

'ဒါနဲ့ ဒေါင်းမင်းကျေးရွာကိုတော့ မင်းတို့ဂိုဏ်းက သွား ရန်မ ရဲဘူး မဟုတ်လား'

ရှောင်ဖုန်း ခေါင်းညိတ်လိုက်ပြီး...

'ကျုပ်တို့ဂိုဏ်းက သိုင်းလောကမှာ အင်အားကြီး[illegible] တခြားဂိုဏ်းတွေလိုပဲ ဒေါင်းမင်းကျေးရွာကိုတော့ မ[illegible]ဘူး'



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလှံ့ ပြုံးလိုက်သည်။

'မင်းတို့ ဒေါင်းမင်းကျေးရွာကိုတော့ မကျေမနပ် ဖြစ်နေတယ် မဟုတ်လား'

ရှောင်ဖုန်း ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်။ လွန်ခဲ့တဲ့ ငါးနှစ်က ပန်းပေါင်းစုံ တောင်ကြားနဲ့ ပတ်သက်ပြီး ကျုပ်တို့ဂိုဏ်းနဲ့ ဒေါင်းမင်းကျေးရွာ မကျေမလည် ဖြစ်ခဲ့တယ်'

ကောင်းလှံ့ သဘောကျစွာ ပြုံးပြီး...

'ဒါပေမယ့် မင်းတို့ လက်နက်ဆန်းကို ကြောက်လို့ နောက်ဆုတ် ပြန်ခဲ့ရတယ် မဟုတ်လား'

ရှောင်ဖုန်း ပြုံးပြီး...

'ဒါပေါ့။ ဒါကြောင့်လဲ မိုးကြိုးလက်နက်ဆန်းကို မရရအောင် ယူခဲ့တာပေါ့'

ကောင်းလှံ့ မျက်မှောင်ကြုတ်ပြီး...

'ဒါဆို ဘာကြောင့် ကိုယ့်ဘာသာ မလုပ်ဘဲ ရောင်းစားနေရ တာလဲ'

ရှောင်ဖုန်း ကောင်းလှံ့အား စူးရှစွာကြည့်ပြီး...

'မင်း ဘယ်လိုလုပ် သိလဲ'

'မင်းတို့ဂိုဏ်းက ဖိတ်စာဝေတော ကျုပ် သတိထားမိတယ်'

'ဟုတ်တယ်'

ကောင်းလှံ့ တစ်စုံတစ်ရာ စဉ်းစားမိဟန်ဖြင့်...

'ဒီစာရွက်ကို ဘာကြောင့် ရောင်းရတာလဲ'





'ကျုပ်တို့ ရွှေနဂါးဂိုဏ်းက ဘယ်တော့မဆို ပစ္စည်းတစ်မျိုးပဲ လိုချင်တယ်'

ကောင်းလှံ့ မျက်မှောင်ကြုတ်ပြီး...

'ဘာပစ္စည်းလဲ'

ရှောင်ဖုန်း ပြုံးပြီး...

'... ... ...'

ကောင်းလှံ့ ပြုံးလိုက်သည်။

'သူငယ်ချင်း'

'ဘာလဲ'

'မင်းတို့ဂိုဏ်း အဲဒီလောက် မညံ့ဘူး။ တခြား အကြောင်းရှိမယ် ထင်တယ်'

ရှောင်ဖုန်း ပြုံးလိုက်သည်။

'မင်းပြောတာ မှန်တယ်။ ကျုပ်တို့ဂိုဏ်းမှာ အကြံအစည်ရှိတယ်။ ဒီပစ္စည်း လိုချင်သူတွေများတော့ ဈေးပြိုင်ကြမယ်။ ရောင်းရရင် ငွေတွေ အမြောက်အမြား ရမယ်။ နောက်ပြီး...'

ရှောင်ဖုန်း စကား မဆက်သေးဘဲ ကောင်းလှံ့ကို ကြည့်လိုက် သည်။

ကောင်းလှံ့ စိတ်ဝင်တစားဟန်ဖြင့် နားထောင်လေသည်။

'ဆက်ပြောပါဦး'

'ဒီပစ္စည်းရတဲ့လူက ဒေါင်းမင်းကျေးရွာကို ကြောက်စရာမလိုဘူး။ ဒီတော့ ဒေါင်းမင်းကျေးရွာကို လက်စားချေချင်တဲ့လူတွေက မရရအောင် ဝယ်ကြမယ်။ ကြားထဲက ကျုပ်တို့ဂိုဏ်းက အမြတ်ရတယ်။ ဒေါင်းမင်း



www.burmeseclassic.com

www.burmeseclassic.com



ကျေးရွာကို ကိုယ်တိုင် တိုက်စရာမလိုဘဲ သိုင်းလောက,ကနေ ပျောက်ကွယ်သွားမယ်'

ရှောင်ဖုန်း သူ့စကားကိုသူ သဘောကျစွာ ရယ်မောလိုက်လေသည်။ ကောင်းလျှံ ပြုံးရုံသာ ပြုံးလိုက်ပြီး...

'မင်းတို့ဂိုဏ်းချုပ် အတော်ကို ဉာဏ်များတာပဲ'

ရှောင်ဖုန်း သဘောကျဟန်ဖြင့် ခေါင်းညိတ်လိုက်သည်။

'ဟုတ်တယ်။ မင်းတောင် ချီးကျူးတယ်ဆိုတော့ မဆိုးဘူး။ မင်းဘဝ တက်လမ်းအတွက် ကျုပ် တာဝန်ယူမယ်'

ရှောင်ဖုန်းစကား ကြားရသောအခါ ကောင်းလျှံ ခေါင်းခါယမ်းပြီး...

'ဒါပေမယ့် တစ်ခါတစ်ရံ အတော်ဆုံးလူဟာ လူ့အတစ်ယောက်ဖြစ်တတ်တယ်'

ထိုစကားကြောင့် ရှောင်ဖုန်း ရယ်မောရာမှ ရပ်တန့်လိုက်ပြီး ကောင်းလျှံကို မျက်လုံးပြူးကြည့်ကာ...

'ဘာဖြစ်လို့လဲ'

ကောင်းလျှံ ပြုံးပြီး...

'အဲဒီလို ပစ္စည်းမျိုး ကျုပ်လက်ထဲမှာရှိရင် အခိုးခံရမှာ မဟုတ်ဘူး'

ရှောင်ဖုန်း မျက်နှာရှုံ့မဲ့ပြီး...

'အားစန်ကို ဘယ်လိုလူစားမျိုး ထင်လို့လဲ'

ကောင်းလျှံ ပြုံးလိုက်သည်။

'ပစ္စည်းတစ်ခုကို လုံအောင် ထိန်းမထားနိုင်တဲ့လူလေ'





ရှောင်ဖုန်း ခေါင်းခါပြီး ကြမ်းပေါ်တွင် သေနေပြီးဖြစ်သော လူမမာယောင်ဆောင်ထားသည့် အားစန်အလောင်းကို တစ်ချက်ကြည့်ကာ...

'အမှန်တော့ အားစန်က ဂိုဏ်းချုပ်ကြီး အလွန်အားထားရတဲ့လူပါ။ သူက သိုင်းပညာရော စာပေမှာပါ ဘက်စုံတော်တဲ့လူပါ။ သူ့အကြံအစည်တွေကြောင့် အောင်မြင်ကျော်ကြားလာတာပါ။ ဒါပေမယ့်...'

ရှောင်ဖုန်းစကားကို ဆက်မပြောဘဲ ရပ်တန့်ကာ သက်ပြင်းတစ်ချက် ချလိုက်လေသည်။

✧ ✪ ✧



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလျှံ စိတ်ဝင်စားလာသည်။

'ဆက်ပြောပါဦး'

'လောကမှာ ပြီးပြည့်စုံတဲ့လူ မရှိပါဘူး။ လူတိုင်းမှာ တစ်ခုတော့ ချို့ယွင်းချက် ရှိတယ်'

'သူက ဘာချို့ယွင်းချက်ရှိလဲ'

'သူလား၊ သူက မိန်းမမြင်ရင် ငမ်းငမ်းတက်လေ'

ရှောင်ဖုန်းစကားကြောင့် ကောင်းလျှံ ပြုံးမိလေသည်။ ရှောင်ဖုန်း ကောင်းလျှံကို တစ်ချက် စူးရှစွာကြည့်ပြီး...

'သူက မေဟွားကိုသာ သဘောမကျခဲ့ရင် ဒီလိုဖြစ်မှာ မဟုတ်ဘူး'

ထိုစကားကြောင့် ကောင်းလျှံ ရှောင်ဖုန်းကို ကြည့်ပြီး...

'ဘာ မေဟွား ဟုတ်လား'

'ဟုတ်တယ်။ မင်းရဲ့မေဟွား'

ရှောင်ဖုန်းပြောရင်း လေပူတစ်ချက်မှုတ်ကာ...

'ကျုပ်တစ်သက် ဒီမိန်းကလေးလောက် ယောကျ်ားတွေကို ဖမ်းစားတာ မတွေ့ဖူးသေးဘူး'

ကောင်းလျှံ ရှောင်ဖုန်းကို အတန်ကြာအောင် ကြည့်လိုက်ပြီး...

'မင်း သူ့အကြောင်း သိလို့လား'

ရှောင်ဖုန်း ရယ်မောပြီး...

'သိတော့ မသိဘူး။ ဒါပေမယ့် သူနဲ့တွေ့တဲ့ ယောကျ်ားတိုင်း ရူးချင်ရူး၊ မရူးရင် ကိုယ့်ကိုယ်ကို သတ်သေကြတယ်'

ကောင်းလျှံ ရှောင်ဖုန်းစကားကို ပြုံးပြီး နားထောင်နေလေသည်။





သို့သော်...

သူ့ရင်ထဲတွင် ဆူးကလေးများနှင့် ထိုးသလို နာကျင်နေလေသည်။ သူ ဟန်မပျက် ပြုံးပြီး...

'ကျုပ်က ကံကောင်းတာပေါ့'

ရှောင်ဖုန်းက မျက်ခုံးပင့်ရင်း...

'ဘာဖြစ်လို့လဲ'

'မင်းလို သူငယ်ချင်းကောင်းရှိလို့ ကျုပ်ကိုယ်ကျုပ် သတ်သေစရာ မလိုတော့ဘူးလေ'

ကောင်းလျှံစကားကြောင့် ရှောင်ဖုန်း ပြုံးလိုက်ပြီး...

'စိတ်ချပါ။ မင်း သေရင်တောင် မနာစေရပါဘူး'

'ယုံပါတယ်။ ဒါနဲ့ အားစန်ပစ္စည်းပျောက်သွားတာနဲ့ ဘာဆက်ဖြစ်သေးလဲ'

'ပစ္စည်းပျောက်သွားတော့ အားစန်က ဂိုဏ်းရဲ့စည်းကမ်းကို သိနေတယ်လေ။ ဒါကြောင့် သူက ရုပ်ဖျက်ပြီး မေဟွားနောက်ကို လိုက်လာတာ'

'အားစန်က မေဟွားနောက်ကို လိုက်တာတော့ သဘာဝကျပါတယ်။ ဒါပေမယ့်...'

ကောင်းလျှံ စကားမဆုံးမီ ရှောင်ဖုန်းက လက်ကာပြပြီး...

'ဘာလဲ မြင်းဖြူရှင်၊ ချူးသခင်လေး၊ ပထမအားတို့ မေဟွားနောက်ကို လိုက်နေတာ သဘာဝမကျဘူးလို့ ပြောချင်တာလား'

ကောင်းလျှံ ခေါင်းညိတ်လိုက်ပြီး...

'ဟုတ်တယ်'



www.burmeseclassic.com

www.burmeseclassic.com



'ချူးသခင်လေးနဲ့ ဒေါင်းမင်းကျေးရွာ မဟာရန်သူဆိုတာ မင်း မသိသေးဘူးလား'

'ဟုတ်လား'

'ဟုတ်တယ်။ ဒေါင်းမင်းကျေးရွာနဲ့ မသင့်မြတ်ဘူး။ မိုးကြိုးလက်နက်ဆန်းကြောင့် သူတို့ ခံခဲ့ရတယ်'

ကောင်းလျှံ ခေါင်းညိတ်ပြီး...

'သြော် ကျုပ် ကြားတော့ ကြားလိုက်သား။ သေချာ မသိလိုက်ဘူး'

ရှောင်ဖုန်း မဲ့ပြုံးပြုံးပြီး...

'အင်း အဲဒီအချိန်ကတည်းက သူတို့ မိုးကြိုးသွားလက်နက်ဆန်းကို လိုချင်နေကြတာ'

ကောင်းလျှံ သဘောပေါက်ဟန်ဖြင့်...

'ဒါကြောင့် မေဟွားနောက်ကို သဲသဲမဲမဲ လိုက်နေကြတာပေါ့ ဟုတ်လား'

ရှောင်ဖုန်း ခေါင်းညိတ်ပြီး...

'ဟုတ်တယ်လေ ရွှေနဂါးဂိုဏ်းထက် လက်ဦးအောင် ကြိုးစားနေကြတာ'

ကောင်းလျှံ တစ်စုံတစ်ရာ စဉ်းစားမိဟန်ဖြင့်...

'ဒါနဲ့ နေပါဦး'

'ဘာများလဲ'

'ငါ့အခန်းနဲ့ မေဟွားအခန်းထဲကို ဝင်မွှေသွားတာက မင်းတို့လား၊ ချူးသခင်လေးလား'





ရှောင်ဖုန်း ခေါင်းတစ်ချက် ညိတ်ပြီး...

'ကျုပ်တို့ မဟုတ်ဘူး၊ ချူးသခင်လေးလဲ မဟုတ်ဘူး။ အတိအကျ ပြောရရင်တော့ ရွှေနဂါးကွင်း လုရောင်ပဲကွ'

ရှောင်ဖုန်းစကားကြောင့် ကောင်းလျှံ မျက်လုံးပြူးသွားပြီး...

'တကယ်လုချည်လားကွ။ မင်း ဘယ်လိုလုပ် သိလဲ'

ရှောင်ဖုန်း တစ်ချက်ပြုံးပြီး...

'စောင့်ကြည့်နေလို့ပေါ့'

ကောင်းလျှံ အံ့သြဟန်ဖြင့် ရှောင်ဖုန်းကို ကြည့်ရင်း...

'မင်းက စောင့်ကြည့်နေတယ် ဟုတ်လား။ ဘာလဲ မင်းကို တာဝန်ပေးထားလို့လား'

ရှောင်ဖုန်း ပြုံးနေလေသည်။

○ ✦ ○



www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၃၀ )

ကောင်းလှျံ၏ အမေးစကားကြောင့် ရှောင်ဖုန်း ပြုံးနေပြီး အတန်ကြာသောအခါမှ ခေါင်းညိတ်ကာ...

'မင်းတို့ကို အနီးကပ် စောင့်ကြည့်ဖို့အတွက် ငါကိုယ်တိုင် မင်းတို့သောက်မယ့်အရက်ထဲ အိပ်ဆေးထည့်ပြီး ဒီကို ခေါ်လာတာလေ'

ကောင်းလှျံ သဘောပေါက် နားလည်ဟန်ဖြင့် ခေါင်းတစ်ချက် ညိတ်ကာ...

'ကျုပ်လဲ ထင်သားပဲ။ ကျုပ် ဘယ်လောက်သောက်သောက် မမူးဘူးဆိုတာ မင်းသိသားပဲ။ အခု အရက်သုံးခွက်ပဲ သောက်ရသေးတယ် လူမှန်းသူမှန်းမသိ ဖြစ်သွားတာ အံ့သြနေတာ'

ရှောင်ဖုန်း ပြုံးပြီး...

'ဒါပေမယ့် အရက်ထဲ အိပ်ဆေးထည့်တာ မင်း မသိဘူး မဟုတ်လား'



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်။ မင်း အသုံးပြုတဲ့ အိပ်ဆေးကတော့ တော်တော် စွမ်းတာပဲ။ ဒြေဘ် ဒါနဲ့ ကျုပ်တို့ ထမင်းစားနေတော့ မင်း ဘယ်မှာ လဲ'

ရှောင်ဖုန်း ပြုံးလိုက်ပြီး...

'သူငယ်ချင်း'

'ဘာလဲ'

'မင်း ရှင်းရှင်း မေးပါ'

'ဘာကိုလဲ'

'မေဟွား အခန်းထဲ အားစန် ဝင်သွားတုန်းက မင်း တွေ့လိုက် လားလို့ တစ်ခါတည်း ရှင်းရှင်းမေးပါလား'

ကောင်းလျှံ ပြုံးပြီး...

'ဘယ်လိုမေးမေး မင်း ပြောမှာပဲ မဟုတ်လား'

ရှောင်ဖုန်း ရယ်မောပြီး...

'မင်းတို့ ထမင်းစားခန်းမှာရှိတုန်း အားစန် အပေါ်တက်သွားတာ ကျုပ် တွေ့လိုက်တယ်'

'ဒါနဲ့ မင်းက နောက်ယောင်ခံပြီး လိုက်သွားတယ် ဆိုပါ တော့'

'ဟုတ်တယ်'

ကောင်းလျှံ စိတ်ဝင်စားဟန်ဖြင့် ရှောင်ဖုန်းကို ကြည့်ကာ...

'မင်း ဘာတွေ့လဲ'

ရှောင်ဖုန်း နှုတ်ခမ်းဝကို တစ်ချက်ကိုက်ရင်း စဉ်းစားဟန် ပြုသည်။





'ဘာတွေ့ရမှာလဲ။ အားစန် မင်းကောင်မလေးကို မေးနေတာ တွေ့တာပေါ့'

ကောင်းလျှံ စိတ်ဝင်စားဟန်ဖြင့်...

'ဟုတ်လား။ သူက ဘာပြောလဲ'

ရှောင်ဖုန်း တစ်ချက်ပြုံးပြီး...

'မင်းကောင်မလေးက တော်တော် သစ္စာရှိကောင်းတယ်။ အားစန် က ဘယ်လိုမေးမေး မရဘူး။ နောက်ဆုံး အားစန်က အကြမ်းဖက် တော့မှ...'

'သူ ပြောတယ်ပေါ့'

'မပြောဘူး။ ဒါပေမယ့် သူက မင်းကြားအောင် အော်တော့ တာပဲ'

ကောင်းလျှံ သက်ပြင်းချရင်း...

'ဒါဖြင့် အားစန် ဘာမှ မသိဘူးပေါ့'

'မသိလိုက်ဘူး။ မင်း အချိန်မီ ရောက်လာတာကိုး'

ကောင်းလျှံ တစ်စုံတစ်ခုကို သတိရဟန်ဖြင့်...

'မင်း သိရက်သားနဲ့ ဘာကြောင့် ဝင်မကူတာလဲ'

'မလိုအပ်သေးလို့'

ရှောင်ဖုန်း စကားကြောင့် ကောင်းလျှံ မျက်မှောင်တစ်ချက် ကြုတ်ပြီး...

'ဘာလဲ မင်းက ကျုပ် ရောက်လာမယ် ဆိုတာ သိနေလို့ လား'

ရှောင်ဖုန်း ပြုံးပြီး ခေါင်းညိတ်ကာ...



www.burmeseclassic.com

www.burmeseclassic.com



'ဟုတ်တယ်။ နောက်ပြီး...'

'ပြောပါဦး'

'မင်းကောင်မလေးကို ကျုပ်နဲ့ထားခဲ့မယ်ဆိုတာလဲ သိနေတယ် လေ'

ကောင်းလျှံ သက်ပြင်းတစ်ချက် ချလိုက်ပြီး...

'ကျုပ် နားလည်ပြီ။ မင်း မေဟွားကို စစ်ဆေးမေးမြန်းဖို့ အခွင့် အရေး ရခဲ့တာပေါ့'

'ဟုတ်တာပေါ့။ ကျုပ် ရတဲ့အခွင့်အရေးကို အသုံးမချတတ် အောင် အ,တဲ့လူမှ မဟုတ်တာ'

ကောင်းလျှံ နှုတ်ခမ်းကို မဲ့လိုက်ပြီး

'ဒါဆို မင်း သူ့ဆီက သိခဲ့ရပြီပေါ့'

ရှောင်ဖုန်း ခေါင်းညိတ်ပြီး...

'ကျုပ် လူတစ်ယောက် ပါးစပ်ပွင့်အောင် လုပ်တတ်တယ်ဆိုတာ မင်း သိတယ် မဟုတ်လား'

'ဒါဆို ကျုပ်ကို ဘာကြောင့် ခုလို လုပ်ရတာလဲ'

ရှောင်ဖုန်း ပြုံးလိုက်သည်။

'မေဟွားကြောင့်ပေါ့'

ရှောင်ဖုန်းစကားကြောင့် ကောင်းလျှံ နားမလည်နိုင်အောင် ဖြစ်သွားလေသည်။

ရှောင်ဖုန်းကို မျက်လုံးပြူးကြည့်ပြီး...

'ဘာကွ မေဟွားကြောင့် ဟုတ်လား'

ရှောင်ဖုန်း ခေါင်းညိတ်ပြီး...





'ဟုတ်တယ်'

ကောင်းလျှံ နားမလည်နိုင်ဟန်ဖြင့် ခေါင်းယမ်းပြီး...

'ကျုပ် နားမလည်တော့ဘူး'

ညည်းညူလိုက်လေသည်။

✧ ⊙ ✧



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုန်း ကောက်ကျစ်စွာ ပြုံးပြီး...

'မင်း ဘာလိမ်နေတာလဲ'

ကောင်းလျှံ မျက်မှောင်ကြုတ်ပြီး...

'ကျုပ် ဘာလိမ်လို့လဲ'

'မိုးကြိုးလက်နက်ဆန်းအကြောင်း မသိဘူးလို့ ဘာကြောင့် လိမ်ရတာလဲ'

'ကျုပ် မလိမ်ဘူး'

'ဒါဆို အခုထိ ဘာကြောင့် ထုတ်မပေးသေးတာလဲ'

ရှောင်ဖုန်းစကားကြောင့် ကောင်းလျှံ အံ့သြကာ မျက်လုံး ပြူးပြီး...

'ဘာကို ထုတ်ပေးရမှာလဲ'

ရှောင်ဖုန်း ပြုံးပြီး...

'မိုးကြိုးလက်နက်ဆန်းနဲ့ ပတ်သက်တဲ့ စာရွက်စာတမ်းတွေ လေ'

ထိုစကားကြောင့် ကောင်းလျှံ အံ့သြသွားပြီး ရယ်မောကာ...

'ဟား ဟား ဟား၊ မင်းတော့ အလိမ်ခံရပြီ'

ကောင်းလျှံ ရယ်မောသော်လည်း ရှောင်ဖုန်း မရယ်ပါ။ မျက်နှာ တင်းတင်းဖြင့် ကောင်းလျှံကို ကြည့်ကာ...

'မင်းဆီမှာ ရှိတယ်ဆိုတာ ငါသိတယ်'

'မေဟွား ပြောတာလား'

'ဟုတ်တယ်။ သူ ကျုပ်ကို လိမ်မပြောရဲဘူး'

'ဩော်'

ကောင်းလျှံ မေဟွား မိမိပေါ် လွှဲချသည်ကို တွေးမိသည်။





'ဘာလဲ မင်းက မရှိဘူးလို့ ငြင်းမှာလား'

'တောက်'

ကောင်းလျှံ ဒေါသကြီးစွာဖြင့် တောက်ခေါက်လိုက်သည်။

'သူကပဲ ဘယ်သူ့မှ မပြောနဲ့ဆိုပြီး သူကပဲ ပြောလိုက်တယ်'

ရှောင်ဖုန်း သဘောကျစွာ ပြုံးလိုက်သည်။

'အပြစ်မတင်ပါနဲ့ကွာ။ ရွှေနဂါးဂိုဏ်းက လူသေကောင် စကား ပြောအောင် လုပ်နိုင်မှတော့ မိန်းမဆိုတော့ မခဲယဉ်းပါဘူး'

'သူငယ်ချင်း မိန်းမဆိုရင် ဘယ်မိန်းမမှ ပါးစပ်မလုံဘူး မင်း မှတ်ထား'

ကောင်းလျှံ ပြုံးပြီး ပြောလိုက်ရာ ရှောင်ဖုန်း ခေါင်းညိတ်လိုက် ပြီး...

'မှန်တယ်၊ ကျုပ် မှတ်ထားမယ်။ ဒါနဲ့ မင်း ဘယ်လမ်းရွေးမှာ လဲ။ ဒုတိယလမ်းရွေးရင်တော့ မင်း ရာထူးကောင်းကောင်း ရမယ် သိလား'

'ဘယ်လောက်ကောင်းလဲ'

'အားစန်နေရာ'

သူ့စကားကြောင့် ကောင်းလျှံ ရယ်မောပြီး...

'ရယ်ရတယ်'

ပြောရင်း ကောင်းလျှံ ရယ်မောလိုက်သည်။

'ဘာရယ်ရတာလဲ'

'ရယ်စရာကောင်းလို့။ ကျုပ် မင်းစကား ယုံမယ် ထင်လား'

'ဘာလို့ မယုံတာလဲ'



www.burmeseclassic.com

www.burmeseclassic.com



'အားစန်နေရာ ဆိုတာလေ'

'ဘာလဲ ကျုပ် နောက်တယ် ထင်လို့လား'

'ကျုပ်ဆီမှာ မိုးကြိုးလက်နက်ဆန်း စာရွက်စာတမ်းတွေ ရှိတယ်ဆိုတာ မင်း သိတယ်။ ဒါတောင် အားစန်နေရာ လျှာထားတယ်'

'မင်းလိုတော်တဲ့လူ ဂိုဏ်းမှာ လိုအပ်တယ်လေ'

'မယုံဘူး'

'မင်းယုံအောင် ဘာလုပ်ရမှာလဲ'

'ကျုပ် ပိတ်ထားတဲ့အကြောင်းကို ပြန်ဖွင့်ပေးရင် မင်း လိုချင်တဲ့ ပစ္စည်း ပေးမယ်'

ရှောင်ဖုန်း ရယ်မောရင်း...

'မင်းပြောသလိုပဲ မင်းစကားကို ဘယ်သူယုံမှာလဲ'

'ဒါဆို မင်းနဲ့ အလုပ်မဖြစ်တော့ဘူး။ ကျုပ် မင်းကိုစကားတစ်ခွန်းတော့ ပြောလိုက်ချင်တယ်'

'ကျုပ် နားထောင်နေပါတယ်။ လူတစ်ယောက် သေခါနီးစကားက အမှန်ဆုံး စကားပါ'

'မှန်တယ်။ ကျုပ် ပြောမယ့်စကားက အမှန်တွေဆိုတာ မင်း နားလည်မှာပါ'

'ကျုပ် နားထောင်ကြည့်မယ်'

'ကျုပ် စကားမပြောချင်ဘူးလို့ ဆုံးဖြတ်လိုက်ပြီ။ ကမ္ဘာမှာ ကျုပ်ကို စကားပြောနိုင်းမယ့်လူ မရှိသေးဘူး'

ရှောင်ဖုန်း ပြုံးလိုက်သည်။





'မင်းက မိုးကြိုးလက်နက်ဆန်းနဲ့ ပတ်သက်တဲ့ စာရွက် ဘယ်မှာရှိတယ်ဆိုတာ မပြောဘူးပေါ့'

ကောင်းလျှံ ယဲ့ယဲ့ပြုံးပြီး...

'ကျုပ် မပြောမချင်း ဘယ်သူမှ ရှာတွေ့မှာ မဟုတ်ဘူး'

ရှောင်ဖုန်း ကောင်းလျှံကို တစ်ချက် စိုက်ကြည့်လိုက်လေသည်။

ထို့နောက်...

ရှောင်ဖုန်း၏ မျက်နှာ တဖြည်းဖြည်း ပြုံးလာ၏။ ရှောင်ဖုန်း သဘောကျစွာ အားရပါးရ ပြုံးလိုက်သည်။

'ဒီမှာ သူငယ်ချင်း၊ တစ်နေ့တစ်ည အချိန်အတွင်းမှာ မင်း ပစ္စည်းကို ဝေးဝေးလံလံ ဝှက်ထားမှာ မဟုတ်ဘူးဆိုတာ ကျုပ် တွက်လို့ရတယ်'

ကောင်းလျှံ ပြုံးလိုက်သည်။

'ဒါဆို မင်း ကြိုက်သလို ရှာ'

ကောင်းလျှံ စကားအဆုံးတွင် ရှောင်ဖုန်း ဘာမျှ မပြောတော့ပါ။

ရှောင်ဖုန်း မျက်နှာတွင် အပြုံးများလည်း မရှိပါ။ ကောင်းလျှံ တေးသီချင်းတစ်ပုဒ်ကို သီဆိုနေလေသည်။

ထို့နောက်...

'သူငယ်ချင်း . မင်းဆိုရင် ဘယ်မှာ ဝှက်ထားမလဲ'

'မင်းက မင်းပဲ၊ ငါ ဘယ်သိမလဲ။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်မှာ ကျော်ကြားတဲ့ဓား မရှိလို့'



www.burmeseclassic.com

www.burmeseclassic.com



ရှောင်ဖုန်းစကားကြောင့် ကောင်းလျှံ မျက်နှာပျက်သွားလေသည်။

ရှောင်ဖုန်း ကောင်းလျှံဓားကို သံမဏိလက်အတုဖြင့် ချိတ်ယူလိုက်လေသည်။

○ ✦ ○



## အခန်း ( ၃၁ )

ဓားက အရောင်တဖိတ်ဖိတ် လက်နေလေသည်။ ရှောင်ဖုန်း ဓားကောက်ယူပြီး...

'ဓားက တော်တော် ကောင်းတယ်နော်။ ဒါပေမယ့် ဓားအိမ်က ဟောင်းနေတယ်။ ဓားရိုးအသစ်လဲဖို့ ကောင်းနေပြီကွ'

ကောင်းလျှံ ဟန်ဆောင်ပြုံးပြီး...

'ကျုပ် နောက်ကြုံရင် အသစ်လဲမယ်'

ရှောင်ဖုန်း ရယ်မောလိုက်သည်။

'မင်းနဲ့ငါက အခင်ဆုံးသူငယ်ချင်းလေ။ ဒါကြောင့် ငါ လဲပေးပါမယ်'

ရှောင်ဖုန်းစကားကြောင့် ကောင်းလျှံ မျက်နှာပျက်သွားလေသည်။

'ဘာလဲ အားနာလို့လား။ ရပါတယ် သူငယ်ချင်း။ ငါ လဲပေးပါမယ်'

ပြောရင်း ဓားကို ကြမ်းပေါ် ထိုးစိုက်လိုက်လေသည်။ ဓားရိုးဘုန်ခါနေသည်။ ရှောင်ဖုန်း ဓားရိုးကို လက်နှင့်ဖောက်ပြီး မိမိ နားရွက်ကို ဓားရိုးအနီး ကပ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက်...

ရောင်ဖုန်း မျက်ခုံးပင့်ပြီး...

'သူငယ်ချင်း မင်းဓားရိုးက ဟောင်းရုံမကဘူး အထဲမှာ အခေါင်းပေါက်ကြီးပါလား'

ကောင်းလျှံ ဘာမျှမပြောဘဲ ငေးကြည့်နေလေသည်။

'မင်း ဓားရိုး မလဲချင်ဘူးလား။ ဒါဆို မလဲပေးပါဘူး။ အထဲမှာ စာရွက်ထားလို့တော့ ရမယ် ထင်တယ်'

ကောင်းလျှံ သက်ပြင်းချလိုက်သည်။ ရောင်ဖုန်း ပြောရင်း ဓားရိုးကို လှည့်ဖွင့်နေလေသည်။ ဓားရိုးမှာ အသံ အနည်းငယ်မြည်ပြီး လယ်သွားလေသည်။

ရောင်ဖုန်း ကောင်းလျှံကို ပြုံးပြပြီး ဓားရိုးကို ဖြုတ်လိုက်သည်။

ဓားရိုးပွင့်သွားသောအခါ အထဲတွင် ဘာမျှမတွေ့ရပါ။ ရောင်ဖုန်း အံ့သြသွားလေသည်။

ထိုစဉ်...

ဓားရိုးထဲမှ စိမ်းဖန့်ဖန့် အလင်းတန်းကလေးများ ပလူပျံသလို ပျံ့လွင့်လာလေသည်။ အဆိပ်အပ်ကလေးများ ဖြစ်သည်။

မကြာပါ။

'ဝုန်း'

ရောင်ဖုန်း ကြမ်းပေါ် လဲကျသွားလေသည်။

သူ့ မျက်လုံးပြူးကာ မျက်နှာကြက်ကို ငေးကြည့်နေလေသည်။

သို့သော်...

သူ ဘာမျှမမြင်နိုင်ပါ။ အဆိပ်အပ်များက သူ့မျက်နှာအနှံ့





စိုက်ဝင်နေလေသည်။ ကောင်းလျှံ ပြုံးလိုက်သည်။ ရောင်ဖုန်း မိမိဆင်သော ထောင်ချောက်ထဲ ဝင်သွားလေသည်။

ကောင်းလျှံ လဲလျောင်းလျက်ပင်။ မကြာမီ မိုးလင်းတော့မည်ဖြစ်သည်။ တစ်ချိန်က လက်တွဲဖော် အရင်းနှီးဆုံး၊ အယုံကြည်ရဆုံး သူငယ်ချင်းအား မလွှဲမရှောင်သာ လုပ်ရသောကြောင့် စိတ်မကောင်းဖြစ်မိလေသည်။

ထိုစဉ်...

အခန်းအပြင်မှ ခြေသံများကို ကြားလိုက်ရသည်။

မကြာမီ အပြင်မှ လှမ်းပြီး...

'ဟေ့ အထဲမှာ ဘာဖြစ်နေလဲ'

ရောင်ဖုန်းမသေခင် အော်သံတစ်ချက် ထွက်သွားခြင်းကြောင့် ရောက်လာဟန် ရှိသည်။

'တံခါးဖွင့်'

'စောစောက ကြားရတာ ဒီအခန်းကနဲ့တူတယ်'

'ဟုတ်ပါ့မလား။ ဒီအခန်းမှာ လူမမာရယ်၊ အဘွားကြီးနဲ့ ကလေးတစ်ယောက်ပဲ ရှိတာ'

တစ်ယောက်တစ်ပေါက်ပြောရင်း အခန်းတံခါးကို ထုရိုက်နေလေသည်။ ကောင်းလျှံ မျက်လုံးမှိတ်ထားမိလေသည်။

'ဟာ'

တစ်ယောက်က တံခါးကြားမှ ချောင်းကြည့်ပြီး...

'အထဲမှာ အလောင်းတွေ'

'ဝုန်း'


www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်အသံအဆုံး ပထမအေးက တံခါးကို ခြေဖြင့် ကန်ဖွင့်လိုက်လေသည်။

လူထွားကြီးသုံးယောက် အထဲဝင်လာလေသည်။ နောက်မှ မြင်းဖြူရှင်နှင့် လုရှောင်၊ နောက်ဆုံးမှ ချူးသခင်လေး ဝင်လာလေသည်။

ပထမအေးက ရှောင်ဖုန်းအလောင်းကို တွေ့သောအခါ...

'ဟာ ဒါ တည်းခိုခန်းပိုင်ရှင် အလောင်းပါလား'

ပြောရင်း မျက်မှောင်ကြုတ်ကာ...

'ဒီမိန်းမနဲ့ ကလေးက ဘယ်သူတွေလဲ'

မြင်းဖြူရှင် မျက်မှောင်ကြုတ်ပြီး...

'ဒီကလေးကတော့ နတ်ဆိုး ဖုန်းကြားလေ။ မိန်းမကိုတော့ မသိဘူး'

ရွှေနဂါးမှ လူထွားကြီးတစ်ယောက်က...

'ဒီမိန်းမက အားစန်မိန်းမ'

'ဒါဆို လူမမာ အဘွားကြီး၊ ကလေးတွေ ဘယ်ရောက်သွားလဲ'

'အဲဒါ သူတို့တွေလေ'

'အခန်းထဲမှာ မသေတဲ့လူ ရှိသေးတယ်'

ချူးသခင်လေး ပြုံးပြီး ပြောလိုက်လေသည်။

'ဘယ်သူလဲ'

'ကောင်းလျှံ'

ကောင်းလျှံ မျက်လုံးဖွင့်လိုက်လေသည်။

'ဘယ်လိုလဲ မိတ်ဆွေကြီး အိပ်စရာ ရှားလို့လား'





ထိုအခါ...

ပထမအေးက...

'သူ ခေါင်းကိုက်လို့ နေမှာပေါ့'

'သနားပါတယ်ဗျာ၊ ဆေးပေးလိုက်ပါလား'

'ကျုပ် ပေးလိုက်ရမလား'

'ပေးလိုက်လေ'

သို့သော်...

ပထမအေး မခုတ်ပါ။

'ဟော့လူ ကျုပ်ဓားတစ်ချက်နဲ့ ခင်ဗျား ခေါင်းပြတ်သွားမှာနော်'

'ခင်ဗျားတို့ မလုပ်ရဲပါဘူး'

'ဘာကြောင့်လဲ'

'ကျုပ်လည်ပင်းမှာ ပစ္စည်းတစ်ခု ခံနေတယ်လေ'

ပထမအေး စိတ်ဝင်စားသွားပြီး...

'ဘာပစ္စည်းလဲ'

'မိုးကြိုးလက်နက်ဆန်းလေ'

ကောင်းလျှံစကားကြောင့် ပထမအေး နဖူးမြင့်တက်သွား[illegible] အနည်းသွားကာ...

'မင်း ဘယ်လိုလုပ် သိလဲ'

ကောင်းလျှံ ဘာမျှမပြောတော့ပါ။

'မင်း ဒီအကြောင်းတွေ ဘယ်လိုလုပ်သိလဲ။ မင်း ဘယ်မှာ[illegible] ဆိုတာရော သိလား'

သို့သော်...



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလျှံ မပြောပါ။ လုရှောင် ကောင်းလျှံအင်္ကျီကို ဆွဲပြီး…

'ပြောစမ်း'

ကောင်းလျှံ ပါးစပ်မဟပါ။ ထိုအခါ ချူးသခင်လေးက…

'မိတ်ဆွေ ကျုပ်တို့ ဆွေးနွေးကြရအောင်'

✧ ◎ ✧





ရွှေနားကွင်း လုရှောင်က ဝင်ပြီး…

'မိတ်ဆွေအတွက် အကျိုးမယုတ်စေရပါဘူး'

'ဒါပေမယ့် ဒီပစ္စည်း ကျုပ်ဆီမှာ မရှိဘူး'

'မပေဟွားဆီမှာပေါ့'

'ဟုတ်ပါတယ်။ ဒါပေမယ့် ကျုပ် မပါဘဲ သူက အဲဒါကို ဘယ်ပေးမလဲ'

'ဒါဆို အချိန်မဖြုန်းနဲ့လေ'

'ကျုပ် မထနိုင်'

ကောင်းလျှံ စကားမှားသွားလေသည်။

'လွယ်ပါတယ်။ ကျုပ် ကူညီပါ့မယ်'

ချူးသခင်လေး ပြောရင်း နောက်ထပ် အကြောပိတ်သွားလေသည်။

'ကဲ ပြောပါ မိတ်ဆွေ'

ကောင်းလျှံ ပါးစပ်ပိတ်ထားလိုက်လေသည်။

ထိုအခါ…

ရွှေနားကွင်း လုရှောင်က အိတ်ထဲမှ မြွေတစ်ကောင်ကို ထုတ်လိုက်သည်။

'ကဲ မိတ်ဆွေ ပြောမှာလား'

မြွေမှာ အလွန် အဆိပ်ပြင်းသော မြွေ ဖြစ်သည်။

ထိုမြွေကို တွေ့သည်နှင့် ချူးသခင်လေးတို့ နောက်ဆုတ်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



'မြေသြဇာဟာ လူတွေအတွက် အလွန် အာဟာရ ဖြစ်တယ်။ မြေမျိုးချရင် အာဟာရ ဖြစ်စေတယ်။ ဉာဏ်ကောင်းတယ်'

ပြောရင်း ကောင်းလုံ့အနီး ထိုင်ချကာ ကောင်းလုံ့မျက်နှာအနီး တရွေ့ရွေ့ တိုးလာလေသည်။

○ ✦ ○



BURMESE CLASSIC .com

## အခန်း ( ၃၂ )

ကောင်းလုံ့မျက်နှာ ကြွက်သားများ တဖြည်းဖြည်း တောင့်တင်းလာလေသည်။

ချွေးများလည်း စို့လာလေသည်။

ရွှေနားကွင်း လုရှောင် မျက်နှာ တဖြည်းဖြည်း ပြုံးလာလေသည်။

ထိုစဉ်...

ရုတ်တရက် ခြံဝင်းထဲမှ စကားသံတစ်သံ ထွက်ပေါ်လာလေသည်။

'အခန်းထဲက လူကြီးမင်းများ ကျွန်ုပ်ကို လိုက်ရှာနေကြတာလား'

နံနက်ခင်း ပတ်ဝန်းကျင်တစ်ခုလုံးကို မြူနှင်းများက ဇာပဝါအဖြူလေး လွှမ်းခြုံထားသလို ဖြစ်နေသည်။

ထို နှင်းမှုန်များကြားတွင် မိန်းကလေးတစ်ယောက် ရပ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သူမလက်ထဲတွင် ဖယောင်းတိုင်တစ်တိုင် မီးထွန်းကာ ကိုင်ထားသည်။

ထိုအသံကြောင့် လှရှောင်လက် ရပ်တန့်သွားလေသည်။

ချူးသခင်လေး၊ ပထမစား၊ မြင်းဖြူရှင်နှင့် လူထွားကြီး သုံးယောက် မိန်းကလေးထံသို့ အကြည့်ရောက်သွားလေသည်။

ကောင်းလျှံ စိတ်သက်သာရာရသွားသည်။ ချူးသခင်လေးတို့ လူစု မေဟွားထံ ပြေးလွှားသွားကြသည်။

'ရပ်လိုက်'

မေဟွား အော်ဟစ် ဟန့်တားလိုက်သည်။

'ရပ်လိုက်။ မရပ်ရင် ဒီစာရွက်ကို မီးရှို့လိုက်မယ်'

ထိုစကားကြောင့် မြင်းဖြူရှင် မေဟွားကို မျက်နှာချိုသွေးတာ...

'မိန်းကလေး ဒီပစ္စည်းက အရမ်း တန်ဖိုးကြီးတယ်နော်'

'ရှင်တို့ နောက်ဆုတ်၊ ကျွန်မစကား နားမထောင်ရင် လုပ်မှာနော်'

'မလုပ်ပါနဲ့ကွယ်။ တန်ရာတန်ကြေး ပေးပါ့မယ်'

ချူးသခင်လေးက ကြားဝင် ပြောလိုက်ပြန်သည်။

'ဒီလိုလား'

'ဟုတ်ပါတယ်ကွယ်။ မင်း ဘာလိုချင်လဲ ပြောပါ'

'ကောင်းလျှံကို တွေ့ချင်တယ်'

'ဒါလား ရပါတယ်ကွယ်။ ဝင်တွေ့ပါ'

မေဟွား ခေါင်းယမ်းပြလိုက်သည်။





'ဘာဖြစ်လို့လဲ'

'ရှင်တို့ အခန်းထဲမှာရှိတာ ဘယ်လိုလုပ် ဝင်တွေ့ရမလဲ'

'ဒီလိုလား ရပါတယ်။ ခဏလေး'

ပြောရင်း မြင်းဖြူရှင် ဝင်သွားကာ ကောင်းလျှံ သွေးကြောကို ထပ်ပိတ်လိုက်ပြန်သည်။

'ကဲ ကျုပ်တို့အားလုံး ထွက်ပေးပါမယ်။ မင်း ဝင်တွေ့ပါ'

ပြောရင်း ခြံဝင်းထဲ ထွက်သွားကြလေသည်။

မေဟွား အခန်းထဲဝင်ကာ အခန်းတံခါးကို ပိတ်လိုက်လေသည်။

ကောင်းလျှံ ကြမ်းပေါ်တွင် မလှုပ်မယှက် လဲနေလေသည်။

တံခါးပိတ်သံကြောင့် အခန်းဝ လှည့်ကြည့်သောအခါ မေဟွား ဝင်လာသည်ကို တွေ့ရလေသည်။

အနီးရောက်သောအခါ...

'မင်း ဘာလာလုပ်တာလဲ'

မေဟွား ပြုံးလိုက်သည်။

'ညီမ ဘာကြောင့်လာတယ်ဆိုတာ အစ်ကို တကယ် မသိဘူးလား'

ကောင်းလျှံ မဲ့ပြုံးပြုံးပြီး...

'ကျုပ်ကို လာကယ်တာလို့ ပြောချင်တာလား'

မေဟွား ခေါင်းငုံ့ပြီး...

'ကျွန်မ ထွက်ပြေးရင် အခုလောက်ဆို ဘယ်သူမှ လိုက်မမီတော့ဘူးဆိုတာ အစ်ကို နားလည်မှာပါ'



www.burmeseclassic.com

www.burmeseclassic.com



ကောင်းလျှို ဘာမျှမပြောပါ။ မေပဗ္ဗာ:ပါးပြင်ပေါ် မျက်ရည်များ စီးကျလာလေသည်။

ထိုစဉ်…

ခြံဝင်းထဲ၌ ဆူညံသောအသံများကို ကြားလိုက်ရလေသည်၊

‘ထန်း ထန်း ထန်း’

‘ချွမ်း ချွမ်း ချွမ်း’

‘အား’

‘အင့်’

‘ယား’

‘အမယ်လေး’

နှာကျင် စူးရှရှာ အော်သံ၊ မာန်သွင်းသံ၊ လက်နက်ချင်းထိသံများ ဆက်တိုက် ထွက်ပေါ် လာလေသည်။

ကောင်းလျှို မျက်နှာ ဖြူရော်လာလေသည်။ သူ့မျက်နှာ ကြေကွဲနေသည်။

မေပဗ္ဗာ:မျက်နှာလည်း ထို့အတူပင်။

‘နောက်ဆုံး အသက်ရှင်လျက် ကျန်ခဲ့မယ့်လူကို အစ်ကို သိလား’

လေသံဖြင့် မေးလိုက်ရာ…

ကောင်းလျှို မှဲ့ပြုံးပြုံးပြီး…

‘ဘာလဲ မင်းလား’

ကောင်းလျှိုစကားကြောင့် မေပဗ္ဗာ:မျက်နှာ ဝမ်းနည်း ကြေကွဲသွားလေသည်။





‘အစ်ကို ညီမကို အထင်လွဲနေပြီလား’

ကောင်းလျှို ဘာမျှမပြောပါ။

မေပဗ္ဗာ: ငိုမဲ့မဲ့ မျက်နှာလေးကို ကြာရှည် မကြည့်လိုသောကြောင့် မျက်စိမှိတ်ထားလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



မေဟွား ကောင်းလျှံပခုံးကို ကိုင်လှုပ်ပြီး…

‘ညီမကို အထင်လွဲနေပြီ မဟုတ်လား’

ကောင်းလျှံ သက်ပြင်းချပြီး…

‘ဒါတွေ မေ့ထားလိုက်တော့’

‘မဟုတ်ဘူး။ ဘယ်သူတွေ ဘာထင်ထင် ညီမ ဂရုမစိုက်ဘူး။ ဒါပေမယ့်…’

‘လောကမှာ လူတွေက လောဘ၊ ဒေါသ၊ မောဟကြောင့် လိမ်ကြတယ်။ ကောက်ကျစ်ကြတယ်။ ဒါဟာ မဆန်းပါဘူး’

မေဟွား တစ်ချက် ရှိုက်လိုက်သည်။

‘ညီမ အစ်ကို့ကို…’

မေဟွား စကားမဆုံးပါ။ ကောင်းလျှံ ဖြတ်ပြီး…

‘ဒီမှာ မေဟွား ဒီပစ္စည်းကြောင့် ကျုပ်ကို ခုတုံးလုပ်တာ လုပ်သင့်ပါတယ်။ မင်းကို အပြစ်မတင်ပါဘူး။ ကျုပ်က မင်းကို ယုံတာကိုး။ မင်းကိုလဲ ချစ်မိတယ်လေ’

‘ညီမကို ရှင်းပြခွင့် မပေးတော့ဘူးလား အစ်ကို’

‘ဒါပေမယ့် ဒီတစ်ခါ မင်းအတွက် မှားတယ်နော်။ သူတို့ မင်းလက်ထဲက ပစ္စည်းကို အချိန်မရွေး ယူနိုင်တယ် သိလား’

မေဟွား ဘာမျှမပြောပါ။ ကောင်းလျှံ မျက်နှာကိုသာ ငေးကြည့်နေလေသည်။

‘ကျုပ်ပြောတာ သဘောပေါက်လား’

မေဟွား ဘာမျှမပြော၊ ကောင်းလျှံကိုသာ ငေးကြည့်နေလေသည်။

‘ဒီပစ္စည်းကို သူတို့ ယူနိုင်တယ်ဆိုတာ မင်း သိလား’





‘ကျွန်မ မီးရှို့ပစ်မှာပါ’၊

ကောင်းလျှံ မရယ်ချင့်ရယ်ချင်ဖြင့် ရယ်မောလိုက်လေသည်။

‘မင်း လျှော့မတွက်နဲ့။ ဘယ်သူကျန်မလဲ မင်း ပြောစမ်း’

ကောင်းလျှံ စကားအဆုံး…

‘ဘယ်သူကျန်ရမှာလဲ။ ကျုပ်တို့ ကျန်တာပေါ့’

ပထမဓားနှင့် ချူးသခင်လေး သက်တော်စောင့်တို့ ရောက်လာလေသည်။

‘ရော့ ယူသွားကြ’

မေဟွား စာရွက်ကလေး လှမ်းပေးရင်း နှစ်ယောက်လုယူရင်း ပထမဓား ကျဆုံးသွားလေသည်။

‘ညီမလေး ရော့ ဓား၊ ကောင်းလျှံကို သတ်လိုက်’

ချူးသခင်လေး သက်တော်စောင့်က ဓားပေးလိုက်ရာ မေဟွား လှမ်းယူပြီး သက်တော်စောင့်အား ပိုင်းချလိုက်လေသည်။

ဂ္ဂင်’

ကောင်းလျှံ အံ့ဩသွားလေသည်၊ နေ အတော်မြင့်သွားပြီ ဖြစ်သည်၊ အခန်းထဲမှာ လူနှစ်ယောက် ရှိနေလေသည်၊ မေဟွားနှင့် ကောင်းလျှံ နှစ်ယောက် ဖြစ်သည်။

‘အစ်ကို’

‘ညီမ အစ်ကို့ကို ဘာကြောင့် မသတ်တာလဲ’

‘မသိဘူးလား’

‘ဟင့်အင်း’

‘အစ်ကိုနော်’



www.burmeseclassic.com

www.burmeseclassic.com



'ဟား ဟား ဟား၊ အစ်ကိုက စ,တာပါကွာ။ ညီမက မေဟွား အစစ် မဟုတ်ဘူး။ ညီမ ဘယ်သူလဲဟင်'

'ညီမက နေပြည်တော်က ထောက်လှမ်းရေးမှူး ဆင့်ဆင့်အိ၏ လက်ထောက်ပါ။ နေပြည်တော်ကို ပို့တဲ့ ဘဏ္ဍာတွေလဲ မကြာခဏ အလုခံရတာ သူတို့လက်ချက်မှန်းသိလို့ လာရောက် စုံစမ်း ဖော်ထုတ်ဖို့ လာတာပါ'

'ညီမက မေဟွားနဲ့ တူလို့လား'

'မတူဘူး။ ညီမက အရုပ်ဆိုးတယ်'

'အစ်ကိုကလဲ အရုပ်ဆိုးတယ်'

မေဟွား မျက်နှာအတုကို ချွတ်လိုက်ရာ အလွန် လှပချောမော သော မျက်နှာကလေး ထွက်ပေါ်လာလေသည်။

'ညီမနာမည် ချင်းမိုမိုပါ အစ်ကို'

'ညီမလောက် ချစ်စရာကောင်းတဲ့ မိန်းကလေး မရှိတော့ ဘူးကွာ'

ကောင်းလျှံ ပြောရင်း ချင်းမိုမိုအား ဖက်ထားလိုက်လေသည်။

(ပြီးပါပြီ)

စာရှုသူများ အားလုံး ရွှင်လန်းချမ်းမြေ့ကြပါစေ။

အောင်ရဲလင်း

မင်းစာပေ

BURMESE CLASSIC .com

www.burmeseclassic.com